# ရွှေကျောင်းပျော်

## ဟာသရသပုံဝတ္ထုများ

၅

တင်အောင်ထွန်း ၊ သုတေသန ၊



ဒုတိယအကြိမ်

ရွှေကျောင်းပျော် ဟာသရသပုံဝတ္ထုများ ( ၅ ) တင်အောင်ထွန်း ၊ သုတေသန ၊

# ရွှေကျောင်းပျော်

# ဟာသရသပုံဝတ္ထုများ

## [ ၅ ]

**တင်အောင်ထွန်း**

[ သုတေသန ]



ရွှေကျောင်းပျော်စာစဉ်

ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး။ |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး။ |
| အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး | ဒို့အရေး။ |

ရွှေကျောင်းပျော် ဟာသရသပုံဝတ္ထုများ ( ၅ )
စာမူခွင့်ပြုချက်အမှတ် ၅၀၁၂၃၆၀၅၀၉
မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၅၀၁၃၇၇၀၅၁၁

ဒုတိယအကြိမ်ပုံနှိပ်ခြင်း
၂၀၁၃-ခုနှစ်၊ စောင်ရေ ၁၀၀၀
တန်ဖိုး - ၅၀၀ -ကျပ်

ထုတ်ဝေသူ
ဒေါက်တာဌေးဌေးဝင်း (ယာယီ-၈၀၇)
၈၅၊အနော်မာအရှေ့ ၁ လမ်း၊ သာကေတ၊ရန်ကုန်မြို့။

အဖုံးအတွင်း ပုံနှိပ်သူ
ဦးဝင့်ဗိုလ်ဗိုလ်(၈၇၁၆)
နန်းသဇင်ပုံနှိပ်တိုက်၊ ၁၉၄၊ ၃၉-လမ်း၊ ကျောက်တံတား၊ ရန်ကုန်မြို့။

ဖြန့်ချိရေး
ရွှေကျောင်းပျော်စာပေ
၈၅၊ အနော်မာအရှေ့ ၁ လမ်း၊ သာကေတ၊ ရန်ကုန်မြို့။
ကုဏ္ဍာသယ စာအုပ်ဆိုင်၊ ဖုန်း - ၀၉ ၇၃၀ ၂၀၆၂၇
သစ္စာမဏ္ဍိုင်စာအုပ်ဆိုင်၊ ဖုန်း - ၀၉ ၅၁ ၂၅၂၈၅
ရွှေတိဂုံဘုရားတောင်ဖက်မုခ်ဈေးတော်ရုံ
ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။



# ရွှေကျောင်းပျော် ဟာသရသပုံဝတ္ထုများ(၅)


# မာတိကာ


| အကြောင်းအရာ | စာမျက်နှာ |
| --- | --- |
| ဇာတ်နိပါတ်တော် | [၀] |
| ဇာတိကယ်ပေလို့ | ၁ |
| ကာယကံပါသော ဘုန်းကြီးပင့် | ၄ |
| ကျောင်းသားကျင့်ကျောင်းသားကြံအနှံခံရ | ၁၃ |
| သားမလိမ္မာ အဖေမီးလောင် | ၁၇ |
| သားရေစားသူများ | ၂၂ |
| မြို့သားနှင့် တောသား | ၂၉ |
| လူပါး ပုလင်းကွဲရှ | ၃၂ |
| အသည်းကွဲချင်လှသူ | ၃၈ |
| အသက်အသည်းထက် ခက်ခဲသောအရာ | ၄၁ |
| မြွေပွေးပိုးထိ | ၄၅ |
| ပုဇွန်ကြံတတ် ဗျိုင်းလည်ပြတ် | ၄၉ |
| လူရှုံးတဲ့မျောက် | ၅၅ |
| မျောက်မူးလဲအား ဥယျာဉ်စောင့်ခန့် | ၆၂ |
| ကျောပူပဲ ခံမည် | ၆၅ |
| ဆိတ်ချေး ပြည်ဝက် | ၇၂ |

# မာတိကာ

**အကြောင်းအရာ** **စာမျက်နှာ**


ဖူးစာပါ အနာပျောက် ၇၆
အကြိုက်ချင်းမတူ ၈၀
ဇံရွေးလွန်းသူ ၈၃
ကန်တော့ဆွမ်းလောင်း၍ မရသောကိုယ်တော် ၈၈
မြေခွေးအကြံ ပုဏ္ဏားခံ ၉၁
နီးနေပြီဗျ ၉၆
နွားလိမ္မာ ဆဲတာမကြိုက် ၁၀၀
ဝက်ကြွားညဏ် ၁၀၇
ဘုန်းကြီးလက်စွဲကျော် ငမော် ၁၁၃
လေသံဖြင့် မြေလှန်ရှက်တိုက်သူများ ၁၁၇
ဦးပဥ္စင်းဖိုးရှုတ် ၁၂၁
မောင်သက်ရှည် အသက် ၂၄-နှစ် ၁၂၄
မောင်ရှင်နှစ်ပါး ၁၃၀



# ဇာတ်နိပါတ်တော်

၊သို့မဟုတ်၊

ထာဝစဉ်  ချိုမြမွှေးသင်းနေမည့်

ဗုဒ္ဓယဉ်ကျေးမှုအမွေ

သမိုင်းမတင်မီ ကာလများကို ဖြတ်ကျော်ပြီးနောက် မြန်မာတိုင်းရင်းသား မျိုးနွယ်စုတို့သည် ယဉ်ကျေးမှုကာလဦး တွင်ပင် ဗုဒ္ဓဘုရားရှင်၏ အရောင်အလင်းကို ဖူးမြင်နိုင်ခဲ့ကြ ပါ၏။ တိမ်နီရောင် အနောက်ပိုင်းကောင်းကင် လေပြည်တွင် ပါရှိလာသည့် ဗုဒ္ဓဘုရားရှင်၏ အဆုံးအမ သာသနာတည်း ဟူသော မွှေးရနံ့ကို ဦးဦးဆုံး ရှိုက်ရှူသင်းထုံ မိခဲ့ကြပါ၏။ နုသစ်ဖြူစင်သော နှလုံးသည်းပွတ်တွင် ချိုမြစွာ ခံစားစွဲပိုက်မိ ခဲ့ကြပါ၏။

သို့လျှင် စိတ်နေစိတ်ထား ရိုးသား၍ အေးချမ်းခြင်း၊ သူတစ်ဖက်သားအပေါ် အားနာတတ်၍ ရောင့်ရဲလွယ်ခြင်း၊ အကျိတ်အခဲကြေလွယ်၍ ဟာသဓာတ်ခံအပြုံး ချိုမြခြင်းတို့ဖြင့် မြန်မာမျိုးနွယ်စုတို့၏ ဓလေ့စရိုက် သွင်ပြင်လက္ခဏာသည် ဗုဒ္ဓယဉ်ကျေးမှုကို အခြေခံ၍ ဆင့်ဆင့်တက် မြင့်မားကြွယ်ဝ ခဲ့ကြပါသည်။

[ဃ] ❀ ဇာတ်နိပါတ်တော်

ဗုဒ္ဓဘာသာ မြန်မာမိဘနှစ်ပါးမှ ဆင်းသက်လာသော သားနှင့်သမီး အနွယ်အဆက်တို့သည် မွေးဖွားသည့် နေ့ကစ၍ ဗုဒ္ဓ၏အဆုံးအမ သာသနာအတွင်း သွတ်သွင်းပြီး ဖြစ်ကြပါသည်။

လူသားဘဝကို ရရှိခဲ့ပြီး ဖွားမြင်မြောက်မှု ဝိဇာတ မင်္ဂလာကို အစချီ၍ ဘဝတွင် လောကီမင်္ဂလာ ၁၂-ပါးနှင့် ပြည့်စုံကြရပါသည်။ သားငယ်သမီးငယ် စကားပြောတတ်စ အရွယ်တွင် မိဘဘိုးဘွားတို့က ဩကာသဘုရားရှိခိုး၊ ဆွမ်းကပ်၊ ရေချမ်းကပ်၊ ဆီမီးကပ်၊ ပန်းကပ်တို့ကို သင်ပေးကာ ဗုဒ္ဓဘာသာအမွေကို ဖူးကင်းငုံ၍ ပေးကြပါသည်။ ကျောင်း နေတော့ သုံးဆယ့်ရှစ်ဖြာမင်္ဂလာ ဗုဒ္ဓဘာသာသင်ခန်းစာကို သင်ယူ၍ ရဟန်းသံဃာမြင်လျှင် ရှိခိုးကန်တော့ရပုံ၊ ဆရာ သမား၊ လူကြီးမိဘတို့ ရှေ့တွင် ကိုယ်ကိုရို့၍ ရိုသေကိုင်းရှိုင်း ရပုံ၊ လူမိုက်ကိုရှောင်ကြဉ်၍ လူလိမ္မာကို ပေါင်းသင်းရပုံ စသည်တို့ကို လက်တွေ့ကျင့်သုံးခဲ့ကြရပါသည်။

ကျောင်းကထွက်၍ အရပ်ထဲ၌ လူပျိုပေါက်အပျို ပေါက် ကာလသား ကာလသမီးအရွယ် မြန်မာလူမျိုးတို့ အထွတ်အမြတ်ထားကြသော ဆယ့်နှစ်လရာသီ ဘာသာ ရေးပွဲတော်များ၊ ဘုရားပွဲကျောင်းပွဲ၊ အလှူပွဲများတွင်

ရပ်ရွာဓလေ့အရ ဝိုင်းကြဝန်းကြ စိတ်ဝမ်းအတူ ရွက်ဆောင်ကြရင်း လုလင်ပျိုလုံမပျိုတို့၏ ချစ်မှုရေးရာ ရင်းနှီး ကျွမ်းဝင်မှုလူငယ်တို့သဘာဝသည်ပင် ဘာသာယဉ်ကျေးမှုပုံရိပ်နှင့် မကင်းခဲ့ကြပေ။ လူလတ်ပိုင်း လူကြီးပိုင်းအရွယ် သမ္မာအာဇီဝ ဖြင့်သားမယားတို့အား လုပ်ကျွေးမွေးမြူကာ စီးပွားရှာဖွေရင်းကုသိုလ်ကောင်းမှုမျိုးစုံ ဖြည့်ဆည်းကြရသည်။ နေ့စဉ် ဘုရားဝတ်တက်ခြင်း၊ ဘုန်းကြီးရဟန်းအား ဆွမ်းလောင်း လှူခြင်း၊ သားမြေးတူ တို့အား ရှင်ပြုရဟန်းခံခြင်း၊ ကျောင်းကန်ဘုရားဆောက်လုပ်လှူဒါန်းခြင်း၊ သီတင်းသီလဆောက်တည်ခြင်းနှင့် ရိပ်သာဝင်၍ ဝိပဿနာအားထုတ်ခြင်း စသည်ဖြင့် ဒါနမှုသီလမှု ဘာဝနာမှုတို့ကို ရတန်သမျှ ရနိုင်သလောက် တည်ငြိမ်စွာ ပြုဆောင်ကြ၍ ဘာသာယုံကြည်မှု၌ ပိုမိုလေးနက်ကြရပါသည်။

ဘဝနှောင်းပိုင်း သေဖို့ရာနီးကပ်ချိန်ကား ဗုဒ္ဓဘာသာဝင်တစ်ဦးအဖို့ အရေးအကြီးဆုံးကာလ သတ်မှတ် ရပါတော့သည်။ သတ္တဝါတစ်ဦး၏ ဘဝအစဉ်အတန်းခေါ် သံသရာအယူအဆတွင် ဘဝကူးချိန်ကောင်းမွန်ဖို့ရာသည် ဒီဘဝအဖို့နောက်ဆုံးသော လူသားဆန္ဒတစ်ခု ဖြစ်ပါသည်။ ထိုဆန္ဒကိုဖြည့်ဆည်းပေးရန်မှာ ဘာသာမှုကဏ္ဍသည်သာ တမလွန်

အတွက် အားကိုးရာဖြစ်တော့သည်။ ဘုန်းကြီးရဟန်းပင့်၍ ဟောကြားသော တရားဓမ္မဖြင့် ဒီဘဝ သံယောဇဉ်ကို ဖြတ်ကြရသည်။ ကုသိုလ်ကောင်းမှုကို ကိုယ်ထိလက်ရောက် သာဟတ္ထိကမပြုနိုင်တော့ရာ ပြုပြီးကုသိုလ်ကောင်းမှုကို ပြန်လည်အောက်မေ့ခြင်း ဘာဝနာဖြင့် နှလုံးသွင်းကောင်းနိုင်အောင် အားထုတ်ကြရသည်။

သို့လျှင် ဗုဒ္ဓဘာသာ မြန်မာလူမျိုးတစ်ဦး၏ လူ့ဘဝ တစ်လျှောက် အရွယ်အပိုင်းအခြားအလိုက် တာဝန်အပိုင်းအခြားအလိုက် ဘာသာတရားဆက်စပ်မှု အားလုံးသည် ဗုဒ္ဓဘုရားရှင်၏အဆုံးအမတို့၌ ပကတိဘဝနှင့် နှီးနွှယ်လျက်ရှိပြီး အနွယ်အဆက်၏ ယဉ်ကျေးမှုအလျင်သည် လူမျိုး၏ သက်တန်းနှင့်အတူ စီးဆင်းနေရစ်မည်သာ ဖြစ်ပါသည်။

ငယ်စဉ်က ရွာဦး ဘုန်းတော်ကြီးကျောင်းတွင် သင်ကြားဖတ်မှတ်ခဲ့ရသော ဇိနတ္ထပကာသနီ၊ ငါးရာငါးဆယ် ဇာတ်ဝတ္ထု၊ ဇာတ်တော်ကြီးဆယ်ဘွဲ့ စာများထဲက ဇာတ်လမ်း ဇာတ်ကွက် ဇာတ်ကောင်တို့၏ စရိုက်လက္ခဏာများက နုနယ်သော နှလုံးသည်းပွတ်တွင် စွဲထင်ခဲ့ကြသဖြင့် ရင်မှာ တစ်သက်တာ ပျောက်ပြယ်နိုင်စရာ မရှိခဲ့ပေ။

မြန်မာလူမျိုးတို့၏ ရေ, မြေ မိုးကောင်းကင်အောက်တွင် ပေါ်ပေါက်ဖြစ်ထွန်းခဲ့ပြီး မိဘဘိုးဘွားများ လက်ထက်က သိမီလိုက်သော ဖြစ်ရပ်များ အကြောင်းရပ်များပမာ အောက်မေ့သတိရနေလေသည်။ လူလားမြောက်၍ အငြိမ့်ပွဲ ဇာတ်ပွဲများ၌ နောက်ပိုင်းဇာတ်ကြီးများ ကပြသည်ကို ကြည့်ရှုရသည့် အခါလည်း နိပါတ်တော်လာ ဇာတ်လမ်း ဇာတ်ကွက် ဇာတ်ကောင်စရိုက်တို့မှာ ခေတ်ပေါ် မြန်မာ့ ဇာတ်ဟန် နှောလျက် ရင်ထဲ၌ လှိုက်စွဲစေခဲ့ပြန်ပါသည်။

ရင်မှာ အဘယ် မစွဲငြိဘဲ နေနိုင်ကြပါမည်နည်း။

နိပါတ်တော်လာ ဇာတ်ဝတ္ထုတို့၏ နောက်ခံအကြောင်း အရာ၊ ဇာတ်လမ်းကျောရိုး၊ ဇာတ်ကောင်တို့၏ စရိုက်လက္ခဏာ စိတ်နေစိတ်ထားနှင့် ဇာတ်ဝတ္ထု၏ ဦးတည်ရည်ရွယ်ချက် အားလုံးသည် ဗုဒ္ဓဘာသာ မြန်မာလူမျိုးတို့၏ ယဉ်ကျေးမှုဓလေ့ စရိုက် လက္ခဏာတို့နှင့် တစ်ထပ်တည်းကျလျက် ခွဲခြားမရသော ကြောင့် ဖြစ်ပါသည်။

ခေတ်တွေ စနစ်တွေ ယဉ်ကျေးမှုတွေ မည်မျှ တိုးတက် ပြောင်းလဲလာပါစေ၊ မြန်မာလူမျိုးတို့အဖို့ ယဉ်ကျေးမှု အမြုတေ စီးဆင်းရာ နိပါတ်တော်လာ ဇာတ်ဝတ္ထုများအား ပျောက်ပျက် မေ့ပြယ်နိုင်ကြမည် မဟုတ်ပါ။ခေတ်စနစ် အတက်အကျအလိုက်

လူတစ်ဦးစီ၏ သက်တမ်းအလိုက် သုတကြွယ်ဝမှု အနုအရင့်အလိုက် အသစ်အသစ် အာရုံ အနုပညာရသစုံဖြင့် ရေးဖွဲ့ပြုစုသရုပ်ဖော်ကြသည်ကို တွေ့သိခံစားစွဲငြိကြလျက် ချစ်ခင်နှစ်သက်မြတ်နိုး နေကြမည်သာ ဖြစ်ပါသည်။

စင်စစ် နိပါတ်တော်လာ ဇာတ်နိပါတ်ဝတ္ထုများသည် ဗုဒ္ဓဘာသာ မြန်မာလူမျိုးတို့နှင့်အတူ အစဉ်ထာဝရ တည်ရှိနေမည်ဖြစ်ပြီး ကမ္ဘာတည်သရွေ့ ဆင့်ဆင့်ဆက်ဆက် ချိုမြ မွှေးသင်းနေသည်သာ ဖြစ်ပါသတည်း။

တင်အောင်ထွန်း [သုတေသန]



# ဇာတိကယ်ပေလို့

လူဒါယကာတစ်ဦးသည် ပါဠိတက္ကသိုလ်စာသင်ကျောင်းတိုက်ကြီးတစ်ခုသို့ ဝင်လာပြီး ကျောင်းတိုက်အတွင်း တံမြက်လှည်းနေသော ဦးပဉ္စင်းတစ်ပါးအား မေးလျှောက်သည်။

"ဦးပဉ္စင်းဘုရား ဦးကုသလများ ရှိပါသလားဘုရား"

ဦးပဉ္စင်းက 'ရှိတယ် ဒကာကြီး၊ အဲဒီ သိမ်ကျောင်းပေါ် တက်သွား'ဟု လမ်းညွှန်သဖြင့် ဒါယကာသည် သိမ်ကျောင်းပေါ်သို့ တက်လာသည်။ စာအုပ်ကို လက်ကကိုင်၍ စင်္ကြံသွားရင်း စာအံနေသော ဦးပဉ္စင်းအား တွေ့၍ ဒါယကာသည် မေးလျှောက်ရပြန်၏။

"ဦးကုသလ ရှိပါသလား ဘုရား"

ထိုဦးပဉ္စင်းက စာအံရပ်၍ မျက်မှောင်ကြုတ်ကာ ဒါယကာအား ကြည့်သည်။

"ကျုပ်ပဲ ဒကာကြီး၊ ဘာကိစ္စလဲ"

ဒါယကာက ခေါင်းရမ်းပြ၍ ဆက်လျှောက်သည်။

"မဟုတ်ဘူးဘုရား၊ ဟို. . ဦးကုသလက အရပ်ရှည်ရှည်နဲ့ ဘုရား"

ဦးပဥ္စင်းက တစ်ချက်ပြုံးလိုက်ပြီး ဘာမှမပြောတော့ဘဲ ဒါယကာအား ကျောင်းထဲသို့ လက်ဆွဲ၍ ခေါ်သွားသည်။ ဒီတစ်ခါတော့ သူတွေ့ချင်သည့် ဦးကုသလအား တွေ့ရလောက်ပြီဟု ဒါယကာလည်း ဦးပဥ္စင်းခေါ်ရာနောက်သို့ လိုက်ပါခဲ့သည်။

လက်ဆွဲ၍ခေါ်လာသော ဦးပဥ္စင်းက ကျောင်းခန်းတွင်း ဝမ်းလျားမှောက် စာကျက်နေသော ဦးပဥ္စင်းတစ်ပါးနှင့် ဒါယကာအား တွေ့ပေးသည်။ ထိုပဥ္စင်းမှာ အရပ်တော့ ရှည်ပါ၏။ သို့သော် ဒါယကာ တွေ့ချင်သော ဦးကုသလကား မဟုတ်ပေ။

"မဟုတ်ဘူးဘုရား။ အရှင်ဘုရားလဲမဟုတ်ဘူး"

ဦးပဥ္စင်းများက ဒါယကာအား ဝိုင်းမေးကြသည်။

"နေပါဦး၊ ဒကာကြီးတွေ့ချင်တဲ့ ဦးကုသလက ဘယ်ဇာတိလဲ"

"ဟသ်ာတမြို့ ခမ္ဘီတိုက်နယ် ဥသျှစ်ကုန်းရွာကပါ ဘုရား"

"ဟုတ်ပြီ . . ဟုတ်ပြီ၊ အဲဒီလိုပြောမှပေါ့ ဒကာကြီးရဲ့။ ဒီကျောင်းတိုက်ထဲမှာ သံဃာသုံးရာကျော်ကြီးထဲ ဦးကုသလ တွေကများတော့ ဇာတိထည့်ပြောမှ ရှာလို့ရမှာပေါ့'

ဒါယကာသည် ဦးပဥ္စင်းအား အားနာစွာဖြင့် ပျာပျာ သလဲလျှောက်၍ တောင်းပန်ရှာသည်။

"မှန်ပါ သည်းခံတော်မူပါဘုရား။ တပည့်တော်ကလဲ ဦးကုသလရဲ့ ဇာတိထည့်မပြောမိတော့ စူဠပန်မထေရ်ကို ဆွမ်းစားသွားပင့်ရတဲ့ ဒကာလို ဖြစ်သွားတာပေါ့ ဘုရား"

"ဟုတ်တယ် ဟုတ်တယ် . . ဟား ဟား"

ဦးပဥ္စင်းများက ရယ်မောရင်း ဒါယကာအား ဆွမ်းစား ကျောင်းပေါ်တွင် သီတင်းသုံးနေသော ဦးကုသလ (ဥသျှစ် ကုန်း) ၏ အခန်းသို့ ဆိုက်ဆိုက်မြိုက်မြိုက် လိုက်ပို့လိုက်ကြပေ ၏။ သံဃာနှစ်ရာ သုံးရာ ငါးရာ ရှိသော စာသင်တိုက်ကြီးများ တွင် ဘွဲ့တူအများအပြား ရှိနိုင်သည်ကို ယခုမှ ဒါယကာ သဘောပေါက်သွား ခဲ့ပေ၏။ ဝ

◆◆◆

# ကာယကံပါသော ဘုန်းကြီးပင့်

ဘုရားရှင်လက်ထက်တော်က မဟာပန္ထက (မဟာပန်) နှင့်စူဠပန္ထက(စူဠပန်)ဟူ၍ ညီအစ်ကို နှစ်ယောက်ရှိကြလေ၏။ နှစ်ဦးစလုံး လမ်းခရီးအကြား၌ မွေးဖွားကြသဖြင့် မောင်လမ်းဖွား(အကြီး) ဟူ၍လည်းကောင်း၊ မောင်လမ်းဖွား(အငယ်)ဟုလည်းကောင်း နာမည်တော်ရကြခြင်း ဖြစ်သည်။ ညီအကို နှစ်ယောက်တို့ လူမမယ်ဘဝမှာပင် မိဘများကွယ်လွန်ကြသဖြင့် ဘိုးအေဘွားအေတို့၏ လက်ပေါ်၌ ကြီးပြင်းခဲ့ရရှာ၏။

နောင်တော်ဖြစ်သူ မဟာပန်သည် မြတ်စွာဘုရား၏ တရားပွဲများသို့ ဘိုးအေနှင့်အတူ လိုက်ပါသွားရာမှ ရှေးရှေးဘဝပါရမီဓာတ်ခံ လှုံ့ဆော်သဖြင့် တရားသံဝေဂရပြီး သာသနာတော်သို့ ဝင်ရောက်ခဲ့၏။ ရှင်သာမဏေဘဝတွင် တရားတော်များ သင်ယူခဲ့ပြီး အသက်နှစ်ဆယ်ပြည့်သောအခါ ရဟန်းပြု၍ လောကုတ္တရာအကျင့်မြတ်ကို ကျင့်ပွားရ၍ နေလေသည်။

လောကုတ္တရာ ရဟန်းချမ်းသာကို ရရှိခံစား ပြီးသော နောင်တော်မဟာပန်သည် ညီငယ် စူဠပန်အား သူကဲ့သို့

ရရှိခံစားစေလိုသဖြင့် ဘိုးအေ ဘွားအေထံ ခွင့်ပန်၍ သာသနာ့ဘောင်သို့ သွတ်သွင်းပေးရှာလေသည်။ သို့သော်လည်း သာမဏေဘဝမှ မြင့်မြတ်သောရဟန်းအဖြစ်သို့ ရောက်ပြီးသည့်အထိ စူဠပန်ရဟန်းငယ်သည် စာပေမတတ်မြောက်ဘဲ ရှိသည်။ ရှေးအတိတ်အခါက ဉာဏ်ထုံသူတစ်ဦးအား ပြက်ရယ်ပြုဖူးသော ဝိပါက်ကြောင့် ဘဝသံသရာတစ်လျှောက် ဉာဏ်နုံ့နှေးခဲ့ပြီး ယခုဘဝတွင်လည်း လေးပါဒရှိ ပါဠိဂါထာတစ်ပုဒ်ကို တစ်ဝါတွင်းလုံး ကျက်အံ၍ မရနိုင်ဘဲရှိလေသည်။

တစ်နေ့တွင် နောင်တော်ဖြစ်သူ အရှင်မဟာပန်မထေရ်က ညီဖြစ်သူ အရှင်စူဠပန်မထေရ်အား ကရုဏာဒေါသော သဘောမျိုးပြုကာ မြည်တွန်တောက်တီးမိလေသည်။

“ငါ့ညီသည် ဒီဂါထာလေးကိုပင် တစ်ဝါတွင်းလုံး ကျက်အံလို့မရနိုင်လျှင် မဂ်ဖိုလ်ကို ဘယ်လိုလုပ်ရနိုင်တော့မှာလဲ၊ မထူးမယ့်အတူတူ သွားပေရော့၊ လူအဖြစ်နဲ့သာ နေပေတော့ ငါ့ညီ”

စာကျက်မရသဖြင့် စိတ်ညစ်ညူးရသည့်အထဲ နောင်တော်ဖြစ်သူကပါ နှင်ထုတ်သကဲ့သို့ ပြုမူပြီဖြစ်၍ အရှင်စူဠပန်မထေရ်၏စိတ်တွင် အကြီးအကျယ်ပင် အားလျော့သွားရှာသည်။ နောက်နေ့တွင် ဒါယကာတစ်ဦး၏ ဆွမ်းကပ်အလှူရှိနေသည်။ ထိုဆွမ်းကပ်အလှူသို့ ဘုရားအမှူးရှိသော ရဟန်း

F.2A

ငါးရာတို့အား ပင့်ဖိတ်ထားသဖြင့် သံဃာကုန် ဆွမ်းစားကြွရမည်ဖြစ်သည်။ ဆွမ်းညွှန်တာဝန်ကျနေသော အရှင်မဟာပန်သည် နောက်နေ့တွင် လူထွက်ရန်အကြံရှိသူ အရှင်စူဠပန်အား သံဃာငါးရာစာရင်းမှ ယုတ်လျော့ထားသည်။

အရှင်စူဠပန်မထေရ်သည် ထိုအကြောင်းကို သိရှိသော် ငါ၏နောင်တော်သည် ငါ့အား အမှန်ပင်စိတ်ပျက်သွားရှာပြီဟု နှလုံးမသာယာလှဘဲ စိတ်ကို တုံးတုံးချလိုက်တော့သည်။ လူထွက်၍ ဒါနစသော ကုသိုလ်ကောင်းမှု ပြုလျက်သာနေတော့မည်ဟု ဆုံးဖြတ်ချက်ချပြီး နံနက်စောစောထကာ နောင်တော်ကြီးအား နှုတ်ဆက်ရှိခိုး၍ ကျောင်းမှထွက်ခဲ့သည်။

ရွှေကောင်းတော်ကိုစွန့်ခွာ၍ ရပ်ရွာဆီသို့ ခြေဦးလှည့်တော့မည်ဟု ကျောင်းပေါက်ဝဆီသို့ ထွက်လာခဲ့သော အရှင်စူဠပန်မထေရ်အဖို့ ကျောင်းအာရာမ်မုခ်ဦးပေါက်၌ သဗ္ဗညုတရွှေဉာဏ်ရှင် ဘုရားသခင်အား တွေ့ရလိမ့်မည်ဟု မမျှော်လင့်ခဲ့ပေ။

ဘုရားရှင်က ကျောင်းမုခ်ပေါက်အနီး စင်္ကြံသွားရင်းမှ ရပ်၍ အရှင်စူဠပန်မထေရ်အား ခေါ်တော်မူသည်။

"ချစ်သားစူဠပန်. . သင် ယခု အဘယ်သို့ သွားမည်နည်း"

F.2B

စူဠပန်မထေရ်ကလည်း ဘုရားရှင်အား ဖူးမြင်ရသည်နှင့် လက်အုပ်ချီနှင့်ပြီး ဖြစ်သည်။

“လျှောက်တင်ဝံ့ပါသည် ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား။ တပည့်တော် စူဠပန်သည် ဂါထာတစ်ပုဒ်ကို တစ်ဝါတွင်းလုံးကျက်မှတ်၍ မရနိုင်သည့်အတွက် တပည့်တော် စိတ်အားလျော့ခဲ့ပါပြီ ဘုရား၊ တပည့်တော်၏ နောင်တော်ကြီး မဟာပန်ကလဲ နှင်ထုတ်နေပါပြီ ဘုရား။ ဒါကြောင့် တပည့်တော်သည် လူ့ဘဝနဲ့ပဲ ဒါနစတဲ့ ကုသိုလ်ကောင်းမှုနဲ့ နေပါတော့မည် ဘုရား”

ဘုရားရှင်က အရှင်စူဠပန်အား ပြန်၍အမိန့်ရှိ၏။

“ချစ်သားစူဠပန်. . . အသင်သည် ငါဘုရားရှင်ထံ၌ ရဟန်းပြုသူ မဟုတ်လော။ သို့ဖြစ်ပါလျက် သင်၏အစ်ကိုက နှင်ထုတ်ရုံနှင့် ငါဘုရားသာသနာတော်မှ ထွက်သွားဖို့ရာ ကြံရန် မသင့်။ အဘယ်ကြောင့် ငါဘုရားထံသို့ လာရောက်မလျှောက် တင်သနည်း။ ချစ်သား စူဠပန်. . . လူထွက်လို့ ဘာအကျိုးထူး မှာတဲ့လဲ။ ယခုပင် ငါဘုရားနောက် လိုက်ခဲ့ချေတော့”

ဘုရားရှင်အား ဖူးတွေ့ရ၍ ဘုရားရှင်၏ အဆုံးအမ ခံရရုံနှင့် အရှင်စူဠပန်အဖို့ ပူပန်မှု၊ နှလုံးမသာယာမှုတို့ ငြိမ်း အေးလေ၏။

ဘုရားရှင် သီတင်းသုံးတော်မူရာ ဂန္ဓကုဋီဦးသို့ ရောက်ရှိသောအခါ ဘုရားရှင်က အရှင်စူဠပန်မထေရ်အား နေရာတစ်ခုတွင် ထိုင်စေပြီး ပုဆိုး(လက်ကိုင်ပဝါ) တစ်ခုပေးသည်။ 'ရဇောဟရဏံ, ရဇောဟရဏံ-မြူကိုဆောင်၏, မြူကိုဆောင်၏'ဟု အရှင်စူဠပန်အား နှုတ်မှရွတ်ဆိုစေပြီး ပေးထားသော လက်ကိုင်ပဝါကို အဆက်မပြတ် လက်ဖြင့်ဆုတ်နယ်စေလေသည်။

မြတ်စွာဘုရား အမိန့်တော်ရှိသည့်အတိုင်း လက်ကိုင်ပဝါကို အဆက်မပြတ် ပွတ်တိုက်၍နေသော အရှင်စူဠပန်အား ဝိပဿနာကမ္မဋ္ဌာန်းတရားသည် အလိုအလျောက် ဖြစ်ပေါ်၍ လာသည်။ အဆက်မပြတ် ပွတ်တိုက်၍နေသော လက်ကိုင်ပဝါ အဖြူသည် ဖြူရော်၍ လာရာမှ တဖြည်းဖြည်း လက်ချေးများဖြင့် ညစ်နွမ်းလာသည်။ ရွေ့လျောခြင်း ဆုတ်ယုတ်ခြင်း ပျက်စီးခြင်းသင်္ခါရသဘောကို ဉာဏ်၌အသိကပ်ကာ ဝိပဿနာတင်၍ ရှုထင်လာသည်။ ရှေးဘဝများစွာက ရှင်ဘုရင်ဖြစ်ခိုက် နဖူးမှ ထွက်လာသောချွေးကို ပုဆိုးဖြူဖြင့် သုတ်စဉ်ခဏ ထင်မြင်ခဲ့ဖူးသော အနိစ္စသညာ ဝိပဿနာဉာဏ် ပဋ္ဌာန်းဆက်က အရှင်စူဠပန်၏ ဉာဏ်တွင် ဆက်စပ်သွားခဲ့ပေသည်။

အရှင်စူဠပန်မထေရ်၏ တရားသဘောရင့်မှည့်ချိန်ကို သိတော်မူသည့် ဗုဒ္ဓဘုရားရှင်သည် ကြောင်းကျိုးဆက်စပ်၍ တရားကို ဟောတော်မူ၍ အရှင်စူဠပန်မထေရ်အား ထားခဲ့ပြီး ရဟန်းသံဃာများနှင့်အတူ ဆွမ်းကပ်အလှူသို့ ကြွတော်မူခဲ့ပေသည်။ မြတ်စွာဘုရားရှင်ထံမှ ကမ္မဋ္ဌာန်းတရားအထူးကို နာကြားခဲ့ရသော အရှင်စူဠပန်အဖို့ မြတ်စွာဘုရား ကြွသွားတော်မူ၍ မကြာမြင့်မီပင် ပဋိသမ္ဘိဒါ နှင့်တကွ အရဟတ္တဖိုလ်သို့ ဆိုက်ရောက်ပြီး ပိဋကတ်သုံးပုံတို့သည် အလိုလို တတ်မြောက်ပြီးဖြစ်တော့လေသည်။

အရှင်စူဠပန်မထေရ်၏ ရဟန္တာဖြစ်ပြီးသည်ကို သိရှိတော်မူသော ဘုရားရှင်သည် ဆွမ်းကပ်အလှူအိမ်တွင် ဆွမ်းကပ်ခါနီးသော် 'ကျောင်းမှာ သံဃာကျန်ခဲ့သေးသည် မဟုတ်လော' ဟု မေးမြန်းတော်မူသည်။

အရှင်စူဠပန်၏ နောင်တော်ဖြစ်သူ အရှင်မဟာပန်မထေရ်မှာ ဆွမ်းညွှန်တာဝန်ကျပုဂ္ဂိုလ် ဖြစ်သည့်အလျောက် မြတ်စွာဘုရား မေးမြန်းတော်မူသည်ကို ပြန်ကြားလျှောက်ထားရန် တာဝန်ရှိလေသည်။ ဆွမ်းစားကြွတော်မူကြသည့် ရဟန်းငါးရာတွင် ညီတော်အရှင်စူဠပန်မထေရ် မပါသည်ကို အရှင်မဟာပန်သိ၏။ သို့သော် သူ့ညီမှာ နံနက်ကပင် ကျောင်းမှထွက်သွား၍ ယခုအချိန်လောက်တွင် အရပ်ထဲ၌ လူဝတ်လဲပြီး

လောက်ပြီဟု တွက်ချက်ကာ မြတ်စွာဘုရားအား ပြန်လည် လျှောက်ကြားသည်။

"ဘုန်းတော်ကြီးမြတ်တော်မူသော မြတ်စွာဘုရား၊ ကျောင်းတွင် သံဃာမကျန်တော့ပါဘုရား"

ဘုရားရှင်က အရှင်မဟာပန်၏ လျှောက်ထား ခြင်းကို လက်ခံတော်မမူပေ။ 'ကျောင်းတွင် သံဃာကျန်နေသေးသည်' ဟု ထပ်မံ၍ အမိန့်ရှိပြန်လေသည်။ မြတ်စွာဘုရားတို့ မည်သည် အကြောင်းအဆက်အစပ်မရှိဘဲ နှစ်ခွန်းသောစကားကို ထပ်မံ၍ ဆိုမည်မဟုတ်ပေ။

ဆွမ်းအလှူဒါယကာသည် တပည့်လက်သား တစ်ဦးကို ကျောင်းတွင်ကျန်ရစ်သည့်သံဃာအား သွားရောက်ပင့်ရန် ခြေမြန်တော် လွှတ်လိုက်သည်။ ကျောင်းသို့ သံဃာလက်ကျန် ပင့်ရန် ရောက်လာသူ လူရွယ်ဒါယကာမှာ ကျောင်းရောက်သော် အံ့အားသင့်ရတော့သည်။ ကျောင်းတွင် သံဃာကျန်သည်ဆို လျှင် တစ်ပါးနှစ်ပါးသာ ကျန်ရစ်မည်ဟု မှတ်ထင်ပြီး လာခဲ့ သည်။ ယခုတွေ့ရသည်မှာ တစ်ကျောင်းလုံး ရဟန်းသံဃာများ ဖြင့် ပြည့်နှက်နေပြီး တစ်ချို့သင်္ကန်းချုပ်နေကြသည်။ တစ်ချို့ သင်္ကန်းဆိုးနေကြသည်။ တစ်ချို့ရွတ်ဖတ်သရဇ္ဈာယ်နေကြ သည်။ အမှန်စင်စစ် အရှင်စူဠပန်မထေရ်သည် အဘိညာဉ် တန်ခိုးဖြင့် ရဟန်းများစွာ ဖန်ဆင်းထားခြင်းဖြစ်ပေသည်။

လူရွယ်ဒါယကာသည် အဘယ်သို့ပြုရမှန်း မသိတော့ဘဲအလှူဒါယကာထံ ပြန်ပြေးလာခဲ့ပြီး အကျိုးအကြောင်းပြောပြသည်။ အလှူဒါယကာလည်း မိမိချက်ပြုတ်စီစဉ်ထားသည်နှင့်လွဲကုန်ပြီဟု စိုးရိမ်ကာ မြတ်စွာဘုရားအား သွားရောက်လျှောက်ထားသည်။ ဘုရားရှင်က လူရွယ် ဒါယကာအားကျောင်းသို့ ပြန်လွှတ်စေပြီး 'အရှင်စူဠပန်မထေရ်အား မြတ်စွာဘုရား ခေါ်တော်မူပါသည် ဘုရား'ဟု လျှောက်ထား၍ ပင့်လာရန် မှာကြားလိုက်သည်။

လူရွယ်ဒါယကာသည် ကျောင်းသို့တစ်ဖန် ပြေးပြန်၏။ ဘုရားရှင်အမိန့်တော်ရှိ မှာကြားသည့်အတိုင်း ရဟန်းတော်များအား လျှောက်ကြားသည်။ ထိုအခါ အနီးရှိ ရဟန်းတော်တိုင်းက 'ငါသည် စူဠပန်တည်း'ဟု တစ်ပုံစံတည်း ပြောကြလေသည်။ ဘယ်ရဟန်းအား မေးမေး ထိုသို့စူဠပန်မထေရ်ချည်းဖြစ်နေသဖြင့် လူရွယ်ဒါယကာအဖို့ စိတ်အိုက်ရပြန်သည်။ ဆွမ်းဒါယကာအိမ်သို့ တစ်ဖန်ပြေးလာခဲ့ပြီး မြတ်စွာဘုရားအား လျှောက်ထားလေလျှင် မြတ်စွာဘုရားရှင်က အနီးကပ်ဆုံးတွေ့ရသည့် ရဟန်းအား လက်ကိုဆွဲ၍ပင့်ခဲ့ရန် လူရွယ်ဒါယကာအား မှာကြား၍ လွှတ်လိုက်ပြန်သည်။

ကျောင်းသို့ ရောက်သော် လူရွှယ်ဒါယကာသည် မြတ်စွာဘုရားရှင် မိန့်တော်မူသည့်အတိုင်း အဦးဆုံးတွေ့ရသည့် ရဟန်းတစ်ပါးအား လက်ကိုဆွဲကိုင်၍ 'စူဠပန်မထေရ်အား ဘုရားရှင် ခေါ်တော်မူပါသည် ဘုရား'ဟု လျှောက်သည်။ ထိုအခါတွင်မှ အဘိညာဉ်ဖြင့် ဖန်ဆင်းထားခဲ့သော ကျန်ရဟန်းတော်များ တစ်ပြိုင်နက်တည်း ပျောက်ကွယ်သွားကြပြီး တစ်ပါးတည်းသော အရှင်စူဠပန်အား ဆွမ်းကပ်အလှူသို့ လက်ကိုဆွဲ၍ ကာယကံမြောက် ပင့်ခေါ်နိုင်ခဲ့လေသတည်း။

(၃။ အပဏ္ဏကဝဂ်၊ စူဠသေဋ္ဌိဇာတ်။)



## ကျောင်းသားကျင့် ကျောင်းသားကြံ
## အနှံခံရ

ဘုန်းကြီးကျောင်းသားလုပ်လျှင် လျှင်ရ၏။

လျှင်သူနှင့် မလျင်သူ ကွာခြား၏။ ဘုန်းတော်ကြီးက ဘုရားဆွမ်းတော်စွန့်ခြင်းနှင့် ထွေးခံဆေးခြင်း အလုပ်နှစ်ခုကို တစ်ပြိုင်တည်း ခိုင်း၏။ လျင်သူကျောင်းသားက ဦးစွာပြေး၍ ဘုရားဆွမ်းတော်စွန့်သည်။ မလျင်သူမှာ ထွေးခံဆေးရလေသည်။ ဘုရားဆွမ်းတော်စွန့်သူက ဘုရားစင်မှ ဘုရားဆွမ်းတော်ပွဲကို ယူ၍ ကျေးငှက်တိရစ္ဆာန်တို့အား အပေါ်ယံ အနည်းငယ်လောက် စတိစွန့်ကြဲ၍ အကျန်ကို လျင်လျှင် လျင်သလို မိမိပါးစပ်ထဲ ထိုးသွင်းနိုင်၏။ထွေးခံဆေးသူမှာကား ကွမ်းတံတွေး အညစ်အကြေးများကို လက်နှင့်ကိုင်ရပြီး ဆေးကျောပြီးလျှင် ရေစပ်စပ်ထည့်၍ ဘုန်းတော်ကြီးအနီး ပြန်ထားရသည်။ မစင်ကြယ်ပါက ဘုန်းတော်ကြီး အဆူအငေါက်ပင် ခံရနိုင်သေးသည်။

ဘုန်းတော်ကြီးကျောင်းတွင် ဘာမဆို အတွက်ကျဖြစ်၍ ဝေငှကြသည်။ အလုပ်ဆိုလည်း သူ့၏ငန်းတာနှင့်လုပ်ကြသည်။ အစားဆိုလည်း တစ်ဖဲ့တရွဲ့ရရ ဝေငှစားသောက်ကြရသည်။ ထမင်းစားဝိုင်းတွင် အသားဟင်း ငါးဟင်းပါလျှင် ကိုရင်ကြီး ကျောင်းသားကြီးများက တစ်ဖတ်ရရ တစ်ဝက်ရရ ဝေပြီးမှ စားသောက်ကြရသည်။ ကျောင်းသားငယ် များအပေါ် ကျောင်းသားကြီးများက ကြီးနိုင်ငယ်ညှဉ်း မဖြစ်စေရန် သာတူညီမျှစိတ်ရှိစေရန် ဘုန်းတော်ကြီးက အကျင့်စရိုက်စည်းစနစ် ပြုလုပ်ပေးစေကာမူ လျင်သူနှင့် မလျင်သူ နှစ်ဦးတို့၏ အကျိုးမတူပုံကိုကား ဘုန်းတော်ကြီးများလည်း မတတ်နိုင်၊ လက်လျှော့ထားကြရပေသည်။

သို့သော်လည်း လျင်သူက မလျင်သူ(နုံသူ)အပေါ် အခွင့်ကောင်းယူ၍ လူပေါ်လူဇော် လုပ်ခြင်းမျိုးကိုမူ ကြီးသည်အထိ အကျင့်ပါမည်စိုး၍ လေးလေးပင်ပင် ပြုပြင်ပေးကြရလေသည်။ ထိုအပြုအမူ အကျင့်စရိုက်မျိုးသည် အချင်းချင်းစိတ်ဝမ်းကွဲစေပြီး ပျက်စီးကြောင်းဖြစ်၍ မပြုသင့်ကြောင်းရှင်းပြရသည်။ သူစိမ်းမဟုတ်ကြဘဲ အချင်းချင်းအပေါ် ပြုလုပ်မိပါလျှင် သာ၍ဆိုးပြီး ဘူးပေါ်သလိုပေါ်ကာ အရှက်ရလျက် လူ့ဂုဏ်သိက္ခာပါ ထိခိုက်တတ်ကြောင်း ကျောင်းသားကျင့်ကျောင်းသားကြံ ဟူသော စကားမျိုးပြောဆိုခံရပါက ရှက်ဖွယ်ဖြစ်ကြောင်း ဆိုဆုံးမပေးကြရသည်။

တစ်ခါတစ်ခါတွင်မူ ကျောင်းသားကြီးနှင့် ကျောင်းသားငယ်တို့သည် အသက်ချင်းကွာခြားသော်လည်း ပညာဉာဏ်ချင်းတူနေသဖြင့် ကျောင်းသားကြီးက ကျောင်းသားငယ်အပေါ် လှည့်ပတ်မရဘဲ ရှိနေသည်ကို တွေ့ရတတ်၏။ ကျောင်းသားကြီးနှင့် ကျောင်းသားငယ်တို့သည် ဟိုဘက်ရွာတွင် ဆွမ်းအုပ်သွားယူရန် အလှည့်ကျသည်။ ဘုန်းတော်ကြီးမှာလည်း အလှူသို့ ဆွမ်းစားအမီ ကြွသွားသဖြင့် ကျောင်းတွင် ကိုရင်များသာ ကျန်ရစ်ခဲ့သည်။ ဆွမ်းအုပ်ယူ၍ ကျောင်းသို့ပြန်လာစဉ် လမ်း၌ ထမင်းခိုးစားကြရန် ကျောင်းသားကြီးက ကျောင်းသားငယ်အား စတင်ညှိရာမှ နှစ်ဦးသဘောတူခဲ့ကြ၏။

ဆွမ်းဟင်းကလည်း ကြက်သား ဝက်သား ငါး စုံလှသည်။ ကြက်သားဟင်းချိုင့်တစ်ချိုင့်ကို အပျောက်ရိုက် လိုက်လျှင် ရနိုင်သည်။ ထမင်းကတော့ ဆွမ်းသပိတ်အပြည့် ဖြစ်၍ လျော့သွားရုံနှင့် မသိနိုင်။ သို့နှင့် ကျောင်းသား နှစ်ဦး တို့သည် ရွာထိပ်ရေအိုးစင်အနီးတွင် ထမင်းခိုးစားဖြစ်သွားကြပြီး တစ်ယောက်က သပိတ်ဖုံးပက်လက်လှန်၍ စားမည်။ တစ်ယောက်က ကြက်သားချိုင့်နှင့် စားမည်။

ဤတွင် ပြဿနာ စ၏။ ကျောင်းသားကြီးက သူသည် ကြီးသူဖြစ်ရုံမက ဘုန်းတော်ကြီးနားပေါက်သွားလျှင် ဦးစွာ



သားမလိမ္မာ အဖေမီးလောင်

# သားမလိမ္မာ အဖေမီးလောင်

ရှေးအခါက မောင်ဉာဏ်နှင့် မောင်ဉာဏ်ကြီးဟူ၍ နာမည်တူ မိတ်ဆွေနှစ်ဦး ရှိကြလေသည်။

တစ်နေ့တွင် မိတ်ဆွေနှစ်ဦးတို့သည် အချင်းချင်း တိုင်ပင်ကြကာ လှည်းငါးရာတို့နှင့်အတူ ဇနပုဒ်တောရွာများ အနှံ့လှည့်လည်၍ ကုန်ရောင်းကုန်ဝယ် ပြုကြလေသည်။ ကုန်ရောင်း ကုန်ဝယ်ပြီးဆုံး၍ နေရင်းအရပ်သို့ ပြန်လည်ရောက် ရှိပြီး အမြတ်အစွန်း ခွဲဝေမည်ပြုသောအခါ ပြဿနာပေါ်လေ သည်။

ပုထုဇဉ်တို့၏ လောဘမှာလည်း မခက်သား။ ပစ္စည်း ပစ္စယ စည်းစိမ်ဉစ္စာကို မျက်မှောက်တွေ့ရပြီဆိုတော့ လောဘ သဏ္ဍာယက အလိုလို တက်လာသည်။ နာမည်တူ ငယ်ပေါင်း ကြီးဖော် အကျိုးတူ ခရီးသွားဖက်ဖြစ်ပါလျက် မောင်ဉာဏ်ကြီး ကစ၍ ဗွေဖောက်သည်။

"ကျုပ်က ပိုဉာဏ်ထုတ်ခဲ့ရတာဆိုတော့ အမြတ်ကို သုံးပုံပုံ နှစ်ပုံ ကျုပ်ရထိုက်တယ်ဗျို့"

မောင်ဉာဏ်ကလည်း လက်မခံနိုင်ပေ။

“ဒါတော့ မဖြစ်ဘူးဗျာ။ ကျုပ်လဲ ဉာဏ်သာ ခင်ဗျား လောက်မစိုက်ရပေမယ့် ဒါလောက် ဆင်းရဲပင်ပန်းခံထားပြီပဲ။ ခင်ဗျားလိုပဲ ပင်ပန်းတာပဲ”

“မဟုတ်ဘူးလေ၊ ကျုပ်က ခင်ဗျားထက် (ကြီး)တစ်လုံး ပိုပါတယ်၊ မောင်ဉာဏ်ကြီး။ ဒါနဲ့တင် ကျုပ်ပဲ သုံးပုံနှစ်ပုံရထိုက် နေပြီ”

“မဟုတ်ဘူးဗျာ”

သည်လိုနှင့် မောင်ဉာဏ်နှင့် မောင်ဉာဏ်ကြီးတို့နှစ်ဦး အမြတ်ဝေစု မတည့်ကြဘဲ ငြင်းခုံလျက်ရှိကြလေ၏။

မောင်ဉာဏ်ကြီးသည်လည်း ဉာဏ်ကြီးရှင်**ပီသ**ပါ၏။ ဉာဏ်များသည့်အလျောက် တစ်ရက်တာအတွင်း စီမံစရာရှိ သည်တို့ကို စီမံသည်။ နောက်နေ့တွင် ရွာထိပ်ညောင်ပင်ကြီးသို့ မောင်ဉာဏ်အား ခေါ်ဆောင်သွားပြီး သူတို့နှစ်ဦး၏ အမြတ်ဝေစု ကိစ္စကို ညောင်ပင်စောင့် ရုက္ခစိုးနတ်ကြီး၏ အဆုံးအဖြတ်ကို ယူကြမည်ဟု ဆို၏။ မောင်ဉာဏ်လည်း မောင်ဉာဏ်ကြီး၏ အစီအစဉ်ကို မှန်ကန်သည်မှတ်ပြီး သဘောတူ လက်ခံလိုက် သည်။

မောင်ဉာဏ်ကြီးက ဦးဆောင်၍ ညောင်ပင်စောင့် ရုက္ခစိုးနတ်ကြီးအား ပူဇော်ပသမှုပြု၍ မိမိတို့နှစ်ဦး၏ အမြွတ် ဝေစုပြဿနာ အဆုံးအဖြတ်ကို မေးမြန်းလေသည်။

"အရှင်ရုက္ခစိုးနတ်မင်းကြီး အကျွန်ုပ်မှာ မောင်ဉာဏ် ကြီးဖြစ်၍ နောက်တစ်ဦးမှာ မောင်ဉာဏ်ဖြစ်ပါတယ်။ အကျွန်ုပ် တို့နှစ်ဦး အတူတကွ ကုန်ရောင်းကုန်ဝယ် ပြုရာမှာ အကျွန်ုပ် မောင်ဉာဏ်ကြီးက ဉာဏ်ကိုပိုစိုက်ရပြီး မောင်ဉာဏ်က ခွန်အား ပိုစိုက်ရပါတယ်။ ပြဿနာမှာ အမြွတ်ခွဲဝေရမယ့် ပြဿနာဖြစ် ပါတယ်။ အဘယ်သူက အမြွတ်ပိုရထိုက်ပါသလဲ အရှင်ရုက္ခစိုး နတ်မင်းကြီး"

အတန်ငယ်တိတ်ဆိတ်နေပြီးမှ ညောင်ခေါင်းထဲကလို လို အသံတစ်သံပေါ်လာမှ ရုက္ခစိုးနတ်မင်း၏အသံဟု နားစိုက် ထောင်ကြရ၏။

"ဒီကိစ္စမှာ ဉာဏ်အားပိုစိုက်ရတဲ့ မောင်ဉာဏ်ကြီးက ပိုရထိုက်ပေတယ်။ အဘယ့်ကြောင့်ဆိုရင် မောင်ဉာဏ်ကြီး သည် နာမည်မှာပင် မောင်ဉာဏ်ထက် (ကြီး) တစ်လုံးပိုသာနေ တာကိုက အထင်အရှားပေပဲ"

အသံ တိတ်ဆိတ်သွားသော် မောင်ဉာဏ်ကြီးက မောင်ဉာဏ်အား 'ဘယ်နှယ့်ရှိစ'ဟု မျက်နှာအမူအရာဖြင့်ပြသ၏။

မောင်ညာဏ်ကမူ ညောင်ပင်စောင့် ရုက္ခစိုးနတ်မင်း၏ အသံကို ကြားရကတည်းက အံ့ဩနေသည်။ ရုက္ခစိုးနတ်မင်း သာဆိုသည်၊ ပကတိလူသံနှင့် ဘာမှမခြားပါကလားဟု သံသယ မကင်းဖြစ်မိသည်။ စိတ်ထားတစ်မျိုးပြောင်းလာသူ မောင်ညာဏ် ကြီးအပေါ်လည်း မသင်္ကာပေ။

မောင်ညာဏ်သည် မိမိသံသယကို သိပ်စဉ်းစားမနေ တော့ဘဲ ညောင်ပင်အောက်တွင် တွေ့ရသော ကောက်ရိုးများ ကိုစုယူ၍ ညောင်ပင်ပေါ်သို့ လွှားကနဲတက်သွားသည်။ ညောင် ပင်ခွဆုံရောက်သော် ညောင်ခေါင်းထဲသို့ ကောက်ရိုးများ ဆို့သိပ် ၍ ပါလာသော မီးခတ်ကျောက်ဖြင့် မီးခတ်၍ မီးရှို့မြှိုက်လိုက် လေသည်။

အဖြစ်အပျက်မှာ တစ်မုဟုတ်ချင်း မြန်ဆန်သဖြင့် မောင်ညာဏ်ကြီးလည်း မတားလိုက်နိုင်ပေ။ သတိရ၍ နှုတ်မှ ဟိုသည်ပြောရင်း ညောင်ပင်ပေါ်တက်လိုက်သောအခါ မီးရှို့ နေပေ ပြီ။ နွေရာသီဖြစ်၍ မီးမှာ မီးရှို့လိုက်ရုံနှင့် ဟုန်းဆို တောက်နှင့်ပြီ။

ကောက်ရိုးမီးများကို တွန်းဖယ်၍ ညောင်ခေါင်း အတွင်းမှတစ်စုံတစ်ဦးထွက်လာသည်။ ညောင်ပင်စောင့်ရုက္ခစိုး နတ်ကားမဟုတ်။ ဆံပင်များ မီးလောင်ခံရကာ သားအား ဆဲဆို

၍ထွက်လာသူကား မောင်ဉာဏ်ကြီး၏ဖခင်(ဦးဉာဏ်နည်း) ဖြစ်ပါသည်။

ငိုအားထက်ရယ်အားသန်ဆိုသလို ဖြစ်ကြရသည်။

မောင်ဉာဏ်ကြီး၏ ဖခင်ကိုယ်မှ မီးများကို ဝိုင်းဝန်း ငြိမ်းသတ်ကြပြီးနောက် မောင်ဉာဏ်ကြီးနှင့် မောင်ဉာဏ်တို့ သည် ကုန်ရောင်းကုန်ဝယ်မှ ရရှိသော အမြတ်အစွန်းများကို နှစ်ဦးအမျှစီ ခွဲဝေယူကြရန် သဘောတူကြတော့လေသတည်း။

(၉၈။ လိတ္တဝဂ်၊ ကူဋဝါဏိဇ ဇာတ်။)



# သားရေ စားသူများ

ရှာဦးဘုန်းတော်ကြီး ကျောင်းသားများသည် အကြံ အိုက်၍နေကြသည်။

ဘုန်းတော်ကြီး၌ အကျင့်တစ်ခုရှိသည်။ ကျောင်းတွင် မလိုလားအပ်သည့် ကိစ္စတစ်ခု ပေါ်ပေါက်တိုင်း ဘုန်းကြီး ကျောင်းသားများမှာ တစ်ယောက်မကျန် တန်းစီ၍ အရိုက်ခံ ခံနေရခြင်းဖြစ်သည်။ ပစ္စည်းတစ်ခုပျောက်ရှ ပျက်စီးလျှင် ဖြစ်စေ၊ စည်းကမ်းမဲ့ အပြုအမူတစ်ခုခုကို တွေ့မြင်လျှင်ဖြစ်စေ လက်သည်ဖော်မပေးနိုင်ပါက ကိုရင်ကျောင်းသားအားလုံးကို တုံးခေါက်ခေါ်၍ တန်းစီစေပြီး တစ်ယောက်ချင်း ရိုက်တော့ သည်။ တစ်ချို့ဆိုလျှင် ဘာမှန်းမှပင် မသိလိုက်ရှာဘဲ ကြိမ် စကြာဒဏ် မိသွားသည်များလည်း ရှိလေသည်။

ယင်းကိစ္စအတွက် ဘုန်းတော်ကြီးကျောင်းသား ကိုရင် များ အကြံရခက်နေကြရှာသည်။

တစ်နေ့တွင် မြို့စာသင်တိုက်မှ စာချဘုန်းတော်ကြီး တစ်ပါး ရှာသို့ကြွလာသည်။ ရှာဦးကျောင်း ဘုန်းတော်ကြီးနှင့်

F.3B

ငယ်သူငယ်ချင်းများ ဖြစ်သဖြင့် နွေရာသီ စာဝါများနားချိန် အလည်ကြွလာခြင်းဖြစ်သည်။ ထိုအာဂန္တုဘုန်းကြီးမှာ ကျောင်း ရောက်၍ ၄-၅ရက်ရှိသောအခါ ကျောင်းရှိ ကိုရင်ကျောင်းသား များနှင့်ပါ ရင်းနှီးနေလေပြီ။

ကိုရင်ကျောင်းသားများ အကြံအိုက်နေသည့် အခက် အခဲကိုသိရှိပြီး စာနာစိတ်ဖြင့် အာဂန္တုဘုန်းကြီးက နည်းလမ်း တစ်ခုပေးသည်။ နည်းလမ်းမှာ ကိုရင်ကျောင်းသားများ အနေ နှင့် ဘုန်းတော်ကြီးက အမှုကိစ္စ မစစ်ဆေးမီ အမှု ကိစ္စ၏ လက်သည်တရားခံကို ကြိုတင်ရှာဖွေ ဖော်ထုတ်ကြရန်ဖြစ်လေ သည်။

တပည့် ကိုရင်ကျောင်းသားများအား မကောင်းမှုပြုသူ၊ ဖုံးကွယ်လိမ်ညာသူကို ရှုံ့ရှာမုန်းတီးတတ်စေရန်နှင့် ထိုသူမျိုး ကို ဖော်ထုတ်အပြစ်ရစေမှု၌ သတ္တိရှိရှိ တာဝန်သိစေရန် ရည်ရွယ်၍ လက်သည်မပေါ်သည့် အမှုကိစ္စမျိုး၌ ဘုန်းတော် ကြီးက ကိုရင်ကျောင်းသားများအား ဆုံးမခြင်းဖြစ်သည်။ ထိုသို့ အမှုကိစ္စလက်သည်မပေါ်တိုင်း အားလုံးသိမ်းကျုံး၍ အဆုံးအမခံနေရခြင်းမှ လွတ်မြောက်ရန်မှာ တရားခံဖော်ထုတ် ပေးသည့်နည်းမှ လွဲ၍ အခြားနည်း မရှိနိုင်တော့ကြောင်း အမိန့်ရှိလေသည်။

အာဂန္တုဘုန်းတော်ကြီးက ပုံဝတ္ထုသာဓကနှင့်တကွ ဟာသပါပါ ပြောပြအမိန့်ရှိလေသည်။

ရှေးသရောအခါက ဘုရားလောင်းသည် ခွေးမျိုး တိရစ္ဆာန်ဘဝတွင် ခွေးအပေါင်းခြံရံလျက် ခွေးမင်းဖြစ်၍ နေ၏။

တစ်နေ့သောအခါ အခါမဲ့ မိုးကြီးရွာသွန်းရာ မင်းရင် ပြင်တွင် အမိုးအကာမဲ့ထားရှိသော မြင်းရထားကို မိုးရေတွေ စိုစွတ်ကုန်လေသည်။ မြင်းရထားတွင် အသုံးပြု တပ်ဆင်ထား သည့်တန်ဆာပလာ သားရေကြိုးများမှာ မိုးရေစိုသဖြင့် အမဲ အညှီနံ့များ ထွက်လာပြီး ခွေးတို့အား စားချင်ဝါးချင်စရာ ဖိတ်ခေါ်သကဲ့သို့ ဖြစ်ကုန်လေသည်။ နန်းရင်ပြင် ပရိဝုဏ် အတွင်း နန်းတွင်းသူ နန်းတွင်းသားများ မွေးထားကြသော ခွေး များသည် အငံ့သားငါးနှင့် တွေ့ရသည့်ပမာ မြင်းရထားမှ သားရေများကို ဝိုင်းအုံစုခဲ ကိုက်ဖြတ်စားသောက်ကြသဖြင့် ပျက်စီးခြင်းမလှ ပျက်စီးကုန်ကြလေ၏။

နံနက်မိုးသောက်၍ အရှင်မင်းမြတ် တိုင်းခန်းလှည့် လည် ထွက်တော်မူမည် ရှိသောအခါ မြင်းရထား အဆင်သင့် မဖြစ်သဖြင့် ဘုရင်မင်းကြီး အမျက်တော်ရှလေ၏။ ရထားထိန်း က တင်လျှောက်၍ အကျိုးအကြောင်း သိရှိလေသော် ခွေးမျိုး တစ်စုလုံးအဖို့ အန္တရာယ်ကျရောက်ခဲ့လေပြီ။ ဘုရင်မင်းမြတ်၏

တစ်ချက်လွှတ်အမိန့်ဖြင့် မင်းချင်းများသည် နန်းရင်ပြင်အတွင်း ရှိ ခွေးများကိုချန်လှပ်၍ ကျန်ခွေးများအားလုံးကို တွေ့ရာ သချိုင်းခားမဆိုင်း သုတ်သင်ခံကြရတော့သည်။

ခွေးတို့သည် တစ်နေ့တစ်ခြား ပါးလျားလာ၏။ ပြေးသူ ပြေး ရှောင်သူရှောင်နှင့် မင်းချင်းတို့၏ လက်ချက်ဖြင့် ဘယ် တော့ ဇီဝိန်ချုပ်မည်လဲဟု ကျီးလန့်စာစားဘဝ ရောက်ကုန်ကြ လေသည်။ ခွေးမျိုးတို့အား ကျရောက်လျက်ရှိသော အန္တရာယ် ကြီးမှ လွတ်မြောက်ရန်အတွက် ဘုရားလောင်းခွေးမင်းအပေါ် တာဝန်ကျရောက်ခဲ့လေပြီ။

ယခုအမှုကိစ္စသည် နန်းတော်အတွင်း ဖြစ်ပျက်သည့် ကိစ္စဖြစ်၍ နန်းတွင်းသူ နန်းတွင်းသားများ မွေးထားသော နန်းတွင်းခွေးများ၏ လက်ချက်သာဖြစ်ရမည်မှာ ကေန်ဖြစ်ပေ သည်။ တစ်တရားခံ နန်းတွင်းခွေးများ အသတ်မခံရဘဲ ပြင်ပ ခွေးများကိုသာ မျိုးဖြုတ်ခံနေရသည့်အတွက် မိမိခွေးမျိုးတို့၏ အကျိုးကို မိမိက စွန့်စားဆောင်ရွက်မှ ဖြစ်တော့မည်ဟု ဘုရား လောင်းခွေးမင်းက ဆုံးဖြတ်သည်။ သို့နှင့် ခွေးမင်းသည် မိမိ၏ ဖြည့်ကျင့်ပြီး မေတ္တာဘာဝနာကို ရှေ့သွားပြု၍ ရဲရင့်စိတ်မွေးမြူ ကာ မြို့တွင်းသို့ ဝင်ခဲ့လေ၏။

မင်းချင်းတို့၏ အန္တရာယ်မှ လွတ်အောင်ရှောင်၍ နန်းရင်ပြင်မှတစ်ဆင့် ဘုရင်မင်းမြတ်ညီလာခံနေရာ ပလ္လင်အနီးအထိ ဝင်ရောက်လာနိုင်သည်။ ဘုရားအလောင်း ခွေးမင်းအား တွေ့ရလျှင် မင်းချင်းတို့သည် မင်းပြစ်ဒဏ် သင့်ရောက်တော့မည့်အရေး စိုးရိမ်ပူပန်ဟာ ခွေးမင်းနောက် ဝိုင်းလိုက်ကြတော့သည်။ ဘုရားလောင်း ခွေးမင်းသည် လိမ္မာပါးနပ်စွာဖြင့် ဘုရင်မင်းကြီးအား ဦးခိုက်လျက် လျှောက်တင်ဟန်ပြုနေလိုက်သည်။

မင်းချင်းတို့ အံ့အားသင့်၍ ရပ်နေကြစဉ်မှပင် ရရှိသည့် အခွင့်အရေးကို လက်လွတ်မခံဘဲ ဘုရားလောင်းသည် ဘုရင် မင်းကြီးအား သံတော်ဦးတင်လေသည်။

"အို . . အရှင်မင်းမြတ်၊ အရှင်မင်းမြတ်တို့၏ အမိန့်ဖြင့် ခွေးတို့အား ရှင်းလင်းပစ်နေသည်မှာ မှန်ပါသလား"

"ဟုတ်ပေသည် အသင်ခွေးမင်း"

"အဘယ်အကြောင်းကြောင့်ပါနည်း အရှင်မင်းမြတ်"

"ရထားမှာ ကာရံထားသည့် သားရေပြားနှင့်သားရေဖွဲ့ချည်ကြိုးများကို ကိုက်ဖြတ်စားသောက်ပစ်ကြသည့် ခွေးများအား အဘယ်သူသည် သည်းခံပါမည်နည်း"

"သို့ဖြစ်လျှင် နန်းတွင်းရှိခွေးများကိုမူ အဘယ်ကြောင့် ဖြစ်ဒဏ်မထိုက်ပါသလဲ။ မြို့ပြင်မှအပြစ်မဲ့ခွေးများသာ ကိုးကွယ်ရာမဲ့ဖြစ်ကြရသည်မှာ မတရားပါ အရှင်မင်းမြတ်"

"မြင်းရထားမှ သားရေများကို စားပစ်ကြသည့် ခွေးများဟုတ်မဟုတ် အဘယ်သို့ ခွဲခြားသိနိုင်ပါမည်နည်း အသင်ခွေးမင်း"

"သိနိုင်ပါသည် အရှင်မင်းမြတ်"


"ကောင်းပြီ၊ သိနိုင်လျှင် အသင်ခွေးမင်း ခွဲခြားပါလော့"

ဘုရားလောင်းခွေးမင်းသည် နန်းတွင်းရှိ ခွေးအားလုံးကို စုဝေးစေ၍ ရက်တက်ရည်အနုစားတွင် နေစာမြက်များကို ထောင်းထားသော အဖတ်များ ရောနှောလျက် နန်းတွင်းခွေးများအား တစ်ကောင်ချင်း တိုက်ကျွေးစေသည်။ ယင်းဆေးကား ခွေးတို့၏ အန်ဆေးပင်တည်း။

ခွေးတို့သည် ခွေးအန်ဆေးကို သောက်ပြီးသောကာလ နန်းတွင်းခွေး အသီးသီးသည် နန်းရင်ပြင်အနှံ့ တဝေါ့ဝေါ့နှင့် အန်ကြလေသည်။ ခွေးအန်ဖတ်များတွင်ကား သားရေပြတ်အပိုင်းအစများက ငြင်းလို့မရအောင် ဘူးပေါ်သလို ပေါ်ကုန်ကြလေသည်။ မြို့ပြင်မှ ခွေးများအားပင် အန်ဆေးတိုက်ပြစရာ မလိုတော့ပေ။

ဘုရင်မင်းကြီးလည်း 'ခွေးမင်းသည် ပညာနှင့်ပြည့်စုံပြီး မကောင်းမှုကို ဖော်ထုတ်ရဲရင့်ပေသည်'ဟု နှစ်သက်သည်ဖြစ်၍ မိမိအမျိုးအပေါ် စောင့်ရှောက်သည့် ခွေးမင်းအား ထီးဖြူဖွင့် ဆောင်းပူဇော်လေသတည်း။ ဝ

(၂၂။ ကရုဂ်ဝဂ်၊ ကုက္ကုရဇာတ်။)



# မြို့သားနှင့်တောသား

ရှေးအခါက မုဆိုးတစ်ဦးသည် တောလိုက်သွားရင်း သမင် အသေးတစ်ကောင်နှင့် အကောင်ကြီး တစ်ကောင်ကို ကြော့ကွင်းဖြင့် အရှင်ဖမ်းဆီးရယူနိုင်ခဲ့၏။ ရွာတွင်ရောင်းချခြင်းထက် မြို့သို့ တက်၍ရောင်းချလျှင် ဈေးပိုမိုရရှိနိုင်သည်ဟု တွက်ချက်ပြီး မြို့ဈေးသို့ သွားရောက်ရောင်းချလေ၏။

မြို့ထုံးစံအတိုင်း အိမ်မွေးတိရစ္ဆာန် မဟုတ်သည့် တောရိုင်းတိရစ္ဆာန်ကို တွေ့မြင်ရသည့်အတွက် ဈေးလာသူတိုင်း ဝိုင်းအုံကြည့်ရှုကြ၏။ ကြည့်ပြီးမဝယ်ကြသော်လည်း ဈေးမေးမြန်း၍သာ ပြန်သွားကြသည်။ အများအားဖြင့် ထားဖို့နေရာနှင့် ကျွေးဖို့ရာမြက် အခက်အခဲကို တွက်ဆ၍ မဝယ်ဖြစ်ကြခြင်း ဖြစ်ပါ၏။

ဈေးကွဲချိန်နီးသော် မြို့သားလူလည်တစ်ယောက် ရောက်ရှိလာပြီး သမင်နှစ်ကောင်ကို တစ်ကောင်ချင်း ဈေးမေး၏။

ရောင်းသူမုဆိုးကြီးက သမင်ငယ်ကို အသပြာတစ်ကျပ်ဖြင့်ရောင်း၍ သမင်ကြီးကို အသပြာနှစ်ကျပ်ဖြင့်ရောင်းကြောင်း ပြောပြသည်။

မြို့သားလူလည်သည် အိတ်ထဲမှ အသပြာတစ်ကျပ်ကို ထုတ်၍ မုဆိုးကြီးအားပေးပြီး သမင်ငယ်ကို ဝယ်ယူ၍သွားလေသည်။ သမင်ရောင်း၍ ရရှိသော အသပြာတစ်ကျပ်ကို ကျစ်ကျစ်ပါအောင် ထုပ်နေဆဲ မြို့သားလူလည်သည် သမင်ငယ်ကိုဆွဲ၍ မုဆိုးကြီးထံ ပြန်လှည့်လာနေသည်ကို မြင်ရသဖြင့် မုဆိုးကြီးမှာ 'ဘာအကြောင်းများလဲ'ဟု စိုးရိမ်မကင်း ဖြစ်သွားသေးသည်။


"ဘယ်လိုလဲ မြို့သားရဲ့၊ ဘာများ ကျန်ခဲ့လို့တုံး"


"မကျန်ပါဘူး မုဆိုးကြီး၊ အကျွန်ုပ် ခုနသမင်ငယ်အတွက် ငွေအသပြာတစ်ကျပ်ပေးခဲ့တယ်နော်၊ အဲဒီတစ်ကျပ်ရယ် ဒီသမင်ငယ်လေးက အသပြာတစ်ကျပ်တန်တော့ ဒီကတစ်ကျပ်ရယ် နှစ်ခုပေါင်း အသပြာနှစ်ကျပ် ဟုတ်တယ်နော်။ ကဲ ဒါဆို အကျွန်ုပ်ကို အသပြာနှစ်ကျပ်တန်တဲ့ သမင်ကြီး ပေးပေတော့ ဟုတ်တယ်မဟုတ်လား"

မုဆိုးကြီးက ခေါင်းညိတ်ပြလျှင် မြို့သားလူလည်သည် သမင်ကြီးကိုယူ၍ သုတ်ခြေတင် ထွက်ခွာသွားပေသည်။

မြို့သား လူလည် သုတ်ချေတင်ထွက်ခွာသွား၍ မကြာခင် သမင်ငယ်အား ဝယ်ယူလိုသူတစ်ဦး ရောက်ရှိလာပြီး အသပြာတစ်ကျပ်ပေး၍ ဝယ်ယူသွားလေသည်။ သမင်နှစ်ကောင်စလုံး ရောင်း၍စွံသွားပြီမို့ မုဆိုးကြီးသည် မြို့ဈေးမှ ဝယ်ခြမ်းစရာတို့ကို ဝယ်ယူ၍ ဇနပုဒ်သို့ ပြန်တော့မည်ဟု အိတ်ထဲမှ အသပြာတို့ကို ထုတ်၍ရေကြည့်သည်။ သမင်နှစ်ကောင် ရောင်းရငွေမှာ အသပြာသုံးကျပ်ဖြစ်ရမည့်အစား အသပြာနှစ်ကျပ်သာတွေ့ရှိရသဖြင့် မုဆိုးကြီးသည် မိမိတစ်ဦးတည်း ဖြစ်လျက်နှင့် ဘယ်သူအား ရှုံးစွပ်ရမှန်းမသိ ဖြစ်လေတော့၏။

အသေအချာစဉ်းစားပါမှ ရေးရေးပေါ်လာ၏။ သမင်အကြီးကို ဝယ်ယူသွားသူ ပထမလူသည် အသပြာတစ်ကျပ် ထပ်ပေးရမည့်အစား သမင်ငယ်အား အသပြာတစ်ကျပ် တန်ဖိုးသင့်၍ ပြန်ပေးလျက် မလိမ့်တပတ်ပြုလုပ်သွားလေသည်။ အသိပညာနည်းပါးမှုကြောင့် တောသားမုဆိုးကြီးခမျာ မြို့သားလူလည်၏ အလိမ်ခံလိုက်ရပေ၏။ ○







လူပါး ပုလင်းကွဲရှ

## လူပါး ပုလင်းကွဲရှ

မြို့သားနှင့်တောသားတွင် တောသားသည် အလိမ်ခံရပေါင်းများသော်လည်း တစ်ခါတစ်ရံမူ တောသားက တစ်နတ်ကြောသွားသဖြင့် မြို့သားများ လူပါးပုလင်း ကွဲရှခံရသည်များလည်းရှိလေသည်။

ရှေးအခါက မြို့သားလူလည် ခြောက်ယောက်တို့ ဘုံဆိုင်၌ သေသောက်ကြူးလျက်ရှိနေကြ၏။ တောသားအဘိုးအိုတစ်ယောက်သည်လည်း ဆေးအဖြစ် ယမကာမှီဝဲရန် ဘုံဆိုင်သို့ ဝင်ရောက်လာ၏။

တောသားအဘိုးအိုသည် မြို့သို့လာခိုက် ဝတ်ကောင်းစားလှ ဝတ်ဆင်လာပြီး တောသူဌေးဂိုက်ပေါက်နေသည်။ သေသောက်ကြူးခြောက်ယောက်တို့သည် အရက်ကလေး ထွေလာသည်နှင့်အမျှ အကုသိုလ်မကင်းသည့် အလုပ်ကို စိတ်ကူးမိသူက ကူးမိ၍ ထုတ်ဖော်ပြောလိုက်သည်နှင့် ပြုလုပ်ဖို့ရန် စိတ်တူသဘောတူပြီး ကဲ့သို့ ရှိလေ၏။ တောသူဌေးဂိုက်ပေါက်နေသည့်အဘိုးကြီးအား ဝိုင်း၍လှည့်ပတ်ကြကာ အဘိုးကြီးထံ

မှ ပါသမျှ ယူထားလိုက်ကြရန် သေသောက်ကြူးခြောက်ယောက်တို့သည် ခဏအတွင်း တိုင်ပင်သဘောတူလိုက်ကြလေသည်။

"ငါတို့တွေ ကျွန်ခံကြေး ယုံတမ်းစကားပြောကြရအောင်။ ကိုယ်တွေ့အကြောင်းအရာကို အလှည့်နှင့် တစ်ယောက်စီ ပြောကြမယ်၊ ပြောပြီးမယုံသူရှိလျှင် မယုံတဲ့သူ ကျွန်ခံတမ်း သဘောတူလား"

တောသားအဘိုးကြီးသည် မြို့သားများ၏ လောင်းကြေးပါသော စကားဆန်းကိုကြားလျှင် စိတ်ဝင်စားသဖြင့် သေသောက်ကြူးသူများ၏ အရက်ဝိုင်းဖက် လှည့်ကြည့်လိုက်၏။

"ဘယ်လိုလဲ အဘရဲ့၊ ကျွန်တော်တို့ ယုံတမ်းစကားထဲ ပါဦးမလား"

သေသောက်ကြူးများကဝိုင်း၍ တစ်ယောက်တစ်ခွန်းဖြင့် မဲဆွယ်ရာ တောသားအဘိုးကြီးလည်း ကန့်လန့်ကန့်လန့်နှင့် သဘောတူလိုက်ပြီး သေသောက်ကြူးဝိုင်းနှင့် ပေါင်းမိသွားလေ၏။

သေသောက်ကြူး ပထမတစ်ဦးကစ၍ ယုံတမ်းစကားပြော၏။

"သူငယ်ချင်းတို့ ကျုပ်အမေကျုပ်ကို ပဋိသန္ဓေလွယ်ထားရတုန်းက အမေဟာ သီးသီးစားချင်တဲ့ ချဉ်ချင်းဖြစ်တယ်၊

သီးသီးပင်က သီးနေပါရဲ့။ ဒါပေမယ့် ခူးပေမယ့်သူမရှိလို့ အမေက ကျုပ်ကို သီးသီးခူးခိုင်းတယ်။ ကျုပ်လဲ အမေ့ဗိုက်ထဲ ကထွက်လို့ သီးသီးပင်ရှိရာ သွားတဲ့ပြီး အပင်ပေါ်တက်ဖို့ကြိုးစား တယ်။ မရတာနဲ့ ကျုပ်ကိုကျုပ် ခြေကနေကိုင်ပြီး ပစ်မြှောက် လိုက်တော့မှ သီးပင်ပေါ်ရောက်သွားတယ်။ တစ်ကိုင်းပြီး တစ်ကိုင်းခူးလိုက်တာ ခါးပိုက်ထောင် တစ်လုံးပြည့်တော့ အောက်ပြန်ဆင်းမယ်လုပ်တော့လဲ ပြန်မဆင်းနိုင်တာနဲ့ ကျုပ် ကိုယ်တိုင် အိမ်ကလှေခါးယူသွားပြီးမှ ပြန်ဆင်းခဲ့ရတယ်၊ သီးသီး ကြီးတွေကလဲ တစ်လုံးတစ်လုံး (အိုးစရည်း)လောက် ရှိတယ်။ ဘာပြောကောင်းမလဲ အမေဟာ တစ်ထိုင်တည်းစား လိုက်တာ သီးသီးအလုံးခြောက်ဆယ် ကုန်သွားတယ်။ ကျန်တဲ့ သီးသီးတွေဟာ ကလေးလူကြီးတစ်ရွာလုံး စားလို့တောင်မကုန် ဘူး။ တစ်အိမ်လုံး သီးသီးတွေပြည့်နေတာများ အိမ်ခေါင်မိုး ထိတယ်။ အိမ်ပြင်မှာ ပုံထားရတဲ့ သီးသီးတွေကလဲ တောင် တစ်လုံးစာ လောက်ရှိတယ်။ သူငယ်ချင်းတို့ ကဲ. . ဘယ့်နှဲ့လဲ အခုကျုပ် ပြောတာ ယုံကြလား”

မြို့သားသေသောက်ကြူးအားလုံးက ‘ငါတို့ယုံပါတယ် ကွာ’ဟု ပြောကြ၏။ တောသား အဘိုးအိုဖက်လှည့်၍ မေးကြ တော့လည်း အဘိုးအိုက ‘ဖြစ်မယ်ဆို ဖြစ်နိုင်ပါတယ်၊ တိုင်းပြည် က ကြီးသကိုး’ဟု ဖြေကြားရှာ၏။

ဒုတိယ သေသောက်ကြူးမြို့သားက သူ့အလှည့်ပြော ပြန်၏။

"ကျုပ်ကတော့ တိုတိုပဲဗျို့။ ကျုပ်ငယ်ငယ်က ကျုပ်အဖိုး မွေးထားတဲ့ ကျွဲကြီးတစ်ကောင်များဗျာ ဘယ်လောက်များ အကောင်ကြီးသလဲလို့။ ညာဖက်ကချိုပေါ်မှာ နားနေတဲ့ ငှက် တစ်ကောင်ဟာ ဘယ်ဖက်ချိုပေါ်ပျံသွားရင် တစ်မနက်ခင်း လောက်ပျံမှ ရောက်နိုင်တယ်၊ အဲဒီလောက်ကြီးတာ ကျွဲကြီးက။ ကဲ. . ခင်ဗျားတို့ ကျုပ်ပြောတာ ယုံကြလား"

အားလုံးက ခေါင်းညိတ်ပြကြ၏။ မြို့သားသေသောက် ကြူးများအတိုင်း တောသားအဘိုးအိုလည်း လိုက်၍ခေါင်းညိတ် ပြလိုက်၏။ ဤသို့ဖြင့် တစ်ယောက်တစ်မျိုး ယုံတမ်းစကား ပြောကြသည်မှာ မြို့သားသေသောက်ကြူး ခြောက်ယောက်တို့ အလှည့်စေ့သွားကြ၏။ အားလုံး မယုံသူမရှိ။ အထူးသဖြင့် တောသားအဘိုးအိုကလည်း မြို့သားသေသောက်ကြူးများ အတိုင်း လိုက်၍လိုက်၍ ယုံကြည်သည်ချည်းဖြစ်ရာ အကြွေ သမားများ အကြွေအိုက်နေကြသည်။

တောသားအဘိုးအို၏ ယုံတမ်းစကား ပြောလှည့် ရောက်ပါပြီ။

"အမောင်တို့ အမောင်တို့မြို့က အိမ်များသာ ကြီးကျယ်တာမဟုတ်ပါ။ ငတို့တောရွာက အိမ်များလဲကြီးကျယ်တာပဲ။ ငတို့က ရွာမှာ ယာခင်းလုပ်ပါတယ်။ လွန်ခဲ့တဲ့ နှစ်အတန်ကြာက ငတို့လုပ်တဲ့ ယာခင်းထဲမှာ ဝါပင်ကြီးတစ်ပင်ပါလာတယ်။ ဘယ်လောက်ထိ ထူးသလဲဆို ဝါပင်ကြီးက အမြင့်အတောင်ရှစ်ဆယ်ရှိတယ်၊ အပင်ကြီးမှ ဖြာထွက်နေတဲ့ အကိုင်း ငါးကိုင်းအနက် အရှေ့ဘက်ထွက်နေတဲ့ အကိုင်းမှာ သီးတဲ့ ဝါသီးကြီးက အိုးစရည်းလောက် ကြီးတယ်။ ဝါးသီးကြီးမှာ အမွှာခြောက်မွှာ ရှိတယ်။ ဝါသီးကြီး မှည့်ရင့်တဲ့ တစ်နေ့မှာ ငတို့ဟာ မုတ်ဆိတ် ကျင်စွယ်ဖြတ်၊ ရေချိုးနံ့သာလိမ်းကျံပြီး ဝါသီးခူးရအောင် သွားပါတယ်။ ဝါပင်နားရောက်လို့ ဝါသီးကြီးကိုခူးလိုက်တော့ ဘာဖြစ်သွားတယ်မှတ်လဲ။ ဝါသီးကြီးဟာ ငတို့ခူးလိုက်တာနဲ့ တပြိုင်နက် ကျွန်ယောက်ျား ခြောက်ယောက်ထွက်လာတယ်။ ငတို့အတွက် နတ်သိကြားများ ပို့ပေးလိုက်တဲ့ ကျွန်ယောက်ျားများဟာ ကျွန်ဖြစ်ပြီးမှ ငတို့ကိုထားခဲ့ပြီး အရပ်တစ်ပါး ထွက်သွားခဲ့ကြတာဟာ ယနေ့ယခုမှပဲ ပြန်တွေ့ပေတယ်။ အသင်တို့ ခြောက်ယောက်ပေပဲ၊ သင်ကား နန္ဒ၊ သင်ကား ပုဏ္ဏ၊ သင်ကား ပဒုမာန၊ သင်ကား စိတ္တ၊ သင်ကား မင်္ဂလာ၊ သင်ကားပေါဋ္ဌိယာ၊ ကဲ. . . လာခဲ့ကြ၊ ပြေးမယ်မကြံနဲ့"

တောသားအဘိုးအိုသည် ပြောရင်းဆိုရင်း နေရာမှ ထ၍ သေသောက်ကြူးခြောက်ယောက်၏ ဆံကျင်တို့ကို မှိုသမျှ ဆွဲကိုင်ထားလေသည်။

မြို့သားသေသောက်ကြူး ခြောက်ယောက်တို့မှာ မည်သို့မျှ မတတ်နိုင်တော့။

ဟုတ်သည်ဟုဝန်ခံလျှင်လည်း တောသားအဘိုးအို၏ ကျွန်များဖြစ်၍ အဘိုးအိုခေါ်ဆောင်ရာ ပါကြရပေတော့မည်။ အဘိုးအို၏ ယုံတမ်းစကားကို မဟုတ်ပါဟု မယုံပါဘူး ငြင်းလျှင်လည်း ကတိကဝတ်ထားကြသည့်အတိုင်း အဘိုးအို၏ ကျွန်အရာသို့ အလိုလို ရောက်ပြီးဖြစ်ကြပေတော့မည်။

တောသားအဘိုးအိုသည် တရားခုံရုံးသို့ ခေါ်ဆောင်သွားပြီး မြို့သားလူလည် သေသောက်ကြူးခြောက်ယောက်အား ကျွန်စာရင်းဖွင့် လှစ်လိုက်တော့သည်။ ○

(မဇ္ဈိမပဏ္ဏာသ၊ ၄၊ ၃။ ၃၈-၃၉။)



## အသည်းကွဲချင်လှသူ

ကိုလူမော်သည် ကဗျာဝါသနာပါသူ ဖြစ်၏။

သူငယ်ငယ် ကျောင်းသားဘဝ လက်တည့်စမ်းကဗျာများဖြင့် ဝါသနာ အညှောင့်ပေါက်စ အခါကဆိုလျှင် တစ်နေ့ကဗျာတစ်ပုဒ်ကျ မရ-ရအောင်ရေး၏။ သူရေးသမျှ ကဗျာများမှာလည်း အလွမ်းဖွဲ့ကဗျာများချည်းဖြစ်၍ ကိုလူမော်အား အလွမ်းသန်သူအဖြစ် သူ့ သူငယ်ချင်းများက ဝေဖန်ကြ၏။ သူ၏ကဗျာတွင် ကလောင် အမည်ကိုလည်း ကြည့်ပါဦး။ မောင်လွမ်းယဉ် ဟူသတည်း။

ကိုလူမော်ခေါ် မောင်လွမ်းယဉ် အလွမ်းသန်သည် ကတော့ မပြောနှင့်။ ကဗျာသမားပီပီ စိတ်ကူးယဉ်ယဉ်နှင့် အလွမ်းသန်၏။ ထိုစဉ်က ကိုလူမော်တွင် လွမ်းစရာဆိုလို့ ရည်းစားဦးပင် မရှိသေး။ သို့သော် ကဗျာဆရာက အသဲကွဲချင်နေသည်။ သူ့တွင် အသည်းခိုက်အောင် ချစ်ရသူတစ်ဦး ရချင်နေပြီး ထိုချစ်သူက သူ့အသည်းကို ဖြန်းဖြန်းနေအောင် ခွဲပစ်ခဲ့သည့်အတွက် ကျမျက်ရည်တဝဲဝဲနှင့် တငေးငူငူ သည်းအူ

ပြတ်မှု ပူဆွေးဒုက္ခဝေဒနာမျိုး တရှိုက်မက်မက် ရယူခံစားလို ကြောင်း မကြာခဏ ပြောလေ့ရှိခဲ့သည်။ သူငယ်ချင်းများက 'မောင်ရင်ရယ် တကယ့်ဘဝကိုတော့ ကဗျာမဆန်ချင်ပါနဲ့ ကွာ' ပြောဖြစ်ခဲ့ကြလေသည်။


ဟော. . . ယခုတော့ ကိုလူမော်တစ်ယောက် သူ အင်မတန်မှ ရယူချင်သည့် ဘဝမျိုးရရှိကာ အသည်းကွဲဝေဒနာ ကို ရင်နှင့်မဆန့်အောင် ခံစားရရှာလေပြီ။ ကိုလူမော်၏ မိန်းမ သည် သူနှင့် ၈-နှစ်ခန့် ပေါင်းပြီးကာမှ နောက်ယောက်ျား တစ်ယောက်နှင့် ကောက်ကောက်ပါ သွားခဲ့လေ၏။

သူများတွေက မိန်းမသေသဖြင့် ငိုကြွေး၏။ ကိုလူမော် က သူ့မိန်းမ ယောက်ျားတစ်ပါးနှင့် နောက်မီးလင်းသွားသည်ကို ပူဆွေးလျက်ရှိ၏။ အရက်သေစာများ သောက်စားမူးယစ်ကာ လွမ်းနာကျလျက် ရှိလေသည်။

မိုးဖွဲဖွဲအောက်တွင် ထီးတစ် လက်နှင့် ကားမှတ်တိုင် တွင် ရပ်နေပြီး ဘတ်(စ်)ကား တစ်စီး လာလည်းမတက်၊ တစ်စီးလာလည်း မတက်နှင့် အချိန်ကုန်၍ နောက်ဆုံးကား ရောက်ပြီဆိုမှ ကားပေါ်တက်ဖြစ်သည်များ လည်း တွေ့လား- တွေ့ရ၏။ ညဥ့်နက်၍ အိပ်ခန်းသို့ပြန်ရောက် တော့လည်း အခန်းတံခါး မဖွင့်သေးဘဲ လှေကားရင်းအမှောင် ထဲတွင်ထိုင်၍

ဆေးလိပ်မီးတရဲရဲ ဖွာနေသော ကိုလူမော်အား တွေ့မြင်ရဘတ်လား- တွေ့မြင်ရတတ်၏။ ကြာတော့ သူ့ ကျန်းမာရေးမှာ ယိုင်နဲ့လာပြီဖြစ်၍ သူငယ်ချင်းမိတ်ဆွေများက ဝိုင်းပြောကြသော်လည်း ကိုလူမော် နားမဝင်နိုင်ပေ။

အလွမ်းကဗျာရေးသီချင်း၍ ရည်းစားဦးပင် မရှိပါဘဲ အသည်းကွဲချင်သူ ကဗျာဆရာသည် တကယ့်လက်တွေ့ဘဝတွင် အကယ်စင်စစ် ရင်နင့်နင့် အသည်းနင့်နင့် ဝေဒနာခံစားရပြီဆိုတော့ ဘာအလွမ်းကဗျာမှ မရေးခြစ်နိုင်တော့ပြီ။ ကိုလူမော်၏အခြေအနေ ကြည့်ရသည်မှာ သူ၏ အသည်းကွဲဝေဒနာကို ရင်မှာတရှိုက်မက်မက် ပွေ့ပိုက်ထားရင်း ဘဝကိုအဆုံးခံလိုက်တော့မည်ကဲ့သို့ ဖြစ်၍နေပေသည်။ ○



# အသက်အသည်းထက် ခက်ခဲသောအရာ

စင်စစ် ကဗျာဆရာ ကိုလူမော်၏ဘဝသည် ဇာတ်နိပါတ်တော်ထဲမှ ငါးဖို (ငါးထီး) ၏ဘဝနှင့်ပင် တူနေသေးတော့၏။

လွန်လေပြီးသောအခါက မြစ်တစ်ခုတွင် အဖိုအမစုံတွဲ ငါးနှစ်ကောင်တို့သည် မခွဲမခွာ အတူတကွတွဲ၍ ကျက်စား သွားလာနေကြလေ၏။

တစ်နေ့တွင်သော် မြစ်အတွင်း ကျက်စားသွားလာနေရင်း ငါးဖို (ငါးထီး)သည် ကျောက်ဆောင်တစ်ခုတွင် တွယ်ကပ်နေသည့် ရေညှိရေမှော်တို့ကို စားနေသည့် ငါးမအား ခေတ္တထား၍ ကျောက်ဆောင်တစ်ဖက်၌ အစာစားကျက်ကို တစ်ကိုယ်တည်း ကူးခတ်လျက် သွားရောက်ကြည့်ရှုလေသည်။

ထိုအခိုက် ဖြုန်းဆိုသောအသံကြီးတစ်ခု ကြားလိုက်ရသဖြင့် ငါးဖိုသည် အန္တရာယ်တစ်ခုခု ကျရောက်ပြီဟု သိရှိလိုက်ပြီး ရေအောက်သို့ အတန်ငုပ်လျှိုး၍ လွတ်ရာသို့ ကူးခတ်ပြေးဖို့ရာ ကြိုးစားလေသည်။ သို့သော် ငါးဖိုအဖို့ နောက်ကျခဲ့လေပြီ။ တံငါသည်၏ ပိုက်ကွန်က ကာဆီးနေပြီး

ဘယ်ဖက်သွားသွား ပိုက်ကွန်အဝန်းအဝိုင်းအတွင်းမှ မလွတ်တော့ပေ။

ငါးဖို၏ ကြင်ဖက်ငါးမသည် လင်တော်မောင် ထွက်သွားခိုက် ကွန်နှံ့နှံ့လာသည်ဖြစ်၍ ငါးဖိုအားပင် သတိပေးချိန် မရဘဲ လွတ်ရာသို့ ပြေးနှင့်လေပြီဖြစ်၏။

တံငါသည်တို့၏ ပိုက်ကွန်အတွင်း မိခံထားသော ငါးဖိုမှာလည်း မကြာမီ တံငါသည်များ ဆွဲဖော်ရာ ပိုက်ကွန်နောက်ပါသွားပြီးနောက် ကမ်းစပ်သောင်ပြင်ပေါ်ဝယ် သဲပူထက်၌ ပစ်ချထားခြင်း ခံရလေ၏။ တံငါသည်များသည် ထမင်းဆာလှသည်နှင့် ငါးကိုခုတ်စင်းချက်ပြုတ်မနေတော့ဘဲ မီးကင်စားဖို့ရာ ထင်းရှာမီးပျိုးနေကြလေပြီ။

ငါးတစ်ကောင်အဖို့ ကြည်းကုန်းပေါ် ရောက်နေမှ ဘယ်သို့မျှ တံငါသည်တို့၏လက်မှ မလွတ်သာတော့။ သဲပူပေါ်တွင် ဖျပ်ဖျပ်လူး ခုန်ပျံနေရတော့မည်သာ ဖြစ်၏။ ဖျပ်ဖျပ်လူးနေလို့ကလည်း တံငါသည်တို့၏ တုတ် ဓား ထုနှက်ချက်များကသာ ဦးခေါင်းထက် စောစီးစွာ ရောက်ရှိလာပြီး မရဏစခန်းသို့ ဖြတ်လမ်းက အပို့ခံရမည်မှာ သေချာလှ၏။

သို့သော် ငါးဖိုသည် နီးကပ်သည့် သူ၏သေဘေးကို တွေးပြီး စိုးရွံ့ထိတ်လန့်စိတ်တွေနှင့် တုန်လှုပ်နေမည်များ

ထင်ပါသလား၊ မထင်ကြပါနှင့်။ ငါးဖိုု၏ မျက်လုံးအစုံတို့သည် မျက်ရည်များဖြင့်ပြည့်လျံနေပြီး အသံကိုပင်ထုတ်၍ ငိုကြွေး နေပါလေ၏။


"ငါဟာ ပိုက်ကွန်ထဲမှာ ကျဉ်းကြပ်ရှုန်းကန်ခဲ့ ရတဲ့ အတွက် ကိုက်ခဲနာကျင်ခဲ့ရတာကိုလဲ မမှုပါ။ မီးကဲ့သို့ ပူပြင်းလှတဲ့ သဲပြင်ပေါ်မှာ ပစ်ချထားခံရတာကိုလဲ ဂရုမစိုက်ပါ။ အို. . မကြာခင် ရင်ခွဲ၍ဆား, နန္ဒင်းလူးကြကာ မီးကင်ပြီးငါရဲ့ အသားကို ကိုက်ဖဲ့စားကြမှာကိုလဲ ငါမကြောက်ပါ။ စိုးရိမ် စိတ်တစ်ခုကသာ ငါ့ရင်ထဲမှာ အမှန်ပင် ပူလောင်နှိပ်စက်ခံနေရ ပါတကား။ တစ်ခြားမဟုတ် ငါ့ရဲ့ကြင်ဖက်ငါးမဟာ ငါ့ကို အထင်လွဲနေချေတော့မယ်။ ငါဟာ တစ်ခြားငါးမနောက် လိုက်သွားလို့ သူ့ဆီပြန်မလာတာလို့ အထင်လွဲခံရမှာတစ်ခုပဲ ငါ ရင်ပူနေပါပြီ၊ အဟင့်. . အင့်. . "

ပုရောဟိတ်တစ်ယောက်သည် ရေချိုးအံ့သောငှာ မြစ်ဆိပ်သို့ ဆင်းလာရင်း မိတ်ဆွေတံငါသည်တို့ထံ လာရောက် စကားနှီးနှောစဉ် ငါးဖိုု၏ငိုသံကိုကြားလေ၏။ ငါးတို့၏အသံကို နားလည်သူပီပီ အကြောင်းအကျိုးကို သိရှိပြီး တရားအသိ ဝင်ကာ သံဝေဂ ဖြစ်မိပေ၏။ ငါးဖိုု၏ ကြင်ဖက်ငါးမသည် ကွန်နဲ့ရသည်နှင့် သူ့လင်အား သတိပေးဖော်ပင် မရဘဲ .

ငါးဖိုအား စွန့်ခွာထွက် ပြေးပြီးနောက် ယခုသော် အဘယ် ငါးဖိုတစ်ကောင်၏ နောက်တွင်အတူယှဉ်တွဲနေမည် မသိနိုင်ပါ ဘဲလျက် သေအံ့မူးမူး ငါးဖိုသည် သူ၏ကြင်ဖက် ငါးမအတွက် သာ စိုးရိမ်ပူပန်လျက် ရှိပေသည်တကား။

ရယ်စရာလည်းကောင်း၏၊ ကာမတုံသား ပုထုဇဉ် လူသားတို့၏ ဘဝကိုပါ ယှဉ်ဟပ်စဉ်းစားကြည့်ရင်း သံဝေဂ ဖြစ်စရာလည်း ကောင်းလှ၏။ ပုရောဟိတ်သည်မူ ငါးဖိုအား ကရုဏာပါ သက်မိပြီး မိတ်ဆွေတံငါတို့ထံမှ ထိုငါးဖိုကို တောင်း ယူကာ မြစ်ထဲသို့ လွှတ်ပေး၍ အသက်ကို ကယ်ဆယ်ပေးလိုက် ပေသည်။ ငါးဖိုနှင့်ငါးမတို့ ပြန်လည်၍ ပေါင်းစည်းမိ မပေါင်း စည်းမိကိုကား ကယ်ဆယ်သူ ပုရောဟိတ်ကြီး မသိရှိနိုင်ပေ။

(၃၄-ကုလာဝကဇာတ်၊ မစ္ဆဇာတ်။)



# မြွေပွေး ပိုးထိ

သာသနာရေးကိစ္စဖြင့် မြို့သို့ ခရီးယာယီထွက်ခဲ့ရာမှ ပြန်ရောက်လာသော ရွာဦးကျောင်းဆရာတော်သည် ကျောင်းသို့ပြန်ရောက်လျှင် ရောက်ချင်းဆိုသလို ပြဿနာတစ်ရပ်နှင့် တိုး၏။ တပည့်ကိုရင်နှစ်ပါးနှင့် ကျောင်းသားတစ်ယောက်တို့ မသင့်မြတ်မှုကိစ္စပင် ဖြစ်၏။

ဘုန်းတော်ကြီးမရှိခိုက် နောင်ညီကိုရင်နှစ်ပါးက ထိုကျောင်းသားအား ထွေးခံတိုက်ခိုင်းသည်တွင် ကြွေရည်သုတ်ထွေးခံဖင်မှ ပဲ့စင်နေသော အနာနေရာ၌ အပေါက်ပေါက်သွားသည်။ ကျောင်းပစ္စည်း ပစ္စယတစ်ခုကို ပျက်စီးအောင် လုပ်မိသည့်အတွက် ကျောင်းသား၌ အပြစ်ရှိသွားသည်။

ဘုန်းတော်ကြီး ပြန်ရောက်လာလျှင် သိရှိအပြစ်ပေးခံရနိုင်သည့် ထိုအားနည်းချက်ကို အခွင့်ကောင်းယူ၍ ကိုရင်နှစ်ပါးက ကျောင်းသားအား ဟိုခိုင်း သည်ခိုင်း ခိုင်းရာမှ မတည့်ဖြစ်ပြီး နောင်ညီကိုရင်နှစ်ပါးက တစ်ဖက်၊ ကျောင်းသားက တစ်ဖက် ခိုက်ရန်ဖြစ်ထိုးကြိတ်ကြသည်။ အရွယ်ချင်းက မတိမ်း

မယိမ်းများ ဖြစ်ကြသော်လည်း နှစ်ဦးနှင့်တစ်ဦး ဘက်မမျှပဲ ကျောင်းသား၏ နှုတ်ခမ်းတွင် ဒဏ်ရာ အနာတရ အနည်းငယ် ဖြစ်ခဲ့လေ၏။ ကျောင်းဝင်းအတွင်း ရေကန်၌ သောက်ရေလာထမ်းသော ဒါယကာတစ်ဦးက ဝင်ရောက်ဖျဉ်ပေးသဖြင့်သာ ရန်ပွဲငြိမ်းစဲသွားခဲ့ရ၏။

ဘုန်းတော်ကြီး ခရီးမှပြန်လာ၍ ရွာထိပ်သို့ ရောက်လျှင် ရန်ပွဲဖျဉ်ပေးသည့် ဒါယကာက လျှောက်လိုက်သဖြင့် ကျောင်းမရောက်ခင် ကတည်းကပင် ထိုအကြောင်းကို ဘုန်းတော်ကြီး သိရှိလာခဲ့ပြီး ဖြစ်ပေသည်။

ကျောင်းရောက်တော့လည်း ဘုန်းတော်ကြီးသည် ထိုအကြောင်း မသိချင်ယောင် ဆောင်ကာ မမေးဘဲထားသည်။ သို့သော် မနေပါ။ နောင်ညီကိုရင်နှစ်ပါးကပင် ဦးစွာတိုင်ကြသည်။

ကျောင်းသားအား ထွေးခံတိုက်ခိုင်းသည်ကို ပေါက်အောင်လုပ်ပစ်ကြောင်း၊ နောက် ဖန်မီးအိမ်မှ ပြောင်းတိုက်ခိုင်းသည်ကိုလည်း ပြောင်းကို ကွဲအောင် လုပ်ပစ်ကြောင်း၊ နောင်မခိုင်းချင်အောင် တမင်ပြုလုပ်ခြင်းဖြစ်ကြောင်း စသည်ဖြင့် တိုင်ကြားသည်။ ကျောင်းသားကမူ ဘုန်းတော်ကြီးခေါ်မေးသောအခါကျမှ ထွေးခံကို ပေါက်အောင် တမင်ပြုလုပ်ခြင်း


မဟုတ်ကြောင်း၊ ယခင်အပေါက်ဟောင်းကို ဖာထားသည့် ပွဲညက် ကွာသွားခြင်းသာဖြစ်ကြောင်း၊ ဖန်မီးအိမ်ပြောင်းမှာ မိုးခိုးမှိုင်းများ တိုက်ပစ်ရန် အိမ်မှ ချွတ်ချရုံနှင့် ကွဲပြီးသား အလိုလိုကျသွားကြောင်း၊ နဂို ကွဲနေသည်ကို ကိုရင်များက တရားခံရှာခြင်း ဖြစ်နိုင်ကြောင်း ရှင်းပြလေသည်။

နှစ်ဦးနှစ်ဖက် မေးမြန်းပြီး၍ မျက်မြင်ကျောင်းသား များအားလည်း ထောက်လှမ်းကြည့်သည်တွင် အမှုမှာရှင်းသွား သည်။

စင်စစ် နောင်ညီ ကိုရင်နှစ်ပါးသည် ကျောင်းသားအား ဘုန်းတော်ကြီးပြန်လာလျှင် တိုင်ကြားမည်ဟု ခြိမ်းခြောက်ကာ အပြစ်မကင်းသည့် အားနည်းချက်အပေါ် အခွင့်ကောင်းယူ ပြီး ကျောင်းတိုင်မှ ဖန်မီးအိမ်ကိုချ၍ ပြောင်းတိုက်ခိုင်းသည်။ အကယ်စင်စစ် ထိုဖန်အိမ်မီး၏ ပြောင်းမှာ ကိုရင်ကြီးကြောင့် နံနက်က ကွဲထားပြီးနှင့်သည်ကို မသိသာအောင် တေ့ဆက်ထား ကာ ကျောင်းသားပြောင်းယူတိုက်မှ ကွဲခြင်းဖြစ်အောင် တမင် ဖန်တီးခြင်းဖြစ်သည်။ နံနက်က ကိုရင်ကြီး တုတ်ဖြင့်ခိုက်မိ၍ ဖန်မီးအိမ်ပြောင်း ကွဲထားကြောင်းသိရှိသူ ကျောင်းသားတစ်ဦး က ဖော်သည်။ ကျောင်းသားမှာ အခြားရွာက လာရောက်၍ ကျောင်းအိပ်ကျောင်းစား နေသူဖြစ်၍လည်း အရှိန်အဝါ အကူ

အညီ အင်အားနည်းမှုအပေါ် ကိုရင်နှစ်ပါး ဗိုလ်ကျခြင်းသာ ဖြစ်လေသည်။

ဘုန်းတော်ကြီးများသည် မိဘများနည်းတူ တပည့် ကိုရင်ကျောင်းသားများအားလည်း လည်ဝယ်ပါးနပ်ခြင်းကို လိုလားကြပါ၏။ သို့သော် မိမိ၏ လည်ဝယ်ပါးနပ်မှုကို အလွဲ သုံးစားပြုလျက် တစ်ပါးသူအပေါ် လိမ်လည်လှည့်ဖျား၍ မိမိ အခွင့်အရေးကို မတရားရယူလိုစိတ်မျိုး မမွေးမြူကြရန် တစ်ဖက်မှလည်း တားဆီးဆုံးမနေကြရ၏။ ထိုစိတ်ထားမျိုး ရှိသူ မျိုးသည် မကြီးပွား မချမ်းသာတတ်ဘဲ (မြွေပွေးပိုးထိ) ဆိုတာလို တစ်နေ့တွင် ဒုက္ခဆင်းရဲနှင့်သာ အဆုံး သတ်ရကြောင်း ပုံတို ပါဠိစနှင့်တကွ ပြောပြဆုံးမရလေသည်။ ○





ပုဇွန်ကြွံတတ် ဗျိုင်းလည်ပြတ်

# ပုစွန်ကြွတက် ဗျိုင်းလည်ပြတ်

တစ်ရံသောအခါက ရေအိုင်ငယ်တစ်ခုတွင် ငါးပုစွန်တို့သည် ကျက်စားကာ နေကြကုန်၏။ နွေရာသီအဆုံးသို့ ရောက်သောအခါ ရေတို့ခန်းခြောက်လေသဖြင့် ပူပြင်းသော နေ့လယ်တွင် ငါးပုစွန်တို့မှာ ဆောက်တည်ရာမရအောင် ဖြစ်နေကြရလေပြီ။ ကန်အတွင်း၌ ရေအားလုံးခြောက်ခန်းသွားပါက ကယ်မည့်သူမရှိ သေဖွယ်ရာသာရှိတော့မည့်အရေးတွေး၍ တစ်နေ့ထက်တစ်နေ့ ပူပန်မဆုံး ညိုးချုံးကြွမှိုင်လျက် ရှိကြလေ၏။

တစ်နေ့တွင် အတိဒုက္ခရောက်လျက်ရှိကြသော ငါးပုစွန်တို့အား ကယ်မည့်သူတစ်ဦး ပေါ်ပေါက်လာပါ၏။ အိုင်အတွင်းငါးများကို ရှာဖွေစားသောက်နေသော ဗျိုင်းတစ်ကောင်ပင် ဖြစ်လေသည်။ ဗျိုင်းသည် ငါးတို့အား ကရုဏာစာနာစိတ်ရှိသလိုနှင့် ပြောရှာလေသည်။

"အဆွေတို့ . . . ရေအိုင်က ရေနည်းလာပြီနော် ပူပြင်းတဲ့ရာသီကလဲ ရက်အတော်ကျန်သေးတယ်။ ဘယ်လိုလုပ်ကြမလဲ၊ လုံးဝရေခန်းသွားမှဆို အားလုံး သေကြေပျက်စီးကုန်မယ်"

ငါးပုစွန်အပေါင်းတို့လည်း ဒီအချိန်တွင် မိတ်ဆွေရန်သူ မခွဲခြားနိုင်သော အချိန်ရောက်ရှိနေကြ၏။ အခက်အခဲမှလွတ်မြောက်မည့် အကြံဆိုလျှင် ဘယ်သူကလာပေးပေး လက်ခံစဉ်းစားရန် အသင့်ဖြစ်နေချိန် ဖြစ်နေလေသည်။

"ကျေးဇူးတင်ပါတယ် အဆွေဗျိုင်း၊ ကျွန်ုပ်တို့အား ကောင်းသော အကြံဉာဏ် အမြန်ပေးပါမှ ကျွန်ုပ်တို့မှာ အသက်ချမ်းသာရာ ရှိတော့မည့်သူတွေပါ မိတ်ဆွေ"

ဥဗျိုင်းသည် ရရှိသော အခွင့်အရေးကို လက်လွှတ်မခံပဲ ဆက်ပြောသည်။

"ကျုပ်လဲ ဒါပဲစဉ်းစားနေတာပါ မိတ်ဆွေတို့။ ဒီရေအိုင်နဲ့မနီးမဝေးမှာ အမြဲတမ်း ရေပြည့်နေတဲ့ ကြာကန်ကြီး တစ်ခု ရှိတယ်။ မိတ်ဆွေတို့ကို ကျုပ်ရဲ့နှုတ်သီးနဲ့ အသာလေး တစ်ကောင်ချင်း ချီသယ်သွားပြီး ပို့ပေးမယ်။ မိတ်ဆွေတို့သဘောတူရင် မိတ်ဆွေတို့အတွက် ကျုပ်အပင်ပန်းခံဖို့ရာ အသင့်ပါ"

ငါး ပုစွန်တို့သည် ဥဗျိုင်း၏စကားကိုကြားလျှင် တွေဝေကုန်ကြသည်။ အသက်ကြီး၍ တွေးတွေးဆဆရှိသူတို့က ဥဗျိုင်းအား သိပ်မယုံလိုကြပေ။ ဥဗျိုင်း၏ အစီအမံအပေါ် လက်တွေ့ကြည့်ပြီးမှ ယုံချင်ကြသည်။

"အဆွေတော် ဥဖျိုင်း၊ ကမ္ဘာဦးကစပြီး ဥဖျိုင်းတို့ မည်သည် ငါးပုစွန်တို့အား ကယ်တင်ခဲ့ရိုးမရှိခဲ့တာမို့ ယုံရမှာ မဝံ့မရဲမိတာအတွက် ခွင့်လွှတ်ပါ။ အဆွေတော် စိတ်မရှိပါနဲ့"

"မိတ်ဆွေတို့က ကျွန်ုပ်ကို မယုံကြပေသကိုး။ အေးလေ ဥဖျိုင်းဆိုတာ ငါးတွေရဲ့ရန်သူလို ဖြစ်နေတာမို့ မယုံကြည်တာ သင့်မြတ်ပါတယ်။ မိတ်ဆွေတို့ယုံအောင် လုပ်ပေးဖို့ရာ ကျုပ်မှာ တာဝန်ရှိတာပေါ့။ ကဲ. . မိတ်ဆွေတို့ထဲက ငါးကြီးတစ်ကောင် ကောင် ကျုပ်နဲ့အတူ လိုက်ခဲ့။ ကြာကန်ကြီး ရှိ-မရှိ လက်ငေ့ ပြပြီးမှ ယုံကြပါ. . . ယုံကြပါ"

ငါးပုစွန်တို့သည် ဥဖျိုင်းအား မယုံတယုံနှင့်ပင် ကုန်းရေ ကျွမ်းကျင်သည့် ငါးနက်ကြီးတစ်ကောင်အား ထည့်လိုက်ကြ သည်။ ဥဖျိုင်းသည် ငါးနက်ကြီးအား သူ့နှုတ်သီးဖြင့် ချီသယ် ၍ အမှန်တကယ်ရှိသည့် ကြာကန်ကြီးဆီ ခေါ်သွားပြီး ပြသ သည်။ ထို့နောက် ငါးနက်ကြီးအား မူလရေနည်းအိုင်သို့ ပြန်ပို့ သည်။ ငါးနက်ကြီး၏ ပြောပြချက်အရ ငါးပုစွန်အားလုံး ယုံကြည်မှုရှိသွားကြပြီး ဥဖျိုင်း၏အစီအမံကို တညီတညွတ် တည်း လက်ခံလိုက်ကြလေ၏။

မဟာအကြံအောင်မြင်သွားသော ဥဖျိုင်း၏ ဇာတိရုပ် ကား ပေါ်လေပြီ။

ဥဗျိုင်းသည် ငါးနက်ကြီးမှစ၍ နှုတ်သီးဖြင့် တစ်ကောင်တစ်ကောင်စီ ချီယူ၍ ကြာကန်အစပ်မှ ရေသဖန်းပင်ခွဆုံ၌ နားလျက် အကြဲပိုင်ပိုင်ဖြင့် နေ့စဉ် သတ်ဖြတ်စားသောက်ကာနေ၏။ အစာဝချိန်၌ ကယ်ဆယ်ခြင်းလုပ်ငန်းကို ထိုနေ့အဖို့ ရပ်နားလေသည်။ နေ့စဉ်နေ့စဉ် ထိုသို့ အစီအစဉ်တကျ ဆောင်ရွက်နေရာမှ ကြာသော် ရေအိုင်၌ ငါးများမကျန်ရှိတော့ပေ။ ဥဗျိုင်းနား၍ ငါးတို့ကိုစားသော ရေခံတက်ပင်၏ ပင်ခြေ၌လည်း ငါးအရိုးတို့မှာ တောင်ပုံယာပုံ မြင်မကောင်းတော့။

ရေခြောက်အိုင်ကမ်းစပ် ပုစွန်တွင်း၌ ပုစွန်လုံးတစ်ကောင်ကား ဥဗျိုင်းအား မယုံကြည်ပေ။ ပုစွန်လုံးအဖို့ ရေမရှိဘဲ ဤအိုင်၌ ဆက်နေမည်ဆိုက နေနိုင်သဖြင့် ဥဗျိုင်းအား ယုံပြီးလိုက်သွားမည်လား၊ ဤအိုင်တွင်ပင် တွင်းအောင်း၍ ဆက်နေမည်လား သံသယဖြစ်လျက်ရှိလေသည်။ ထုံးစံအတိုင်း ဥဗျိုင်းကမူ မှင်သေသေဖြင့် ပုစွန်လုံးအား စည်းရုံးလျက် ရှိ၏။ နောက်ဆုံးတွင် ပုစွန်လုံးက ဥဗျိုင်းအား မယုံ့တယုံနှင့် အပေးအယူ ပြုကြည့်သည်။

"အဆွေတော် ဥဗျိုင်း. . . ကျွန်ုပ်၏ ခန္ဓာကိုယ်ကို ချီမ, ယူရန်မှာ မိတ်ဆွေတို့အဖို့ ခက်ခဲလှ၏။ ကျွန်ုပ်ကလည်း စိုးရိမ်တတ်သူဖြစ်ပါ၏။ ဒါကြောင့် ကျွန်ုပ်က အဆွေတော်၏ လည်ပင်းကိုကိုင်ညှပ်၍ လိုက်ပါရပါမူ စိတ်ချရမည်ထင်ပါသည်"

ငါးပုစွန်များကို စားခဲ့၍ အံတိုနေသော ဥဗျိုင်းသည်လည်း ပုစွန်လုံး၏ အကြံကို ပေါ့ပေါ့တွေးကာ လက်ခံလိုက်လေသည်။

ဥဗျိုင်းပျံသန်းခေါ်ငင်ရာနောက်သို့ ပုစွန်လုံးသည် မိမိလက်မကြီးဖြင့် ဥဗျိုင်း၏လည်ကိုညှပ်၍ လိုက်ပါလာခဲ့၏။ ဥဗျိုင်း၏ ပွဲတော်တည်ရာ ရေခံတက်ပင်သို့ရောက်လျှင် ပင်ခြေမှ ငါးအရိုးပုံကိုကြည့်ပြီး ပုစွန်လုံးအဖို့ ဥဗျိုင်းအား နားလည်လိုက်ပြီဖြစ်၏။

ဥဗျိုင်းကပင် စတင်ပြောသည်။

"ကဲ. . အသင်ပုစွန်လုံး၊ ကျုပ်ကို အသင်၏ကျေးကျွန်ဟုများ ထင်ဘိသလော။ အသင် သေဖို့သာပြင်ပေရော့။ ကျွန်ုပ်စားခဲ့သော ငါးရိုးပုံကိုသာ ပင်ခြေမှာရှုလော့"

ပုစွန်လုံးအဖို့ မြင်ပြီးဖြစ်၍ ပြောစရာပင် မလိုတော့ပေ။

"အသင်ဥဗျိုင်း ကျုပ်မမှားပါ။ မှားသူမှာ အသင်သာတည်း။ ခုအချိန်မှာ အသင့်အား လည်ပင်းမှဖြတ်ချနိုင်သူ ဘယ်သူဆိုတာ အသင်သိပါသလော"

ထိုအခါကျမှ ဥဗျိုင်းသည် လူပါးပုလင်းကွဲရ၍ မြွေပွေးပိုးထိပြီကို သိရှာလေ၏။ ပုစွန်လုံး က ခပ်တင်းတင်း ညှပ်ပြရုံနှင့် ဥဗျိုင်းမှာ အသက်ရှူမှား၍ ဇောချွေးပြန်နေပြီဖြစ်၏။

"အဆွေပုစွန်လုံး အသင့်အား အကျွန်ုပ် မစားတော့ပါ။ အကျွန်ုပ်အား အသက်ဘေးမှ ချမ်းသာပေးပါလော့"

"ကောင်းပြီ။ အသင့်လည်ကို မပြုတ်စေချင်လျှင် အကျွန်ုပ်အား ကြာကန်ကြီးရှိရာသို့ ပို့ပါလော့"

ဥဗျိုင်းသည် တောင်းဆိုချက်ကို ချက်ချင်းသဘောတူကာ ပုစွန်လုံးအား လည်တွင်ညှပ်၍ လိုက်ပါစေပြီး ရေအိုင်သို့ ပျံသန်း ပို့ဆောင်လေသည်။

သို့သော်လည်း မိမိပြုသမျှအတွက် ဝိပါက်ကြမ္မာတစ်ပတ်လည်ပြီကို ဥဗျိုင်းခမျာ မသိနိုင်ရှာပြီ။

ပုစွန်လုံးသည် ကြာကန်အိုင်တည့်တည့် ရောက်သည်နှင့် ကြာရိုးကိုကပ်ကျေးနှင့် ဖြတ်သကဲ့သို့ ဥဗျိုင်း၏လည်ကို လက်မဖြင့် ကိုက်ဖြတ်လိုက်ပြီး မိမိနှင့်အတူ ရေသို့ကျသက်နှစ်မြုပ်စေလေသတည်း။ ဝ

(၃၈။ ကုလာဝကဝဂ်။ ဝကဇာတ်။)

◆◆◆◆◆

# လူရှုံးတဲ့ မျောက်

ရွာဦးကျောင်း ဆရာတော်သည် တိရစ္ဆာန်များကို သနားကြင်နာခြင်း၌ ဝါသနာရှိလေရာ သူ့ကျောင်း၌ တိရစ္ဆာန်မျိုးပေါင်း စုံလှ၏။

အိမ်မွေးတိရစ္ဆာန် ခွေးကြောင်မှ စ၍ ကြက်၊ ကြက်တူရွေး၊ သာလိကာ၊ ကတ္တဝါ၊ ဥဒေါင်းမင်း နှင့် မျောက်တို့ပါဝင်သည်။ တိန်ညင်ကြက်များဆိုလျှင် လွတ်လွတ်လပ်လပ် ပေါက်ပွားနေသည်မှာ အကောင်တစ်ရာနီးပါးပင် ရှိမည်ထင်၏။ ဆရာတော်က သူမွေးမြူထားသော တိရစ္ဆာန်များကို ဂရုတစိုက် ကျွေးမွေး၍ မွေးမြူးထားပြီး လိမ္မာအောင် စကားနှင့် အမူအယာလည်း သင်ပေးထားသည်။ ခွေးနှင့်ကြောင်က ရှိခိုးတတ်၍ ကြက်တူရွေး၊ သာလိကာနှင့် ကတ္တဝါတို့က စကားမျိုးစုံ ပြောတတ်နေသည်။

ဆရာတော်မွေးမြူထားသော ကြက်တူရွေး သာလိကာနှင့် ကတ္တဝါ တို့သည်လည်း အင်မတန် ထူးခြားလှ၏။ အတောင်ပံများ ဖြတ်ထားခြင်းမပြုပါဘဲ အဝေးသို့ ပျံထွက်သွားခြင်း မပြုကြပေ။ သစ်ပင်များပေါ်သို့ ပျံတက် သွားခြင်းမျိုး

ရှိသော်လည်း ဆရာတော်၏ ခေါ်သံကြားသည်နှင့် ကြားရာ အရပ်မှ ပြန်လာတတ်ကြလေ့ရှိသည်။

စကားပြောလည်း အတတ်လွန်၏။

တစ်ခါက ဆရာတော်၏ ကျောင်းတွင် ကတ္တဝါ အိုအိုကြီး တစ်ကောင်ရှိဖူးသည်။ အသက်ကလည်းကြီးပြီဖြစ်၍ ကတ္တဝါကြီး၏ အမွေးအတောင်တို့မှာ ကျွတ်တာကျွတ် မွဲတာမွဲနှင့် အတိုးအိုရုပ် ပေါက်နေသည်။ အခြားသော သာလိကာနှင့် ကြက်တူရွေးတို့က တစ်မျိုးပြီးတစ်မျိုး စကားပြောလျက် ဆူညံနေသလောက် ကတ္တဝါကြီးမှာ ဗီရိုထိပ်တွင် ရပ်နားငြိမ်သက်လျက် ကျွန်ကြီးနှင့် ရှိနေသည်။

တိရစ္ဆာန်များကို လာရောက် ကြည့်ရှုနေသော ကျောင်းသားကျောင်းသူ တစ်သိုက်သည် ငှက်သံဖြင့် လူစကား အမျိုးမျိုး ပြောနေကြသော ကြက်တူရွေး သာလိကာတို့၏ အနီး၌ ဝိုင်းအုံကြည့်ရှုရင်း သဘောကျလျက် ရှိကြသည်။ ဘာစကားတစ်ခွန်းမှ မပြောဘဲ ငြိမ်သက်နေသော ဗီရိုပေါ်မှ ကတ္တဝါကြီးကိုကား ရှိမှန်းပင်မသိကြပေ။ ကတ္တဝါကြီးလည်း အဖိုးကြီးပီပီ သူ့ဆီလူမအုံလေ အေးအေးဆေးဆေး နေရလေ သဘောထားကာ နေနေပုံပင် ရသည်။ ဘေးပတ်ဝန်းကျင်မှ အခြေအနေကို ဂရုစိုက်ခြင်းလည်းမရှိ မူလနေရာ၌သာ မလှုပ် မယှက်။

ကျောင်းသားလေးတစ်ဦးက ဗီရိုထိပ်ပေါ်၌ ကတ္တဝါကြီးကို စတင်တွေ့ရှိသွားသောအခါ ထိုကျောင်းသားလေး၏ သတင်းပေးမှုဖြင့် ကျောင်းသား ကျောင်းသူအများ ဝိုင်းအုံလာကြသည်။ သူတစ်မျိုး ငါတစ်ပေါက်လည်း ဝေဖန်ကြသည်။

" ဟင် ဒီကတ္တဝါကြီးက စကားလည်းမပြောဘူး"

" အေး. . . ဟုတ်တယ်ဟ. . ၊ စကားမပြောတတ်လို့ ဖြစ်မှာပေါ့"

"ဟိုငှက်တွေလို မဟုတ်ဘူးနော်"

ကျောင်းသားကျောင်းသူများ၏ အသံကို ကျော်လွှန်၍ အသံသစ်သံ ပေါ်ထွက်လာသည်။ အသံရှင်က ကတ္တဝါကြီးပင် ဖြစ်လေ၏။ ကျောင်းသူ ကျောင်းသားအားလုံး နားနှင့်ဆတ်ဆတ် ကြားလိုက်ရသဖြင့် ကတ္တဝါကြီးအား သဘောကျမဆုံးအောင်ရှိပြီး အူနှိပ်ကာ ရယ်မောကြရသည်။ ကတ္တဝါအဘိုးအိုကြီး ပြောသောစကားမှာ"ဟေ. . မင်းအဖေကြီးက အိုပြီဟ" ဟူ၍ ဖြစ်ပါသတည်း။

ဆရာတော်၏ကျောင်းတွင် ထိုကဲ့သို့ လိမ္မာသည့် သတ္တဝါများ ရှိနေသဖြင့် ကျောင်းသူကျောင်းသားများ ပျော်ပိုက်ကြသည်။ ရွာသို့ ဧည့်သည်သူစိမ်းများ ရောက်ရှိပါကလည်း

ဆရာတော် မွေးမြူထားသော တိရစ္ဆာန်တို့၏ လိမ္မာပုံ ကြားရရုံနှင့် ဆရာတော်ထံသွားရောက်၍ မဖူးမြော်ဘဲ မနေနိုင်ကြပေ။ သို့ဖြစ်ပေရာ ဆရာတော်၏ကျောင်းတွင် ဧည့်သည်တို့ မပြတ်လပ်ခဲ့သဖြင့် ဆရာတော်မှာ ကိုရင်ကျောင်းသားများအား စာပေသင်ကြားပို့ချမှု မပျက်ရအောင် သတိထားနေရသည်။

ဆရာတော်သည် သူမွေးထားသည့် တိရစ္ဆာန်များအနက် မျောက်ညိုကိုမူ သူကိုယ်တိုင်ပင် ခပ်လန့်လန့်ဖြစ်၏။ မျောက်ညိုကလည်း အတတ်ကလွန်ပါဘိ။ လူလုပ်သမျှအကုန်လုပ်တတ်ပြီး ဆရာတော်၏ ကွယ်ရာတွင် ကျောင်းသားကိုရင်များ သင်ပေးထားသဖြင့် မဖွယ်မရာ အပြုအမူများကိုပါ တတ်နေ၍ ခက်နေသည်။ မျောက်ညိုကြောင့် တစ်နေ့တွင် သူကြားထဲ ရှပ်ပျက်ရမည့်ကိန်းနှင့် ကြုံနိုင်သည်ဟု တွက်ဆကာ မျောက်ညိုအား နေရာတကာ ပွဲမထုတ်ရဲဘဲ ဆရာတော်ကိုယ်တိုင် လန့်နေခြင်းဖြစ်သည်။

ဆရာတော် လန့်နေသည့်ကိန်းသည် မကြာမီ ဆိုက်ရောက်လာပါသည်။

တစ်နေ့တွင် ကျောင်းသို့ ဆွမ်းလာပို့သူ အမျိုးသမီးဒါယိကာမနှစ်ဦးအား မျောက်ညိုက မဖွယ်မရာ ပြုမူပြသသည်။ ဆရာတော်၏အနီးတွင် ဖြစ်သော်လည်း ဆရာတော်က

မမြင်၊ ဒါယိကာမများကမြင်ပြီး မျက်နှာလွှဲပစ်ကာ ရှက်နေကြသည်။

ထိုအချိန်တွင် အသံတစ်သံပေါ်လာသည်။ အသံရှင်ကား ကြက်တူရွေးရွှေခဲ ဖြစ်သည်။

"မျောက်ညို လူညစ်၊ မျောက်ညို လူညစ်"

ထိုအခါကျမှ ဆရာတော်သည် မျောက်ညိုဆီ မျက်စိရောက်သွားရာ မျောက်ညို၏ မဖွယ်မရာ အပြုအမူကို မြင်လိုက်ရသဖြင့် ဒေါသထွက်ကာ အနီးရှိ ဝါးစိမ်းတုတ်ကို ကောက်ယူ၍ မျောက်ညိုဆီ ပစ်ပေါက်လိုက်သည်။ ဆရာတော်ပစ်ပေါက်လိုက်သော ဝါးစိမ်းတုတ်သည် မျောက်ညို၏ တင်ပါးကို တည့်တည့်ထိမှန်သည်။ တုတ်ထိချက်ဖြင့် နာကျင်၍သွားသော မျောက်ညိုသည် သူ့အား ဆရာတော်နှင့် တိုင်ကြားသော ကြက်တူရွေးရွှေခဲအား ငြိုးတေးစွာ မှတ်သားထားလေတော့သည်။

အလှူတစ်ခုသို့ ဆရာတော်သည် ညဉ့်အိပ်ညဉ့်နေကြွသောအခါ မျောက်ညိုသည် သူ၏အငြိုးအတေးကို အကောင်အထည်ဖော်တော့သည်။ ကျောင်းသားကိုရင်များ မရှိခိုက် ကြက်တူရွေးကို ချောင်း၍ဖမ်းယူကာ တစ်ကိုယ်လုံးရှိ

အမွေးများကို နုတ်ပစ်ပြီး ဝါးလုံးခေါင်းတစ်ခုအတွင်းသို့ ထိုးသွင်းထားလေသည်။

ကျောင်းသားကိုရင်များမှာ အမှတ်တမဲ့ထားကြသဖြင့် မသိကြဘဲ အလှူမှ ဆရာတော်ပြန်ကြွလာ၍ မေးမြန်းသောအခါကျမှ ရွှေခဲမရှိမှန်း သိရှိကြပြီး ဟိုရှာသည်ရှာ ရှာကြသည်။ ရွှေခဲ. . ရွှေခဲ. . ဟု သူနာမည်ခေါ်၍ ရှာကြရာ ဝါးလုံးခေါင်းတွင်းမှ အသံပြန်ပေး၍ စိုးရိမ်တကြီး ဝမ်းသာအားရ ထုတ်ယူကြသောအခါ ကြက်တူရွေး ရွှေခဲမှာ အသက်ငွေ့ငွေ့သာ ကျန်ရှိတော့သည်။

ထိုအခါတွင်မှ သူ ဘာမှမပြောသကဲ့သို့ ငြိမ်သက်နေသော မျောက်ညိုသည် ပြဿနာ သူ့ဖက်သို့ ယိုင်လဲလာတော့မည်ကို သိသည့်အလား ဣန္ဒြေပျက်ကာ ဟိုပြေးသည်လွှား ဖြစ်နေတော့သည်။ ဆရာတော်သည် မျောက်ညို၏ လက်ချက်မှန်း သိရှိသွားပြီး ဆုံးမရန် တုတ်ရှာသည်။

ဆရာတော်က မျောက်အညိုအား ဆုံးမရန် တုတ်ရှာရုံရှိသေး၏။ မျောက်ညိုက ကျောင်းဘုံပေါ် ရောက်နှင့်နေပြီဖြစ်သည်။ မီးဖိုထဲမှ ဆွဲယူသွားသော ထင်းမီးစကြီးက မျောက်ညို၏လက်ထဲတွင် လေတိုးတိုင်း မီးတရဲရဲဖြစ်နေသည်ကိုတွေ့ရသဖြင့် ဆရာတော်မှာ ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်ရ

တော့သည်။ မတော်၍ မျောက်ညို့က သက်ငယ်များမိုးထား သော နောက်ဖက် ကျောင်းဆောင်ပေါ် သို့ မီးစကို ပစ်ချလိုက် ပါက နွေခေါင်ခေါင် နေပူပူအချိန် လောင်ကောင်းလိုက်မည့် ဖြစ်ခြင်း။

ဆရာတော်သည် ကိုရင်ကျောင်းသားအားလုံးအား ရေပုံးရေခွက်များဖြင့် မီးငြိမ်းသတ်ရန် အသင့်အနေအထား ယူစေပြီး မျောက်ညို့အား စိတ်ပျော့သွားအောင် ချော့ခေါ် ယူ ရသည်။ တော်ပါသေး၏။ မီးစမှမီးပွားများ မျောက်ညို့၏ ကိုယ်ပေါ် သို့ကျသဖြင့် ယောင်ယမ်းလွှတ်ချပစ်လိုက်သော မီးစ သည် သွပ်ပြားပေါ် မှတစ်ဆင့် အောက်သို့ကျလာသည်။ ဆရာတော်သည် မျောက်ညို့အား သံယောဇဉ် ဖြတ်၍ ရန်ကုန်တိရစ္ဆာန်ဥယျာဉ်သို့ ပေးပို့လှူဒါန်းရန်ကိုပါ စိတ်မ ကောင်းစွာဖြင့် တစ်ပါတည်း ဆုံးဖြတ်မှုပြုရလေတော့ပြီတည်း။



# မျောက်မူးလဲအား ဥယျာဉ်စောင့်ခန့်

ရှေးအခါက ဗာရဏသီပြည်တွင် ဗြဟ္မဒတ်မင်းကြီး မင်းပြုနေလေသည်။

မင်း၏ဥယျာဉ်၌နေသော မျောက်တို့သည် ဥယျာဉ်စောင့်သောသူတို့နှင့် ရင်းနှီးကျွမ်းဝင်လျက်ရှိကြသည်။ လူတို့နှင့် ကျွမ်းဝင်သည့်အလျောက် မျောက်တို့သည် လူတို့ပြုသမျှ အားလုံးကို နောက်မှလိုက်၍ အတုပြု လုပ်ဆောင်နိုင်ကြလေ၏။

တစ်နေ့တွင် ဗာရာဏသီမြို့အလုံး၌ နက္ခတ်သဘင်ပွဲကို ကြီးကျယ်စည်ကားစွာ ကျင်းပရန် စီမံစိုင်းပြင်းလျက်ရှိလေသည်။ မင်းဥယျာဉ်စောင့်သည် နက္ခတ်ပွဲတွင် ပါဝင်ဆင်နွှဲစိတ်ပျွင်းပြ လျက်ရှိလေသည်။ ဥယျာဉ်စောင့်အလုပ်မှာလည်း အခြားအလုပ်များနှင့်မတူပေ။ တစ်နေ့ပျက်ကွက်လျှင် တစ်နေ့ဆိုသလို သစ်ပင်ပန်းမန်တို့ ရေငတ်ကာ ညှိုးနွမ်းကုန်ကြမည်ဖြစ်သည်။ အခြားသူတစ်ဦးအား မိမိနေရာ ကိုယ်စားထားခဲ့ရန်မှာလည်း ထိုသူက ရရှိသည့် အခွင့်အရေးကို အသုံးချ၍ သူ၏ရာထူးကို လုယူသွားမှာလည်း စိုးရပေသည်။



မျောက်မူးလဲကို ဥယျာဉ်စောင့်ခန့်

နောက်ဆုံးတွင် ဥယျာဉ်စောင့်အား အကြံတစ်ခုရရှိလေသည်။ ဥယျာဉ်စောင့်နှင့် ကျွမ်းဝင်နေသော မျောက်များသည် သစ်ပင်ရေလောင်းရာတွင် သူ့အား နေ့စဉ်ပင် အကူအညီပေးနေကြသည်။ ထိုမျောက်များအား ဥယျာဉ်စောင့်နက္ခတ်ပွဲသွားနေတုန်း သစ်ပင်များကို ရေလောင်းထားရန်အသေအချာ သင်ပြမှာကြားထားခဲ့ရန် ဖြစ်လေသည်။

ထိုသို့အကြံရသည်နှင့် ဥယျာဉ်စောင့်သည် မျောက်များအားခေါ်၍ 'အသင်မျောက်တို့ ဤဥယျာဉ်သည် အသင်တို့အား အကျိုးကျေးဇူးများလှပါသည်။ မနက်ဖြန်တွင် နက္ခတ်ပွဲသို့အကျွန်ုပ်သွားနေတုန်း သစ်ပင်ပန်းမန်များ ရေမငတ်အောင်ကျုပ်ကိုယ်စား ရေလောင်းပေးထားနိုင်မလား'ဟု မေးသည်။ခေါင်းဆောင် မျောက်ကြီးက တာဝန်ယူကြောင်း ပြောကြားလျှင် ဥယျာဉ်စောင့်သည် သူ၏အစီအစဉ်အတိုင်း မျောက်တို့အား ရေခတ်ရန် သားရေအိတ် သားရေခွက်တို့ကို ပေးအပ်ခဲ့၍နက္ခတ်ပွဲသဘင်သို့ ထွက်ခဲ့လေသည်။

နက္ခတ်ပွဲသဘင်ပြီး၍ ဥယျာဉ်စောင့် ပြန်ရောက်လာပါပြီ။ ဥယျာဉ်တစ်ခုလုံးရှိ သစ်ပင်ပန်းမန်တို့မှာ အားလုံး အလဲလဲအပြိုပြိုနှင့် ပျက်စီးလျက်ရှိသည်။ မပျက်စီးဘဲရှိပါမည်လား။

မျောက်တို့သည် သစ်ပင်တစ်ပင်အား ရေလောင်း ရမည်ရှိသောအခါ ထိုသစ်ပင်အား ရေဘယ်ရွေ့ဘယ်မျှ လောင်းရမည်ကို သိရှိကြရန် သစ်ပင်၏အမြစ်အရှည်အတိုကို ပထမဦးစွာနုတ်၍ကြည့်ကြသည်။ အမြစ်ရှည်သောအပင်ကို ရေများများလောင်းရန်ဖြစ်ပြီး အမြစ်တိုသောသစ်ပင်အား ရေနည်းနည်းလောင်းရန်ဖြစ်လေသည်။

သစ်ပင်များကို နုတ်ကြည့်ကြသဖြင့် သစ်ပင်၏အမြစ် အရှည်အတိုကိုတော့ သိကြပါပြီ။ သို့သော် သစ်ပင်များကို နေ ထားတကျပြန်မစိုက်ခြင်း၊ ရေသောက်မြစ်များ ပြတ်ကုန်ခြင်း ကြောင့် နုတ်ပြီးသမျှ သစ်ပင်တို့မှာ အားလုံးနီးပါး ပျက်စီးကုန် ကြလေပြီ။

ကြားကြသူအပေါင်းမှာ ရယ်မောမဆုံးကြပေ။ ဉယျာဉ် စောင့်တစ်ဦးသာလျှင် မရယ်မပြုံးနိုင်။ သစ်ပင်ပန်းမန်များမှာ ရေလောင်းစရာပင် မရှိတော့သဖြင့် မင်းပြစ်မင်းဒဏ်သင့် ရောက်ခံရတော့မည်မှာ သေချာသလောက်ဖြစ်နေပေပြီ။ ဝ

(၄၆။ အဋ္ဌကာမဝဂ်၊ အာရာမဒူသကဇာတ်။)

◆◆◆◆◆

# ကျောပူပဲ ခံမည်

တပည့်လက်သား အခြွေအရံနည်းပါးစွာဖြင့် ရွာဦးတွင်ကျောင်းထိုင်စ ကိုယ်တော်လေးအဖို့ နေ့လယ်ပိုင်း ညနေပိုင်းတွင် တစ်ပါးတည်း ပျင်းခြောက်လှပြီး စာအုပ်စာပေများဖြင့် တရားကို အဖော်ပြု၍ နေရလေသည်။

ကိုယ်တော်လေးသည် ဓမ္မကထိက ပုဂ္ဂိုလ်အဆင့်အထိ မမျှော်မှန်းသော်လည်း တရားဟောတော့ ဝါသနာပါသည်။ သို့သော် ဝါကလည်း နုသေး၊ အရပ်ဒေသကလည်း ခပ်စိမ်းစိမ်း ဖြစ်နေသေးသဖြင့် ပွဲတိုးခြင်းတော့ မပြုဖူးပေ။ တရားဟောချင်လျှင် လေ့ကျင့်ခြင်းနှင့် ကျက်မှတ်ခြင်းပြုရသည်ဖြစ်ရာ သာဓုသုန္ဒရီယပ်လှဲတရားစာ၊ ဝဋ္ဋဘေဒနီ ယပ်လှဲတရားစာ၊ သုခဝတီ ယပ်လှဲတရားစာ စသည်ဖြင့် တရားစာအုပ်များကို ကြည့်ရှုကျက်မှတ်၍ တရားဟောလေ့ကျင့် အသံစမ်းခြင်းမျိုးဖြင့်လည်း အချိန်ကုန်လွန်စေရသည်။

ဝါသနာကြောင့်လား မသိ၊ ကိုယ်တော်လေးမှာ တရားဟောလေ့ကျင့်နေရလျှင် အချိန်ကုန်၍ ကုန်မှန်းပင်မသိ ဖြစ်ရ

F.6A

သည်။ ဆွမ်းခံကျောင်းသားကလေး နှစ်ယောက်အား တရားနာ ထိုင်ခိုင်းပြီး တရားဟောလေ့ကျင့်သည်တွင် အငိုက်လွန်ကာ လဲကျ၍ ထိပ်ကွဲဖူးသဖြင့် တရားအနာမခိုင်းရဲတော့ပေ။ တစ်ခါ တစ်ခါမူ ကျက်သရေခန်းထဲသွား၍ တန်းစီမှောက်သိမ်းထား သော မြေအိုးများအနီးတွင် ထိုင်ကာ မြေအိုးများကို တရားနာ ပရိသတ်အမှတ်ဖြင့် တရားဟောလေ့ကျင့်ခဲ့ရသည်လည်း ရှိလေသည်။ ဒါလည်း ကြာတော့ ငြီးငွေ့လာပြီး စိတ်တွင် ဆွဲဆောင်မှုမရပြန်ပေ။

ကိုယ်တော်လေးသည် အကြံတစ်ခု ရှာရသည်။

နွားမွေးသော ကုလားတစ်ယောက်သည် နေ့စဉ် ကျောင်းတွင်းသို့ နွားစာမြက်များ လာလာရိတ်ပြီး ညနေတွင် မြက်ထုံး နှစ်ထုံးကို ထမ်းပိုးဖြင့် ရှေ့နောက်ထမ်း၍ ပြန်ပြန် သွားသည်။ နေ့လယ်နေ့ခင်း နာရီပြန်နှစ်ချက်လောက်ရှိလျှင် သစ်ပင်ရိပ်တွင် ရပ်နား၍ ဆေးသောက်ကွမ်းစား ပြုတတ် သည်။

ကိုယ်တော်လေးသည် အကြံတစ်ခုရှိသည့်အလျောက် နေ့လယ်နေ့ခင်း ကုလားမြက်ရိတ်နားနေချိန်တွင် သစ်ပင်ရိပ် သို့သွား၍ ကုလားနှင့်စကားပြောရသည်။

"ဒကာမှာ နွားဘယ်နှစ်ကောင် ရှိသတုံး"

"နွားနော်. . မရှိပါ ဘုရား"

"နို့. . . ဘာလုပ်ဖို့ မြက်ရိတ်သတုံး ဒကာရဲ့"

"တစ်ညနေ မြက်ရိတ်တယ်၊ မြက်နှစ်ထုံးရတယ်နော်။ မြက်တစ်ထုံး သုံးကျပ်၊ မြက်နှစ်ထုံး ခြောက်ကျပ်ရတယ်၊ ခြောက်ကျပ်နဲ့ ဟင်းဝယ်ချက်စားတယ် ဘုရား"

"ဩော်. . ဒုက္ခ. . ဒုက္ခ၊ နေကလဲ ပူလိုက်တာနော်"

"နေပူသလား မမေးနဲ့ဘုရား။ နေဖက်ကျောပေး မြက်ရိတ်ရတာပဲကြည့်"

"ကျောပေးထားလဲ ကျောပူတာပဲ မဟုတ်လား။ **ကဲ. . .** ဒကာရယ် ဒီလိုလုပ်ပါလား။ ကျောလဲမပူရဘူး၊ **မြက်**လဲ မရိတ်ရဘူး၊ ဟင်းဖိုး ပိုက်ဆံခြောက်ကျပ်လဲ ရမယ်။ အဲဒီ အလုပ်မျိုး မလုပ်ချင်ဘူးလား"

ကုလား၏မျက်လုံးများက ပိုမိုဝင်းလက်လာသဖြင့် ကိုယ်တော်လေး ပေးမည့်အလုပ်ကို စိတ်ဝင်စားသည်ဟု ဆိုနိုင်လေသည်။

"ဘာအလုပ်လဲ ဘုရား"

"တစ်ခြားမဟုတ်ဘူး။ ကျုပ်က တရားဟော လေ့ကျင့်နေတာမှာ တရားနာရမည့် သူနေရာက နေပေးဖို့ပဲ။ သရေစာ သမိုးစာ ရှိရင်လဲ စားတဲ့အခါ စားရင်း ဆေးသောက်ကွမ်းစားရင်းနဲ့ပေါ့။ အိပ်ငိုက်လာရင်လဲ မှေးငိုက် လိုက်ပေါ့။ ဟော. . အချိန်တန်လို့ တရားသိမ်းတဲ့အခါ ပိုက်ဆံခြောက်ကျပ် ယူပြန် ရုံပဲ။ ဘယ့်နဲ့လဲ"

ဆေးသောက် ကွမ်းစားပါ၍လား၊ အိပ်ငိုက်ချင်လည်း ရသည် ဆို၍ပဲလား၊ ဘာကိုကြိုက်သည်တော့ မပြောတတ်။ ကုလားသည် လုပ်ငန်းအသစ်ကို သဘောကျ၍ သွားသည်။

"ဟန်ကျပြီ ဘရာ။ ဘယ်တော့လဲ။ မနက်ဖြန်လား"

ကုလားမှာ ဘာသာခြားတစ်ဦး ဖြစ်သော်လည်း မိရိုးဖလာအဆင့်သာဖြစ်ပြီး ဗုဒ္ဓဘာသာမြန်မာများနှင့် အနေများသူဖြစ်၏။ ကိုယ်တော်လေးသည် ကုလားအား မနက်ဖြန် မြက်ရိတ်လာချိန်တွင် မြက်မရိတ်ဘဲ ကျောင်းပေါ် တက်လာရန် မှာထားခဲ့သည်။

နောက်နေ့နေ့လယ်နှစ်နာရီခန့်တွင် ကိုယ်တော်လေး မှာထားသည့်အတိုင်း ကုလားရောက်လာသည်။ ကုလားအား နေ့ဆွမ်းက လက်ဖက်ရည်ပွဲကျ လက်ဖက်သုတ်နှင့် ရေနွေးကြမ်းအိုးပေးထားပြီး ကိုယ်တော်လေးသည် သူကျက်ထားသော

တရားတစ်ပုဒ်ကို သံနေသံထား အမျိုးမျိုးပြုပြင်ဟောသည်။ ညနေ တရားပွဲသိမ်းသောအခါ ကုလားအား ကိုယ်တော်လေးက ပိုက်ဆံခြောက်ကျပ် ထုတ်ပေးသည်။ ကုလားသည် ကျေနပ်၍ပြန်လေသည်။ ကိုယ်တော်လေးလည်း ကျေနပ်၍ကျန်လေသည်။

နှစ်ရက် သုံးရက်အဆင်ပြေနေသေး၏။ လေးရက်မြောက်တွင် ကုလားသည် အိပ်ငိုက်လာသည်။ ကျောင်းတွင်ရှိသည့် သားရေစာများ တစ်မျိုးပြီးတစ်မျိုး ချကျွေးလည်း အိပ်ငိုက်မပျက်။ ငါးရက်မြောက် ခြောက်ရက်တွင်မူ ကုလားသည် မလာချင်လာချင်နှင့် နောက်ကျပြီးမှ ကျောင်းသို့ရောက်လာ၏။ ခုနစ်ရက်မြောက်တွင်ကား ကုလားသည် ကျောင်းသို့လုံးလုံး ပေါ်မလာတော့ပေ။

ကိုယ်တော်လေးသည် သူ့ဒါယကာကုလား နေမှ ကောင်းရဲ့လားဟု စိတ်ပူပင်မိသေး၏။ မနေ့ကမလာပေမယ့် ဒီနေ့တော့ လာတန်ကောင်းပါရဲ့ဟု ရှစ်ရက်မြောက်နေ့ ဆက်မျှော်သည်။

ကိုယ်တော်လေး၏ ဒါယကာသည် ကျောင်းသို့ လာတော့လာပါ၏။ သို့သော် ကိုယ်တော်လေးထံသို့ မလာပါ။ ကျောင်းဝင်းအတွင်း မြက်ရိတ်နေကျနေရာသို့သာ သွားပြီး မြက်

ရိတ်လေသည်။ တရားနာပုဂ္ဂိုလ် သူ့ထံမလာဘဲ မြက်ရိတ်နေသဖြင့် ကိုယ်တော်လေးမှာ စိတ်ထဲတွင် မရိုးမရွဖြစ်လာသလောက် လာနိုးလာနိုးနှင့် ထိုင်စောင့်နေ၍ မဖြစ်တော့။ ကျောင်းဝရံတာထွက်၍ ကုလားအား လှမ်း၍မေးရသည်။

"ဘယ်လိုလဲ ဒကာရဲ့၊ မနေ့ကလဲမလာဘူး။ ခုလဲ မြက်ပဲရိတ်နေတယ်။ တရားနာ လာတော့လေ"

ကုလားက မြက်ထိုင်ရိတ်နေရာမှ မတ်တတ်ထ၍ ကိုယ်တော်လေးအား ရယ်ပြသည်။ သွားဖြူဖြူတို့က ကုလား၏ အရယ်အပြုံးကို ထင်ရှားအောင်ပြသကဲ့သို့ ရှိလေသည်။

"ဘယ့်နှဲ့လဲ မြက်ရိတ်ခ ဈေးပိုပေးရလို့ မြက်ပြန်ရိတ်တာလား။ ကျုပ်ကလဲ မြက်ရိတ်ခလို ဈေးတက်ပေးပါ့မယ်ဗျား။ မြက်တစ်ထုံး ငါးကျပ်ရနေလို့လား"

ကုလားက ခေါင်းရမ်းရုံမက လက်ပါခါပြသည်။

"မဟုတ်ပါ ဘရာ၊ မြက်တစ်ထုံး သုံးကျပ်ပါပဲ၊ ပိုမရပါ။ ဒါပေမယ့် မြက်ပဲရိတ်တော့မယ် ဘရာ"

"ဟုတ်လား အံ့ရော ဒကာရယ်၊ ဘာပြုလို့လဲ။ နင်တို့ဘုရားက မကြိုက်လို့လား"

"မဟုတ်ပါ·ဘရာ"

"ဒါဖြင့် ကျုပ်ကို အားနာလို့လား၊ အားမနာပါနဲ့။ ကဲ. . လာပါဒကာရယ်။ မြက်ရိတ်ရတာ ကျော့ပူလှပါတယ်"

ကုလားက လက်ခါပြရင်း "ကျေးဇူးတင်ပါတယ် ဘရာ၊ ဒါပေမယ့် ကျော့ပူခံတော့မယ်၊ နားပူမခံတော့ဘူး ဘရာ" ဟု ပြောပြီး ထိုင်၍ မြက်ဆက်ရိတ်နေတော့လေသည်။

ကိုယ်တော်လေးသည် ကုလား၏ဖြေပုံကို သဘောကျပြီး သိမ့်သိမ့်ခါ ရယ်မိလေသည်။ ရယ်ရင်းမှ ကုလားအား တရားနာဖို့ရာ စည်းရုံး၍ ရမည်မဟုတ်တော့မှန်းလည်း နားလည်လိုက်ပါသည်။

တရားနာခြင်းသည် နားစိုက်ထောင်ရခြင်း အာရုံကို စုစည်းထားရခြင်း စသည့်စိတ်ပိုင်းဆိုင်ရာ ကျဉ်းကျပ်မှု လုပ်ငန်းဖြစ်ခြင်းကြောင့် လူမပင်ပန်းသော်လည်း စိတ်ပင်ပန်းရသည်။ လူပဲဆင်းရဲခံမယ်၊ စိတ်ဆင်းရဲမခံနိုင်ဟု လည်းကောင်း၊ စိတ်ထောင်းလျှင် ကိုယ်ကြေဟုလည်းကောင်း စသည်ဖြင့် ဆိုရိုးစကားများလည်း ရှိလေသည်။ မတတ်နိုင်။ နားပူမခံနိုင်တော့ဘဲ ကျော့ပူသာခံတော့မည့် မြက်ရိတ်ကုလားအား ကိုယ်တော်လေး ခွင့်လွှတ်ရပေတော့မည်။ ဝ

◆◆◆◆◆

# ဆိတ်ချေးပြည်ဝက်

ရှေးသရောအခါ ဗာရာဏသီပြည်တွင် ဗြဟ္မဒတ် မင်းကြီးမင်းပြုလေရာ မင်းကြီးတွင် အလွန်တရာ စကားများသော ပုဏ္ဏားတစ်ဦး ရှိလေ၏။

ထိုပုရောဟိတ် ပုဏ္ဏားသည် သူစကားပြောလျှင် ဘယ်သူ့ကိုမှ ပြောခွင့်မပေးဘဲ ထမင်းမေ့ဟင်းမေ့ စကားပြောတတ်သဖြင့် ဗြဟ္မဒတ်မင်းကြီးမှာ ညီလာခံတွင် ပုရောဟိတ်ပုဏ္ဏားနှင့် တွေ့ဆုံရမှာကိုပင် ကြောက်လျက်ရှိ၏။ ထိုပုရောဟိတ်ပုဏ္ဏားအား စကားမပြောအောင် ဘယ်သို့ပြုရပါမည်နည်းဟု ကြံလျက်သာ နေလေသည်။

တစ်နေ့တွင် ဗြဟ္မဒတ်မင်းကြီးသည် ဥယျာဉ်သို့သွားရင်း အရိပ်အာဝါသ ကောင်းလှသော ပညောင်ပင်ကြီး တစ်ပင်အောက်သို့ ဝင်နားသော် ပညောင်ပင်ကြီး အရိပ်ကောင်းလှသည်ဆိုခါမှ ပညောင်ရွက်တို့မှတစ်ဆင့် ထိုးကျလာသော နေခြည်ပျောက်တို့က ပင်အောက်၌ ပြန့်ကျဲနေသည်။ ထူးခြားသည်ကား ထိုနေခြည်ပျောက်တို့တွင် ဆင်ရုပ် မြင်းရုပ်များ

ထင်နေပေရာ ပင်ယံထက်ဆီသို့ မော်ကြည့်မိသည်။ ပညောင် ပင်ပေါ်ရှိ လက်လှမ်းမီရာ ညောင်ရွက်အားလုံးတို့မှာ အပေါက် ငယ်များတန်းစီလျက် ဆင်ရုပ် မြင်းရုပ်ပုံများ ဖော်ထားသည် ကို အံ့ဩဖွယ်ရာ တွေ့ရှိလေသည်။

ပညောင်ပင်အထက်ပိုင်းမှ ညောင်ရွက်များနှင့် မတူ ခြားနားသည်ကို ထောက်လျှင် ဗီဇနိယာမအရ ဖြစ်ပျက်နေ ခြင်းမဟုတ်ပေ။ လက်ရာရှင် ပုဂ္ဂိုလ်တစ်ဦး ရှိရပေမည်ဟု စုံစမ်းစေရာ ပညောင်ပင်ကြီး၏တစ်ဖက်တွင် ညောင်မြစ်များ ပေါ်ခေါင်းအုံးအိပ်နေသော သူဆွံ့အား တွေ့ရပြီး ထိုသူ၏ လက်ပစ်အတတ် ကျွမ်းကျင်မှု လက်ရာဖြစ်ကြောင်း သိရှိကြ သည်။ ရွာသူ သားငယ်များက ပညောင်ပင်ကြီးရှိရာသို့ သူဆွံ့ အား ခေါ်လာခဲ့ကြပြီး ကျောက်စရစ်ခဲငယ်များ ရှာပေး၍ ကျွမ်း ကျင်စွာ ပစ်ပေါက်စေခြင်းအားဖြင့် ညောင်ရွက်များ၌ ဆင်ရုပ် မြင်းရုပ်များ ဖြစ်ပေါ်အောင် ပြုနေကြသည်။ ထိုသို့ပြုလုပ်နေကြ စဉ် ဘုရင်ကြီးကြွလာသည်ကို မြင်ကြသဖြင့် သူဆွံ့အား ထားခဲ့ ပြီး ရွာသူသားငယ်များသည် ရွာထဲသို့ ဝင်ပြေးကြပြီ ဖြစ်ပေ သည်။

ဗြဟ္မဒတ်မင်းကြီးသည် သူဆွံ့၏ ကျောက်စရစ်ပစ် ကျွမ်းကျင်သည့် အတတ်ပညာကို သိရလျှင် ထိုအတတ်ဖြင့်

အလွန်စကားများသော ပုရောဟိတ်ပုဏ္ဏားကြီး၏ နှုတ်ကို ပိတ်စေနိုင်ကောင်းပေသည်ဟု အကြံဖြစ်သည်နှင့် သူဆွံ့အား နန်းတော်သို့ ခေါ်ဆောင်ခဲ့စေလေ၏။

နန်းတော်ညီလာခံရှေ့တွင် တင်းတိမ် (ကန့်လန့်ကာ) တစ်ခုကာရံစေပြီး တင်းတိမ်၌ အပြင်မှ မမြင်စေရအောင် အပေါက်တစ်ခုကို ပြုစေသည်။ တင်းတိမ်အတွင်းဖက်၌ သူဆွံ့အား နေရာယူစေကာ သူဆွံ့အနီး၌ အလုံးကလေးများ ပြုထားသော ဆိတ်ချေးလုံး ပြည့်ဝက်ကို ခွက်ဖြင့် တည်ထားစေသည်။

အကျိုးအကြောင်းမသိရှာသော ပုရောဟိတ်ပုဏ္ဏားမှာလည်း ခါတိုင်းကဲ့သို့ပင် တစ်ပါးသူအား စကားပြောခွင့်မပေးဘဲ ပါးစပ်မှ တံတွေးစင်မတတ် သူချည်း ပြော၍သာ နေတော့သည်။ ပါးစပ်ဟတိုင်း တင်းတိမ်ပေါက်မှ ကျွမ်းကျင်သေသပ်စွာ သူဆွံ့ပစ်သွင်းလိုက်သော ဆိတ်ချေးတုံးများ တစ်တုံးချင်း ဝင်ဝင်နေသည်ကိုပင် မသိ။ စကားပြော၍ အားမရသဖြင့် တံတွေးမျိုချတိုင်း ဆိတ်ချေးတုံးတို့က ဝမ်းခေါင်းထဲ ရောက်ရောက်ကုန်ကြသည်ကိုလည်း မသိ၊ မသိ။ သူဆွံ့ဘေးက ဆိတ်ချေးတုံးပြည့်ဝက်သာ ကုန်သည်။ ပုရောဟိတ်ပုဏ္ဏားမှာ စကားပြောမရပ်သေး။

ဗြဟ္မဒတ်မင်းကြီးသည် သူ၏ ပုရောဟိတ်ပုဏ္ဏားအား ထိုထက် မညှဉ်းဆဲရက်တော့ပေ။

"တဲ့ . . ကဲ ဆရာပုရောဟိတ်ကြီး။ စကားတွေချည်း နင်းပြောမနေနဲ့ဦး။ အသင်၏ဝမ်းထဲသို့ ဆိတ်ချေးပြည်ဝက် ဝင်ပြီးတာကိုပင် သင်မသိလေ။ သည်ထက်များလျှင် သင့်မှာ ဥပဒ်ဖြစ်တော့မည်။ သွားချေ၊ ငှရေသောက်ကာ ဝမ်းနုတ်ပစ် လိုက်မှ သင့်အဖို့ ချမ်းသာရာ ရပေတော့အံ့"

အလွန်တစ်ရာစကားများသော ပုရောဟိတ်ပုဏ္ဏားကြီးကား ရှက်ခြင်းကြီးမက အရှက်ရပြီး ထိုနေ့မှစ၍ ရေငုံနှုတ်ပိတ် လေတော့၏။ "ဆိတ်ချေးပြည်ဝက်" ဟု တစ်နေရာရာမှ စကား သံကြားလိုက်ရုံနှင့် လိပ်ပြာမလုံတော့သည့် ပုရောဟိတ်ပုဏ္ဏား ကြီး၏အဖြစ်ကား နန်းတွင်းနန်းပြင် ပြောစမှတ်ဖြစ်ကာ ကျန်နေပေတော့၏။ ကျောက်စရစ်ပစ်အတတ် ကျွမ်းကျင်သည့် သူဆွံ့အ သူ၏ပညာအစွမ်းဖြင့် ဗြဟ္မဒတ်မင်းကြီး နားချမ်းသာ အောင် စွမ်းဆောင်ကူညီလိုက်နိုင်သည့်အတွက် အခွန်တစ်သိန်း ထွက်ရှိသည့် ရွာလေးရွာကို အုပ်စိုးရသော ရွာစားလေးအဖြစ် ချီးမြှင့်ခြင်းခံရပေသတည်း။ ဝ

(၁၀၇။ ပရောသတဝဂ်၊ သာလိတ္တကဇာတ်။)

◆◆◆

# ဖူးစာပါ အနာပျောက်

တရုတ်လူမျိုးများသည် အသားဖြူ၏။ ကုလားလူမျိုးသည် အသားမည်း၏။ ထိုလူမျိုးနှစ်ဦး ဖူးစာဆုံ၍ စုံတွဲသွားလာသည်ကို မြင်ကြရသောအခါ မပြုံးဘဲမနေနိုင်ကြ။

တစ်ချို့စုံတွဲမှာ အရပ်ရှည်သူနှင့်ပုသူ၊ တစ်ချို့ ဝတုတ်ပြဲနှင့်ပိန်လှီလှီ၊ တစ်ချို့ ရုပ်ရည်ချောမောသူနှင့် အကျည်းတန်သူ။ သည်နှယ် ဆန့်ကျင်ဖက်စုံတွဲမျိုးလည်း မရှားပေ။ ဆန့်ကျင်ဖက်အသွင်ကို ပိုမိုနှစ်သက်တတ်သူများဟုပင် ဆိုရမည်လားမသိပေ။ တစ်ခု ထူးခြားသည်က ထိုဆန့်ကျင်ဖက်စုံတွဲများသည် တစ်ဦးအပေါ်တစ်ဦး စာနာစိတ်ဖြင့် လင်ရယ်မယားရယ် ဘဝမှ ကွဲခဲလေသည်။ သက်ဆုံးတိုင်ရိုးမြေကျ ပေါင်းသင်းသွားသည်ကိုသာ တွေ့ရတတ်ပေသည်။

နဖူးစာ ရှာလည်တတ်သည်။ အကြောင်းရေစက် ဆန်းကြယ်သကဲ့သို့ ဆန်းကြယ်လှ၏။ ဖူးစာနှင့်အကြောင်းကံ ရေစက်တို့ ပေါင်းဆုံမိပြီဆိုမှဖြင့် ဘယ်အရာနှင့်မှ တားဆီး၍ မရတော့

ပေ။ မဖြစ်စလောက် အကြောင်းကလေးပင် ဘဝတစ်ခုလုံးကို အဆုံးအဖြတ် ပြုသွားတတ်လေ၏။

တစ်ခါက ရဟန်းငယ်တစ်ပါးသည် လူထွက်တော့မည်ဟု ရဟန်းဒါယိကာမကြီးထံ သွားရောက်၍ အကျိုးအကြောင်း ပြောပြသည်။ မိမိ၏ရဟန်းအား အင်မတန်ကြည်ညိုလှသူ ပဍ္ဍင်းဒါယိကာမကြီးမှာ ရင်ကွဲပက်လက်ဖြစ်ရှာပြီး အတန်တန် တားကြည့်၏။ မရ။ လူ့ဘဝတွင် စားဝတ်နေမှု အရေးသုံးခုဖြင့် လုံးလည်ချပ်ပြားလိုက်ကာ အမျိုးမျိုး ဒုက္ခသုက္ခ ရောက်ကြရပုံ ပြောပြ၍ တားဆီးကြည့်၏။ မထူး။ ကမ္မဋ္ဌာန်းရိပ်သာတစ်ခုခု ဝင်ကာ တရားပတ်တစ်ခုလောက် တရားအားထုတ်ကြည့်ပါဦး ဟု လမ်းလွှဲတိုက်တွန်းကြည့်၏။ စကားပြန်ပင် မရပေ။

နောက်ဆုံးတွင် ရဟန်းငယ်အား ဘာကြောင့် လူထွက်ချင်ရတာလဲဟု ရဟန်းဒါယိကာမမို့ ရင်းရင်းနှီးနှီးမေးကြည့်သည်။ ထိုအခါကျမှ အဖြေပေါ်လာသည်။ ရဟန်းငယ်သည် လူထွက်ပြီးလျှင် ကျောင်းသို့တစ်ပတ်တစ်ကြိမ် ဆွမ်းအုပ်လာပို့ပို့နေသော ကုန်သည်ကြီးအိမ်မှ ထမင်းချက်အမျိုးသမီးကြီးနှင့် လက်ထပ်ကာ အတူနေထိုင် လုပ်ကိုင်စားတော့မည် ဟူသတတ်။

ကြားရသူ ရဟန်းဒါယိကာမကြီးအဖို့ ပို၍ပင် ရင်ကျိုးစရာ ဖြစ်ရလေ၏။ ရဟန်းငယ်မှာ အသားဖြူဖြူ ရုပ်ရည်ချောချော။ ကုန်သည်ကြီးအိမ်မှ ထမင်းချက်အမျိုးသမီးကား အသက်ခပ်ကြီးကြီး အသားမည်းမည်း၊ မျက်နှာတွင်ကျောက်ပေါက်ရာပင် ပေါ်ပေါ်ထင်ထင် ရှိနေပြီး အရုပ်ဆိုးသူစာရင်း ထည့်ရမည့်သူဖြစ်၏။

"မသင့်ပါဘူး မောင်ပဉ္စင်းရယ်၊ တကယ်လို့ ပါရမီကုန်လို့ လူထွက်ချင်လည်း ထွက်ပါ။ ဘယ်မှလဲ မသွားပါနဲ့။ ဒကာမကြီးတို့နဲ့ပဲနေပြီး မပင်မပန်း လုပ်ကိုင်စားပါ။ အချိန်တန်လို့ တပည့်တော်မရဲ့ တူမမြေးမတွေထဲက ကြိုက်ရင်လဲ အချိန်မရွေး ပေးစားပါ့မယ်ဘုရား"

ရဟန်းဒါယိကာမကြီးမှာ သူရဟန်းခံထားသော ဦးပဉ္စင်းအား သားသမီးများနှင့်တန်းတူ ခင်မင်လျက်ရှိသည်။ သူပဉ္စင်းခံထားသော ရဟန်းအား လူထွက်ပြီး ဆင်းရဲဒုက္ခရောက်နေမည်ကိုလည်း အမှန်မရှုရက်ရှာပေ။

ရဟန်းငယ်ကား မရပေ။ ဆုံးဖြတ်ပြီးသည်ဖြစ်၍ ပြုပြင်မရတော့ကြောင်း ပြောပြကာ ရဟန်းဒါယိကာမကြီးအား မျက်ရည်လည်ရွဲနှင့် ထားခဲ့ပြီး သူ့ဆုံးဖြတ်ချက်အတိုင်းသာ အကောင်အထည်ဖော် လုပ်ဆောင်သွားလေသည်။

ရဟန်း ဒါယိကာမကြီးသာမက ဥပဇ္ဈာယ် ဆရာတော်ဘုရားနှင့် စာသင်ဖက်များကပါ အံ့ဩစုတ်သတ်မိကြလေ၏။ ရဟန်းငယ်သည် ထိုအမျိုးသမီးကြီးအား ဘာကိုများ ကြိုက်နှစ်သက်ပါလိမ့်ဟူသော သံသယမေးခွန်းကို မမေးလိုက်မိကြသည့်အတွက် ပဟေဠိဖြစ်ကျန်ခဲ့ကြလေ၏။

နောင်သောအခါ ရင်းနှီးသူများနှင့်တွေ့မှ ရဟန်းလူထွက်၏ပဟေဠိကို အဖြေညှိယူနိုင်ခဲ့ကြသည်။ "ခင်ဗျားတို့က မသိကြပဲကိုး။ ကျုပ်အဖွားကြီးက ဟင်းချက် အရမ်းကောင်းတာ ဘာလေးနဲ့ဖြစ်ဖြစ် အစပ်တည့်အောင် ချက်တတ်တယ်ဗျ" ဟူ၍ ရဟန်းလူထွက်က ဖွင့်ဟဝန်ခံပါသတည်း။ ○



# အကြိုက်ချင်းမတူ

လွန်လေပြီးသောအခါ ဗာရာဏသီပြည်တွင် ဗြဟ္မဒတ် မင်းကြီး မင်းပြုလေ၏။

တစ်နေ့သောအခါ မင်းကြီးသည် လေသွန်ပြူတင်း အနီးတွင်ထိုင်လျက် နန်းရင်ပြင်သို့ မျက်စိစားပွဲထိုင် ရှုစားကာ နေလေသည်။ ကျေးတောသူ အမျိုးသမီးတစ်ယောက်သည် မင်းရင်ပြင်သို့ဖြတ်ရင်း ဝမ်းနာလာပြီး တပို့တပါးသွားချင်လာသည်။ ဘေးဘီကြည့်ပါသော်လည်း သစ်ပင်ချုံနွယ် အကွယ် အကာမမြင်ပေ။ တစ်ဖက်မှလည်း အန္တရာယ် မလွယ်နိုင်သည် နှင့် မနီးမဝေးမှာပင် ကိုယ်အဝတ်ဖြင့်ပင်ကာကွယ်၍ ကျင်ကြီး ကျင်ငယ်ကိစ္စကို ပြီးစီးလိုက်သည်။ အညစ်အကြေးကို သုတ် သင်ပြီးသော် လျင်စွာထ၍ ထိုနေရာမှ ထွက်ခွာသွားသည်။

မကြာပါ။ မင်းချင်းယောကျာ်းများသည် ထိုအမျိုးသမီး နောက်သို့ လိုက်လာကြပြီး ဘုရင့်အမိန့်ဖြင့် နန်းတော်တွင်းသို့ ခေါ်ဆောင်သွားခြင်းခံရလေသည်။ ကျေးတောသူ အမျိုးသမီး သည် နန်းရင်ပြင်အနီးတွင် အညစ်အကြေးစွန့်ခဲ့မိသည့်အတွက်

ဘုရင်မင်းမြတ် အမျက်တော်ရှသဖြင့် မင်းပြစ်မင်းဒဏ် သင့်တော့မည်ဟု စိုးရိမ်စိတ်ကြီးမားစွာ မင်းချင်းများခေါ်ဆောင်ရာ နန်းတွင်းသို့ လိုက်ပါလာခဲ့ရရှာသည်။

ဗြဟ္မဒတ်မင်းကြီး ရှေ့တော် မှောက်ရောက်သော ကျေးတောသူ အမျိုးသမီးအား ကာမပိုင်လင်ယောကျ်ား ရှိမရှိ မေးသည်။ ကာမပိုင် လင်ယောကျ်ား မရှိသည်၏အဖြစ်ကို သိလျှင် ဗြဟ္မဒတ်မင်းကြီးသည် ကျေးတော်သူအား မိဖုရားကြီး ရာထူးဖြင့် ချီးမြှင့်စုံမက်ခဲ့လေသည်။

ခက်သည်က ထိုကျေးတောသူ မိဖုရားကြီးမှာ တင့်တယ်သော အသွင်အပြင်နှင့် ပြည့်စုံသူမဟုတ်။ မိဖုရားကြီး ရာထူးနှင့် မည်သို့မှမထိုက်။ မိဖုရားကြီးသည် ခန္ဓာကိုယ်ဆူဖြိုးလွန်းသဖြင့် ရက်ကြာသည့်ဂျူသေကောင် ဖူးရောင်ကားသည်နှင့်သာ တူနေတော့သည်။ နန်းတွင်းသူ အချောအလှများနှင့် အသွင်အပြင်အားဖြင့် မည်သို့မျှ မပက်သက်ပေ။ သို့သော်လည်း ရှင်ဘုရင်က တော်ကောက်၍ မြှောက်စားပြီဆိုတော့လည်း မိဖုရားအရာ ရရှိခဲ့သည်သာ။

ဟာရာဏသီပြည့်ရှင် ဗြဟ္မဒတ်မင်းကြီး၏ ရှုမြင်သုံးသပ်မှုပါသော ကောက်ချက်မှာလည်း မဆိုးပေ။

F./A

ကျေးတောသူအမျိုးသမီးသည် လွင်ပြင်မှာပင် အညစ်အကြေးကိုစွပြုသဖြင့် အန္တရာယ်ကိုလွယ်မထားဘဲ ပွင့်ပွင့်လင်းလင်းရှိသူ ဖြစ်၏။ သို့သော် အရှက်အကြောက်ကို မစွန့်မူဘဲ မိမိဝတ်ထားသော အဝတ်ဖြင့် ဖုံးလွှမ်းလျက် ကိစ္စကိုပြီးစီးစေခဲ့ကာ နေရာမှ လျင်မြန်စွာထပေ၏။ ဤအမျိုးသမီးသည် ရောဂါဘယ ကင်းစင်သူသာ ဖြစ်မည်။ ထိုအမျိုးသမီး၏ သားအိမ်သည်လည်း သန့်ရှင်းမည်ဖြစ်၍ သန့်ရှင်းပြီး ဘုန်းကံရှိသော သားယောက်ျားကို သန္ဓေလွယ်လျက် ဖွားမြောက်ပေးရာ၏။ ဗြဟ္မဒတ်မင်းကြီး၏ တစ်ကွက်ကျော် အတွေးအမြင်ဖြစ်ပါသတည်း။ ○

(၁၀၈။ ပရောသတဝဂ်၊ ဗာဟိယဇာတ်။)



E.7B

# ဖံရွေးလွန်းသူ

ရွာမှာ အိမ်ခြေတစ်ထောင်ကျော်ရှိ ရွာကြီးဖြစ်၏။

မြစ်ဝကျွန်းပေါ် ရွာများထုံးစံအတိုင်း ရေကာတာ တစ်လျှောက် ရွာတည်တတ်၍ ရွာတန်းရှည်ဖြစ်သည်။ ရေကာတာအတွင်းပိုင်းက လယ်ယာစိုက်ပျိုး၍ ရေကာတာအပြင်က ပဲမျိုးစုံ ကိုင်းကျွန်းစိုက်ပျိုးကြသည်။ စိုက်ပျိုးမြေ နှစ်မျိုးတွင် လယ်ယာ သီးနှံနှင့် ကိုင်းကျွန်းသီးနှံ နှစ်သီးစား လုပ်ကိုင်ကြကာ ရေကောင်းမြေကောင်း အရပ်ဖြစ်၍လည်း ရွာသူရွာသားများမှာ စီးပွားဖွံ့ဖြိုးကြလေသည်။

စီးပွားဖွံ့ဖြိုး သောင်သာသည် နှင့်အမျှ ဘာသာသာသနာဖွံ့ဖြိုးတိုးတက်သည်။ ရွာဦးစေတီနှင့် ဘုန်းတော်ကြီးကျောင်းတွင် သာသနိကအဆောက်အအုံများ စည်ကား၏။ ကိုယ်ပိုင်မီးစက်ဖြင့် လျှပ်စစ်မီးများ ညစဉ်လင်းထိန်နေပြီး ညဦးပိုင်းတွင်မူ ရွာရိုးတစ်လျှောက် လမ်းမီးပင် ထွန်းလင်းပေးလေသေးသည်။

ရွာဦးဘုန်းတော်ကြီးကျောင်းမှာလည်း သံဃာ ၅၀-ခန့်ကိုလက်ခံနိုင်သည့် စာသင်တိုက်အငယ်စား ထူထောင်ထား

လေသည်။ သံဃာအရေအတွက်ပင် နည်းသော်ငြားလည်း ပထမငယ်၊ ပထမလတ်၊ ပထမကြီး အောင်ချက်ကောင်းသဖြင့် မြို့ကြီးစာသင်တိုက်မှ စာသင်သားအချို့ လာရောက်သီတင်းသုံး စာသင်ကြပေရာ သံဃာဦးရေ နှစ်စဉ်တိုးပွားလျက်ရှိလေသည်။

ကျေးလက်တောရွာ အနေအားဖြင့် သံဃာဦးရေ ပေါ များသည်ကို အကြောင်းပြု၍ နွေရာသီစာမေးပွဲများအပြီး စာသင်ရပ်နားချိန်တွင် ရှင်ပြုရဟန်းခံ အလှူအတန်းများကို ရွာနီးချုပ်စပ် ရွာများကပါ လာရောက်၍ လှူဒါန်းမှု ပြုလုပ်ကြ သဖြင့် ဆရာတော်မှာ နွေရာသီ စာဝါပိတ်ချိန်ဟူ၍ ခရီးခတင်း မထွက်နိုင်အောင်ပင် ဖြစ်သည်။

ယခုလည်း အလှူ့အမ အပျိုကြီး မိခင်သန်းက ရဟန်း ခံရှင်ပြုအလှူအတွက် လာရောက်လျှောက်ထားနေသည်။ အလှူရှင်က ကိစ္စမရှိ။ မြို့ပြများမှာလို တနင်္ဂနွေ စနေ ရုံးဈေး ပိတ်ရက် ဦးစားပေးစရာမလို။ ပြဿဒါးရက်လွတ်၍ ရက်ရာဇာ ဖြစ်ဖို့သာ အရေးကြီးပါသည်။ ခက်သည်က ရဟန်းလောင်းပါ ရွေးပေးနေရခြင်း ဖြစ်သည်။ ပဥ္စင်းအမ အပျိုကြီးသည် အိမ် ထောင်ဖက်ခင်ပွန်း ဇံရွေးသကဲ့သို့ ပစ္စည်းလေးပါး ဒါယိကာမ ခံယူမည့် ရဟန်းလောင်းကို ဇံရွေးနေလေသည်။

"တပည့်တော်မအတွက် ရဟန်းလောင်းကို ဉာဏ်လဲကောင်းပြီး ဥပဓိရုပ်လဲရှိတဲ့ ကိုရင် ရွေးပေးပါဘုရား"

အပျိုကြီးမိခင်သန်းမှာ အသက် ၃၅-နှစ်ကျော် ၄၀-နီးပါးဖြစ်သည်။ မိဘနှစ်ပါး ရှေ့ဆင့်နောက်ဆင့် ကွယ်လွန်ခဲ့ရာ အိမ်တွင် အပျိုကြီးတစ်ဦးတည်း ကျန်ရှိတော့သည်။ အစ်ကိုကြီး၏အိမ်ထောင်ဖက် ယောက်မနှင့်မတည့်သဖြင့်လည်း အတူမနေနိုင်ပေ။ ယခု အပျိုကြီးမိခင်သန်းသည် ဘာစိတ်ကူးဖြင့် ရဟန်းလောင်း ရွေးနေသည် မသိ။

"ဟဲ့. . မိခင်သန်း နင့်ဥစ္စာက ဘယ်လိုလဲဟဲ့။ ဉာဏ်ကောင်းဖို့ စာတော်ဖို့ဆို တော်သေးရဲ့။ ခုတော့ . . ဥပဓိရုပ်ကပါ ဖြောင့်ရဦးမယ်ဆိုတော့ မဟုတ်သေးဘူး။ ရုပ်ရှင်မင်းသားသစ် လျှောက်လှာခေါ်နေတာလားဟဲ့"

"မဟုတ်ပါဘုရား။ တပည့်တော်မဆန္ဒအရ လျှောက်တာပါဘုရား"

"အဲဒါပေ့ါဟ. . . နင့်ဆန္ဒ မပြောနဲ့လေ။ တို့များဘုရားသာသနာမှာက စိတ်နေစိတ်ထား သဒ္ဓါတရားက အဓိကပဲ။ ရုပ်လှတာဟာ စိတ်လှတာလောက် အဖိုးမတန်ဘူးဟဲ့"

"မှန်ပါ့ဘုရား၊ အဲဒါကြောင့် ဥပဓိရုပ် သန့်ပြန့်ဖို့ ထပ်လျှောက်ရခြင်းပါဘုရား"


"ကဲ. . ဥပဓိရုပ်နဲ့ပြည့်စုံတဲ့ ပဥ္စင်းလောင်းရပါပြီတဲ့။ နင်က ဘာလုပ်မှာလဲ၊ ဥပဓိရုပ်နဲ့ပြည့်စုံမှ ရဟန်းခံ ကိုးကွယ်မယ်ဆိုတော့ အဓိပ္ပါယ်လဲ မကောင်းပါဘူး၊ ခက်ပါ့ဟာ"

"ဟော ခက်တာက အရှင်ဘုရားဖြစ်နေပြီ။ အရှင်ဘုရားတို့ပဲ ဟောဟောနေတပဲ မဟုတ်လားဘုရား၊ နောက်ဘဝက ပါရမီတာကံ ကျူးလွန်သူဟာ အင်္ဂါချွတ်ယွင်းတယ် မလှပဘူး၊ ငရဲကတက်ခဲ့သူဖြစ်တယ်။ စိတ်ဓာတ်လဲ မဖြူစင် နိုင်ဘူး၊ ငါးပါးသီလလုံခဲ့ပြီး လူ့ပြည်နတ်ပြည်က လာတဲ့သူတွေ ကျတော့ ရုပ်ဆင်းအင်္ဂါနဲ့လဲ ပြည့်စုံတယ်၊ စိတ်နေစိတ်ထားလဲ နူးညံ့အေးဆေးတယ်ဆိုဘုရား။ တပည့်တော်မရဲ့ စိတ်ကူးထဲ ဥပဓိရုပ်ပါ ထည့်တွေးရတာက ရုပ်လက္ခဏာအရ ဟိုဘဝက ကုသိုလ်ကောင်းမှု ပါလာတဲ့သူဆိုတော့ ပါရမီသမ္ဘာရ ပဋ္ဌာန်း ဆက်ပြီး ရဟန်းဘဝမှာလဲ မြဲနိုင်တာပေါ့ဘုရား။ တပည့်တော်မကို မထင်မလွဲပါနဲ့ဘုရား။ မိဘအမွေထဲက တပည့်တော်မဆိုင်တဲ့ ပစ္စည်းပစ္စယတွေ ထုခွဲရောင်းချပြီး မိဘနှစ်ပါးကို ရည်စူးပြီး ရှင်ပြုရဟန်းခံမယ်။ လယ်တောကိုတော့ အစ်ကိုကြီးနှင့် အပ်ထားပြီ တစ်နှစ်တစ်နှစ်ရတဲ့ အမြတ်ကို ရဟန်းခံထားတဲ့ ဦးပဥ္စင်းကို ပစ္စည်းလေးပါး ထောက်ပံ့မယ်။ တပည့်တော်မ ကတော့ ဒါတွေ စီစဉ်ပြီးတာနဲ့ စစ်ကိုင်းက အဒေါ်ဆီ သွားပြီး သီလရှင်ဝတ်တော့မယ် ဆုံးဖြတ်ထားလို့ပါဘုရား"

သည်တစ်ချီတော့ အပျိုကြီးက ရွာဦးကျောင်း ဆရာတော်ထက် သာသွားပေပြီ။

ပဥ္စင်းအမပြုမည့် အပျိုကြီး မိခင်သန်း၏ အကြံဉာဏ် နှင့်ဆုံးဖြတ်မှုတို့ လျော်ကန်နေရကား ဆရာတော်ကပင် အလျှော့ပေးလိုက်ရလေတော့၏။ အသက် ၁၉-နှစ်ကျော်ပြီး သည့် ကိုရင်ကြီး သုံးလေးပါးကို ခေါ်ပြ၍ မိခင်သန်းစိတ်ကြိုက် ရဟန်းလောင်းရွေးစေရတော့သည်။

တရားနည်းလမ်းအားဖြင့် မှန်ကန်ပါက ဒါယကာ ဒါယိကာမတို့အား ရဟန်းသံဃာတော်က အရှုံးပေးရသော ဇာတ်လမ်းပင် ဖြစ်တော့၏။ ○



# ကန်တော့ဆွမ်း
# လောင်း၍ မရသော ကိုယ်တော်

တစ်ခါသော် အလှူခံရဲရဲ ရဟန်းတစ်ပါးသည် အိမ်ရှင်မတစ်ဦးတည်းရှိသော အိမ်သို့ဝင်၍ ဆွမ်းအလို့ငှာ အလှူခံ၏။ အိမ်ရှင်မသည် အလှူခံရဟန်း၏ ဣန္ဒြေကိုကြည့်၍ သဒ္ဓါစိတ်မဖြစ်ပေါ်ဘဲရှိသည်။ အိမ်တွင် မာတုဂါမတစ်ဦးတည်းရှိ၍လည်း မသင့်လျော်သဖြင့် ကန်တော့ဆွမ်းလောင်း ကြည့်သည်။ သို့သော်လည်း အလှူခံရဟန်းမှာ ဆွမ်းအတွက် ရဲတင်းစွာ အလှူခံလျက်ရှိလေသည်။

"ဒါဆိုလည်း ဆွမ်းချက်ဖို့ ဆန်သွားရှာဦးမယ် ဘုရား"

အမှန်စင်စစ် အိမ်၌ဆန်ရှိပါ၏။ ဟန်ဆောင်ပန်ဆောင် ဆန်ထွက်ရှာပြီး ဆန်မရခဲ့ဟု ပြောကာ အလှူခံရဟန်းအား တစ်ခြားသို့ ဆက်ကြွသွားစေမည်ဟု အိမ်ရှင်မတို့၏ ပရိယာယ်ကို အသုံးပြုလိုက်ခြင်း ဖြစ်ပါသည်။

အိမ်ရှင်မ၏ ပရိယာယ်ကို အလှူခံရဟန်းကလည်း သိရှိသည်။ သည်မျှ အိမ်ကြီးအိမ်ကောင်း ဖြစ်လျက် ဆန်မရှိဟု

ဆိုသည်ကို မယုံကြည်ပေ။ အိမ်မှ အိမ်ရှင်မထွက်သွားသော အခါ အိမ်ခန်းအတွင်းဝင်၍ စနည်းနာထားသည်။ အခန်းတံခါး ထောင့်တွင် ကြံချောင်းတစ်ချောင်း ထောင်ထားသည်ကို လည်းကောင်း၊ မြေအိုးထဲ၌ တင်လဲခဲများ အပြည့်ထည့်ထား သည်ကိုလည်းကောင်း၊ စဉ့်အိုးထဲက ဆန်များအပြင် ဝါးလုံး တန်းတွင် ချိတ်ဆွဲထားသော ငါးရံ့ခြောက်ပါမက ထောပတ်အိုး ကိုလည်းကောင်း တွေ့ရှိမှတ်သားထားခဲ့ပြီး အလှူခံရဟန်း သည် နေရာတွင် ဟန်မပျက် ပြန်ထိုင်နေလေသည်။

အိမ်ရှင်မသည် စိတ်ပျက်လက်ပျက်အသွင်ဖြင့် အိမ်သို့ ပြန်ရောက်လာပြီး ဆန်ချေးငှားမရသဖြင့် အခြားအိမ်သို့ ဆက် ကြွရန် အလှူခံရဟန်းအား လျှောက်ထားလေသည်။ ထိုအခါ အလှူခံရဟန်းသည် လေသံပျော့ဖြင့် ညည်းညူပြလေသည်။

"ကျုပ်ဒီနေ့ထွက်လာတာ ကံကိုမကောင်းပါဘူး ဒကာမကြီး။ ကျောင်းကထွက်ကတည်းက နိမိတ်လက္ခဏာတွေ အပြသား ဒကာမကြီးရဲ့"

"တင်ပါ. . . ဘယ်လိုနိမိတ်လက္ခဏာများလဲ ဘုရား"

"ဒီကြွလာတော့ လမ်းမှာ ဒကာမကြီးအိမ်က ဟိုအခန်း တံခါးကြားမှာ ထောင်ထားတဲ့ ကြံချောင်းလုံးပတ်ရှိတဲ့ မြွေကြီး တစ်ကောင်နဲ့ လမ်းလယ်ခေါင် ပက်ပင်းတိုးတယ်။ မြွေကြီးကို

ပစ်ခတ်ခြောက်လှန့်ဖို့ရာ ခဲလုံးရှာတော့ ဟိုမြေအိုးထဲက တင်လဲ ခဲလောက်ရှိတဲ့ ကျောက်ခဲတုံးတွေတွေ့တာနဲ့ ကောက်ပြီးပစ်ပေါက်လိုက်တယ်။ မြွေကြီးဟာ ရန်သူကိုရန်မူဖို့လို့ ပါးပျဉ်းကြီးဖြန့်လိုက်တာများ ပါးပျဉ်းခွက်ဟာ ဒါယိကာမကြီးအိမ်က မီးဖိုတန်းမှာချိတ်ဆွဲထားတဲ့ ငါးရံ့ခြောက်အပြားလောက်ရှိတယ်။ ပစ်လိုက်တဲ့ ကျောက်ခဲလုံးကို ကိုက်မယ်လို့ သွားဖြဲလိုက်တာ မြွေကြီးရဲ့ သွားတွေဟာ ဒါယိကာမကြီးအိမ်ထဲက စဉ့်အိုးထဲကဆန်စေ့တွေလို ဖြူဖွေးနေတာပဲ။ မြွေကြီးဟာ ဒေါသတွေ တရှူးရှူးနဲ့ အဆိပ်တွေ အမြှုပ်တွေ မှုတ်ထုတ်လိုက်တာ ဆိုရင် ဒါယိကာမကြီးအိမ်က ထောပတ်အိုးထဲက ထောပတ်တွေ အတိုင်းပဲ။ ဒါကြောင့်ပြောတာ ထွက်လာကတည်းက ကျုပ်ကိုကက်မကောင်းခဲ့တာပါလို့-ဒကာမကြီးရဲ့"

အိမ်ရှင် ဒါယိကာမကြီးလည်း မတတ်သာတော့။ အတင့်ရဲလှသည့် အလှူခံရဟန်းအား အရှုံးပေးကာ ဆွမ်းတစ်နပ်ချက်၍ ကပ်လှူလိုက်ရလေသတည်း။ ○

မှတ်ချက်။ ။ စင်စစ် မိမိလိုဘကို ရိပ်၍သိ၍ ပြောဆိုနည်းဖြင့်အလှူခံခြင်းမျိုး(သာမန္တဇပ္ပန)ကို ရဟန်းတော်များ မပြုအပ်ကြောင်း ပုံဝတ္ထုတစ်ခုဖြစ်ပါသည်။

(ဝိသုဒ္ဓိမဂ်၊ ၄။ ၁။ ၁၈။)

◆◆◆



မြေခွေးအကြံ ပုဏ္ဏားခံ

## မြေခွေးအကြံ ပုဏ္ဏားခံ

ရှေးအခါက ဗာရာဏသီပြည်တွင် နက္ခတ်သဘင်ပွဲကို ခြိမ့်ခြိမ့်သဲမျှ ကျင်းပ၍နေသည်။ နက္ခတ်တာရာတို့အား ပူဇော်ပသ၍ထားသော ငါးအမဲတို့မှာ လမ်းဆုံလမ်းခွတို့၌ ဖရိုဖရဲ ကြဲလျက်ထားကြ၏။ အိုးခင်းတို့ဖြင့်အပြည့် သေအရက်တို့ကို လည်း ချထားကြကုန်၏။

ညဉ့်နက်သန်းခေါင်ယံ အချိန်တွင် ရေပြွန်ပေါက်တစ်ခု မှ မြို့အတွင်းသို့ အစာရှာဝင်လာသော တောတွင်း မြေခွေးတစ် ကောင်အဖို့ ပွဲတော်ကြီးနှင့် အသင့်တိုးခဲ့လေပြီ။ နက္ခတ်တာရာ တို့အား ပူဇော်ပသထားသော အမဲသားငါးတို့ကို စိတ်ကြိုက် ပွဲတော်တည်၍ မြေခွက်ထဲရှိ သေအရက်တို့ကိုလည်း သဘော ရှိသောက်သုံးပြီးနောက် မြေခွေးသည် အရက်မူးသမားတစ်ဦး ၏ စည်းစိမ်အပြည့်ဖြင့် ချုံတစ်ခုအကြား၌ လောကကြီးကိုမေ့ သွားအောင် အိပ်ပျော်သွားခဲ့လေ၏။

နံနက် မိုးစင်စင်လင်းပါပြီ။

မြေခွေးအဖို့ အခက်ကြုံလေပြီ။ မြို့ပြင်ထွက်ဖို့ နေနေသာသာ ပုန်းခိုနေသော ချုံကြားမှထွက်လိုက်ရုံနှင့် တွေ့ရှိသူ လူတစ်ဦးဦးက လူစု၍ဝိုင်းလိုက်ကာ မြေခွေးအား ဇီဝိန်ဖြုတ်ပစ်လိုက်ကြတော့မှာ သေချာသည်။ အခြား မြို့ခွေးများ တွေ့လျှင်လည်း ခွေးတပ်ချီလာပြီး ဝိုင်းလိုက်သဖြင့် အသက်ကို ဘယ်ကထွက်ရမှန်းပင် သိလိုက်မည် မထင်ပေ။

မြေခွေးပီပီ အကြံထုတ်ရတော့သည်။

နံနက်စောစော မျက်နှာသစ်ရန် ထွက်လာသော ပုဏ္ဏား တစ်ယောက်ကိုမြင်လျှင် မြေခွေး၌ အကြံတစ်ခုပေါ်လာသည်။ ပုဏ္ဏားအား အမှီပြု၍ မြို့ပြင်သို့ ထွက်နိုင်သည့်အကြံ ဖြစ်လေသည်။

"အသင်ပုဏ္ဏား"

ခေါ်သူမတွေ့ရဘဲ ခေါ်သံကြားသဖြင့် ပုဏ္ဏားသည် ဟိုသည်ကြည့်၍ ပြန်မေးလိုက်သည်။

"ကျုပ်ကိုခေါ်တာ အဘယ်သူပါလဲ"

မြေခွေးသည် ပုဏ္ဏား၏စကားတုံ့ကိုကြည့်၍ အန္တရာယ် မရှိနိုင်ဟု တွက်ဆပြီး ချုံကွယ်မှ ထွက်၍ပြသည်။

"အကျွန်ုပ်ခေါ်ပါတယ် အသင်ပုဏ္ဏား"

"ဘာကိစ္စ ခေါ်သလဲ"

"အသင်ပုဏ္ဏား အကျွန်ုပ်ပြောပြသည်ကို ယုံပါ။ အကျွန်ုပ်တွင် အသပြာနှစ်ရာရှိပါသည်။ မြို့ပြင်က တောအုပ်ထဲမှာ မြှုပ်ထားပါသည်။ အကျွန်ုပ်ချည်း မြို့ပြင်မထွက်ရဲပါ။ အကျွန်ုပ်ကို အသင်ပုဏ္ဏားရဲ့ လက်ကတီး (ချိုင်း)ကြားမှာ ထားပြီး မြို့ပြင်ထုတ်ပေးပါက အကျွန်ုပ်မြှုပ်ထားသော အသပြာနှစ်ရာကို အသင်ပုဏ္ဏားအား ကျေးဇူးဆပ်ပါမည် အသင်ပုဏ္ဏား"

ပုဏ္ဏားတို့မည်သည်ကား လိုချင်လောဘကြီးကုန်၏။ ပစ္စည်းဥစ္စာ၌ တပ်မက်မောကြကုန်၏။ မြေခွေး၏ စကားကို ကြားသည်ဆိုရုံမျှနှင့် ပုဏ္ဏား၏စိတ်၌ အသပြာနှစ်ရာ အချောင်ရလိုမှုက ငန်းငန်းတက်သွားသည်။

ပုဏ္ဏားသည် မြေခွေးပြောဆိုသည့်အတိုင်း လက်ကတီးကြား၌ မြေခွေးအားထား၍ လူအများမမြင်အောင် ဖုံးကာ မြို့ပြင်ထုတ်ပေးသည်။ မြို့ပြင်ရောက်လျှင် မြေခွေးက ပုဏ္ဏား၏ လက်ကတီးကြားမှ မဆင်းသေးဘဲ "အသင်ပုဏ္ဏား ဘယ်နား ရောက်ပြီလဲ" ဟုမေးသည်။ ပုဏ္ဏားက ဘယ်နားရောက်ပါပြီ ဖြစ်ကြောင်းပြောရသည်။ မြေခွေးက ဘယ်နားရောက်အောင်

သွားပါဦးဟုစေခိုင်းရာ အသပြာလောဘဇောဖြင့် မြေခွေး စေခိုင်းသမျှ ပုဏ္ဏားသည် ပြုလုပ်ရရှာ၏။

သင်္ချိုင်းတစ်ခုအနီးသို့ ရောက်ရှိသောအခါ မြေခွေးက ပုဏ္ဏားအား ရပ်စေသည်။ သုသာန်သင်္ချိုင်းကုန်းက မြေခွေးတို့ ၏ ကျင်လည်ကျက်စားရာ အရပ်ပေတည်း။

"အသင်ပုဏ္ဏား အသင်၏အပေါ်ရုံဖြူကို ဤနေရာ၌ ခင်းလော့"

ပုဏ္ဏားသည် မြေခွေးက အသပြာနှစ်ရာကို ပေးတော့ မည်မှတ်ထင်ကာ အပေါ်ရုံအဖြူကို ကဗျာကသီချွတ်၍ ဝမ်းသာ အားရစွာ မြေပေါ်ဖြန့်ခင်းပေးသည်။ မြေခွေးသည် ပုဏ္ဏားအား အနီးရှိ သစ်ပင်တစ်ပင်၏အရင်း၌ မြေကြီးကို တူးဆွဟန်ပြ၍ ပြောသည်။

"အသင်ပုဏ္ဏား ဒီနေရာဟာ အသပြာနှစ်ရာကို အကျွန်ုပ် မြှုပ်နှံထားတဲ့ နေရာပါပဲ။ တူး၍ယူပါလော့"

ပုဏ္ဏားသည် အသပြာနှစ်ရာကို ရရှိတော့မည်ဟု သစ်ခက်သစ်ကိုင်းများချိုးဖဲ့၍ ဇွတ်ချွန်ပြုလုပ်ကာ မြေခွေးပြ သည့်နေရာ၌ စတင်တူးတော့သည်။ ပုဏ္ဏားသည် အသပြာ နှစ်ရာရလိုဇောဖြင့် မိမိအနီးရှိ မြေခွေးကိုပင် ဘာလုပ်နေမှန်း လှည့်မကြည့်အားတော့ပေ။

မြေခွေးကား ပုဏ္ဏားဖြန့်ခင်းပေးထားသော အပေါ်ရုံ ပုဆိုးဖြူပေါ်သို့တက်၍ ထောင့်လေးထောင့်နှင့် အလယ်ဗဟို ငါးနေရာစလုံး၌ မစင်တို့ကို စွန့်ချ လိမ်းကျံစေပြီးလျှင် တောစပ်သို့ ဝင်ရောက်ပျောက်ကွယ်သွားလေပြီတည်း။

အသပြာနှင့်တူတာဆို၍ ယောက်သွား(ဂုံး)ခွံ တစ်ခုပင် ပိုင်ဆိုင်ခြင်းမရှိသော မြေခွေးအား အဘယ်မှာ အသပြာနှစ်ရာရှိပါမည်နည်း။ ပုဏ္ဏားသိရှိသော အချိန်တွင် မြေခွေး၏ အမြီးကိုမျှ မမြင်လိုက်ရတော့ပေ။

အသပြာ၌ တပ်မက်မောမှုက လွှမ်းကဲပြီး ယုတ္တိတန်, မတန်ကိုမျှ မဝေခွဲနိုင်သော ပုဏ္ဏားသည် မြေခွေး၏အလှည့်စားကို ခံရရုံသာမက နှစ်လုံးမသာယာစွာဖြင့် မစင်များ လူးကျံနေသော အပေါ်ရုံပုဆိုးဖြူကို လုံးထွေးပွေ့ပိုက်လျက် မြို့တွင်းသို့ ဝင်ခဲ့ရရှာသတည်း။ ◯

(၁၀၃။ ဟံစိဝဂ်၊ သိင်္ဂါလဇာတ်။)



# နိုးနေပြီဗျ

ရွာဦးကျောင်းမှ ဘုန်းတော်ကြီးသင် မူလတန်းကျောင်းသား မောင်ရေအေးသည် ဦးသူငယ် ဒေါ်လှညိုတို့၏ သားထွေးဖြစ်၏။ မောင်ရေအေး၏မွေးနေ့မှာ သောကြာနေ့ဖြစ်သဖြင့် သူ့တွင် နေ့သင့်နံသင့် မှည့်ထားသော အခြားနာမည်တစ်ခု ရှိသေးသည်။ သို့သော်လည်း ထိုနာမည်မှာ ကျောင်းသားစာရင်းတွင်သာရှိပြီး တစ်ကျောင်းလုံး တစ်ရွာလုံးက မောင်ရေအေးဟူ၍သာ ခေါ်ဝေါ်ခြင်းပြုကြလေသည်။ သောကြာသား စကားများဟုဆိုသော်လည်း ဤသောကြာသားကား အေးမှအေး။

စင်စစ် မောင်ရေအေးသာလျှင် သူ့နာမည်နှင့် လိုက်ဖက်လှသည်။ မောင်ရေအေး ကလေးပေါက်စဘဝက ငိုယိုခြင်း၊ ပူလောင်ခြင်း အလျဉ်းမရှိသဖြင့် "ကလေးလေးက တော်လိုက်တာဟယ်။ အိမ်မှာ ကလေးရှိမှန်းတောင် မသိရဘူး"ဟု ချစ်စနိုးနှင့် အပြောခံခဲ့ရသူ ဖြစ်သည်။ စကားပြောတတ်စအရွယ်ရောက်တော့လည်း စကားသင်စတွင် အဆဲကိုသင်၍မရပေ။ 'စကားတတ်စ အဆဲက'ဟုသဘောထားကြလျက် မိကြီး၊ မိထွေး

နှင့်အစ်ကိုအစ်မများက အဆဲမျိုးစုံ သင်ပေးတတ်ကြသည်များ **ရှိပါသည်။** မောင်ရေအေးကမူ အဆဲသင်ရာတွင် ရှေ့ကဆိုခိုင်း **တုန်း၌သာ** နောက်ကနေ မပီကလာ ပီကလာ လိုက်လိုက်ဆို **သော်လည်း ပြီးတော့** နှုတ်တွင် စွဲမကျန်ခဲ့ပေ။ ထို့ကြောင့်ပင် အချို့က '**ရှာဦးကျောင်း** ပထမဆရာတော်ပျံလွန်ပြီး ဝင်စားထား တဲ့ကလေးနဲ့ **တူပါတယ်'ဟု** မှတ်ချက်ချ၍ ပြောတတ်ကြလေ သည်။

တစ်နေ့တွင် **ကျောင်း**သား မောင်ရေအေး တစ် ယောက် နေ့လယ် **ကျောင်းတက်ချိန်ကြီးတွင်** မျက်နှာမသာ မယာနှင့် အိမ်သို့ပြန်လာသည်။ ခါတိုင်းကျောင်းတက်ချိန် ဤသို့ အိမ်ပြန်မလာဖူးသော မောင်ရေအေးအား လှမ်းမြင်သည်နှင့် မောင်ရေအေး၏ မိခင်သည် ပျာပျာသလဲ ဖြစ်သွားရှာသည်၊ နေမကောင်း၍ ကျောင်းကပြန်လွှတ်သလား။ စာမရလို့ စာသင် ဦးပဉ္စင်း၏ ရိုက်ခံထိလို့လား။ အတန်းသားချင်း ရန်ဖြစ်ကာ အထိုးအကျိတ်ပဲ ခံခဲ့ရသလား။

"သား. . ဘာပြုလို့ ကျောင်းတက်ချိန်ကြီး ပြန်လာရ သလဲ။ သား. . . နေမကောင်းလို့လား"

မိခင်က အိမ်ဝမှဆီးကြို၍ မောင်ရေအေး၏ နဖူးဆံစ ကို စမ်းကြည့်ရုံရှိသေး။ မောင်ရေအေး၏ မျက်လုံးရွဲကြီးများ၌

မျက်ရည်တို့က ယိုစိမ့်လျှံကျလာပြီ။ နှုတ်ကမူ တစ်စုံတစ်ရာ မပြောပေ။

မိခင်မှာ ပို၍ စိတ်ပူသွားသည်။

"သား. . ပြောစမ်း မေမေ့ကို၊ ကျောင်းမှာ ဘာဖြစ်လာခဲ့သလဲ၊ ဘယ်သူနဲ့ ရန်ဖြစ်ခဲ့သလဲ ပြောလေ"

မိခင်က မေးလွန်းမှ မောင်ရေအေးထံမှ စကားသံထွက်လာသည်။

" ကျောင်းက စာပြတဲ့ ဦးပဥ္စင်းက မေမေ့ကိုဆဲတယ်"

"ဟဲ့. . . မဟုတ်တာ သားရယ်။ ဦးဇင်းက ဆဲပါ့မလား သားရဲ့"

"ဟုတ်တယ် အမေရဲ့။ သားကို စာမေးတာ သားဖြေတာမှားတော့ ဦးဇင်းက မေမေ့ကိုဆဲတယ်"

"နေပါဦး၊ သားကို ဦးဇင်းက ဘယ်လိုဆဲလို့လဲ"

"မင့်အမေဖင်ခွက်. . တဲ့"

"ဟဲ့. . သားရဲ့ ဒါ. . ဆဲတာမှမဟုတ်ဘဲ။ တိုင်းထွာတာလဲမဟုတ်ဘူး၊ သားက ဘာနာစရာလိုလဲ"

မောင်ရေအေးက မျက်ရည်သုတ်ရင်း မိခင်အား ပြန်ပြောသည်။

"မေမေကလဲဗျာ ဘာမှမသိဘဲနဲ့။ ဒါ ဆဲတာပေါ့ အမေရ။ မင့်အမေဖင်ခွက်ဆိုတော့ နီးနေပြီဗျ အမေရဲ့၊ နီးနေပြီ"

မိခင်လုပ်သူမှာ သားဖြစ်သူ မောင်ရေအေး၏ စကားကြားတော့ သားငယ်အား ဖက်၍ ခွက်ထိုးခွက်လန် ရယ်မိလေသည်။ လယ်ထဲချောင်းထဲ အလုပ်မဆင်းခင် နောက်ဖေးနွားတင်းကုတ်ထဲ နွားကြည့်၍ ပြန်လာသော ဖခင်အား မိခင်က အကြောင်းစုံတစ်ဖန် ဖောက်သည်ချပြီး ရယ်မောမဆုံးကြတော့ပေ။ ○



# နွားလိမ္မာ ဆဲတာမကြိုက်

နှုတ်လှံ့ထိုးခြင်း၊ ဆဲရေးတိုင်းထွာခြင်းကို လူမမယ် ကျောင်းသားသူငယ်ကသာ မနှစ်သက်သည်မဟုတ်၊ လူဇာတ် မဟုတ်သည့် အဟိတ်တိရစ္ဆာန်များသည်ပင် မနှစ်မြို့တတ်ပေ။ ကျေးလက်ဒေသများရှိ လယ်ယာလုပ်ငန်းခွင်သုံး အိမ်မွေး တိရစ္ဆာန်များသည်လည်း ဆဲဆိုကြိမ်းမောင်း၍ ခိုင်းလျှင် မနှစ် သက်သည့် လက္ခဏာပြသကြောင်းကို ကြားသိဖူးကြပေမည်။

လွန်လေပြီးသောအခါ ဂန္ဓာရတိုင်း တက္ကသိုလ်ပြည် တွင် ဂန္ဓာရမင်းသည်မင်းပြုအုပ်ချုပ်နေစဉ် ဘုရားလောင်းသည် နွားလားဥသဘမျိုး၌ ဖြစ်၍ နန္ဒိဝိသာလဟု အမည်တွင်လေ သည်။

ဘုရားလောင်းသည် အသက်ငယ်စဉ်က နွားလှူသူ များထံမှ တစ်ဆင့် ပုဏ္ဏားတစ်ယောက်၏ လက်ဝယ်သို့ ရောက် ရှိကြီးပြင်းခဲ့ရသည်။ ပုဏ္ဏားသည် ဘုရားလောင်း နန္ဒိဝိသာလ အား မိမိသားတစ်မျှ ချစ်ခင်နှစ်သက်သည့်အလျောက် ယာဂု ထမင်းစသည်ဖြင့် လူတစ်ဦးကဲ့သို့ ကျွေးမွေးပြုစုသည်။ နန္ဒိ

ဝိသာလသည်လည်း သူ့အား ကျွေးမွေးပြုစုသည့် သခင်ပုဏ္ဏား၏ကျေးဇူးကို အစဉ်အောက်မေ့လျက် ကျေးဇူးတုံ့ဆပ်ရန်သာ အကြံထုတ်လျက်ရှိလေသည်။

နန္ဒိဝိသာလသည် သူ့အားအစွမ်းကို ယုံကြည်နေသည်။ တစ်စပ်တည်းဖွဲ့ချည်ထားသော ဝန်အပြည့် လှည်းအစီးတစ်ရာကို လောင်းတမ်းပြုစေပြီး ရုန်းဆွဲနိုင်ပါက လောင်းကြေးမြတ်နိုင်သည်။ ဤနည်းဖြင့် မိမိကျေးဇူးရှင် ပုဏ္ဏားအား ကျေးဇူးတုံ့ဆပ်နိုင်မည်ဟု ယုံကြည်လေသည်။

ပုဏ္ဏားအား ထိုအကြောင်းပြောပြသောအခါ ပုဏ္ဏားကလည်း နန္ဒိသာလ၏ အကြံကို သဘောတူကာ ဂေါဝိတ္တက သူဌေးနှင့် အသပြာတစ်ထောင်ကြေး လောင်းတမ်းပြုကြသည်။ တစ်စပ်တည်း ဖွဲ့ထားသော ကျောက်စရစ်ခဲ ဝန်အပြည့်နှင့် လှည်းအစီးတစ်ရာကို နန္ဒိဝိသာလနွားက ရုန်းဆွဲပြမည်။ ရုန်းဆွဲနိုင်လျှင် နွားရှင်ပုဏ္ဏားကနိုင်၍ မရုန်းဆွဲနိုင်ပါက ဂေါဝိတ္တသူဌေးက အနိုင်ရမည်ဖြစ်ပေသည်။

ပြိုင်ပွဲနေ့ ရောက်ပါပြီ။

အစီးတစ်ရာ လှည်းတန်းကြီးကို လှည်းအိမ်များတွင် ဝါးလုံးဖြင့် တောက်လျှောက်တစ်စပ်တည်း ဖွဲ့ချည်ထားသည်။ လှည်းအသီးသီးပေါ်တွင် ကျောက်စရစ်ခဲများအပြည့် ဝန်တင်ထား

သည်။ ပုဏ္ဏားသည် နန္ဒိဝိသာလနွားအား နံ့သာရည်ဖြင့် သွန်းဖျန်း၍ နံ့သာဖြင့် လက်ငါးချောင်းရာပြုကာ ထိပ်ဆုံးလှည်း၌ တစ်ကောင်တည်း က, ထားသည်။ ထိုထိပ်ဆုံးလှည်းပေါ်၌ ပုဏ္ဏားသည် နှင်တံကိုကိုင်လျက် ပြိုင်ပွဲစရန် အသင့်အနေအထားဖြင့် ထိုင်နေလေသည်။

ပြိုင်ပွဲစရန် နှစ်ဦးနှစ်ဖက် သဘောတူသည်နှင့် ပုဏ္ဏားသည် နန္ဒိဝိသာလအား နှင့်တံဖြင့် ရိုက်ဟန်ပြု၍ လှည်းကို စတင် မောင်းနှင်သည်။ နန္ဒိဝိသာလအဖို့ ကံမကောင်းလှဟု ဆိုရပေမည်။ သခင်ပုဏ္ဏားမှာ ငယ်စဉ်က အကျင့်အပျောက်။ နေရာ တကာတွင် တိုင်းထွာဆဲရေး ပြောဆိုမှ စကားပြောအားရသူ ဖြစ်လေသည်။ ယခုလည်း နန္ဒိဝိသာလအား ဆဲရေး တိုင်းထွာ၍ မောင်းနှင်ပါတော့သည်။

"ဟဲ့. . နွားလိမ်နွားကောက် ရုန်းတော့လေ"

"ဟဲ့. . ဒီ. . ငနွား သွားပါတော့လား"

လှည်းအစီးတစ်ရာ ထားဦး၊ ထိပ်ဆုံးလှည်းသည်ပင် တုတ်တုတ်မျှ မလှုပ်။ အဘယ်သို့ လှုပ်ပါမည်နည်း။ နန္ဒိဝိသာလသည် သူ့အား မကောက်ကျစ်ပါဘဲနှင့် ကောက်ကျစ်သူဟု မထီမဲ့မြင် ဆဲရေးတိုင်းထွာသည်။ ဆဲသံကြားရုံနှင့် နားထဲသို့ ဆူးခက်ကြီး ထိုးဝင်လာသကဲ့သို့ မနှစ်မြို့နိုင်ရှာပေ။ နန္ဒိဝိသာလ

သည် လှည်းအစီးတစ်ရာကို ရုန်းဆောင်ရမည့် ခွန်းအားတို့ကို မစုစည်းတော့ဘဲ ခြေလေးချောင်းလုံး ပေ၍ စုံရပ်နေလိုက်တော့သည်။

နန္ဒိဝိသာလက လှည်းကို ဟန်ဆောင်ပန်ဆောင်မျှ ရုန်းဆွဲခြင်းမပြုလေ၊ ပုဏ္ဏားမှာ ဒေါသထွက်လေ၊ ပို၍ဆဲရေးလေသည်။နန္ဒိဝိသာလလည်း အယုတ္တအနတ္တတွေနှင့် ပို၍ ဆဲရေးခံရလေ၊ သူ၏ဆုံးဖြတ်ချက် ခိုင်မာလေဖြစ်ကာ မလှုပ်ရေးချ မလှုပ်တော့။

ဂေါဝိတ္တက ပုဏ္ဏားအားသာလျှင် အနိုင်ရရှိကာ အသပြာတစ်ထောင်ထုပ်ကို ရင်ဝယ်ပိုက်ခဲ့လေ၏။

ပုဏ္ဏားသည် နန္ဒိဝိသာလနွားလား၏ အကြံဉာဏ်အစီအမံကို သုံးကြည့်ပြီး အလောင်းအစား ပြုမိလေရာ ငွေအသပြာ တစ်ထောင်ဆုံးရှုံးရသဖြင့် ကြံမှိုင်လဲလျောင်းလျက်ရှိလေသည်။ အေးအေးဆေးဆေး ရှိသောအခါ နန္ဒိဝိသာလသည် ကျေးဇူးရှင် ပုဏ္ဏားရှိရာသို့ လာသည်။ မိမိ၏ ကျေးဇူးရှင် ပုဏ္ဏားအား ကြံမှိုင်လျက် တွေ့လျှင် နန္ဒိဝိသာလ၏ စိတ်တွင် မချမ်းသာပေ။ ပုဏ္ဏားသည်လည်း နန္ဒိဝိသာလအား မြင်ရလျှင် စိတ်မသက်မသာနှင့် မျက်နှာမှာ ပို၍ ညှိုးမှိန်သွားလေ၏။

နန္ဒိဝိသာလ နွားလားက ကျေးဇူးရှင်ပုဏ္ဏားအား ခပ်ရိုရိုမေးသည်။

"သခင် အဘယ်ကြောင့် ကြံမှိုင်ပါသလဲ"

"မေးမှ မေးရက်ပလေတယ်၊ မကြံမှိုင် ခံနိုင်ရိုးလား နန္ဒိဝိသာလရယ်။ အသင်ရဲ့ အကြံဉာဏ် အစီအမံကို ယုံကြည် လက်ခံခဲ့လို့ အသပြာတစ်ထောင် ဆုံးရှုံးခဲ့ပါပကော"

"ကြံမှိုင်းမယ်ဆို ကြံမှိုင်ထိုက်ပါတယ် သခင်။ ဒါပေ သိ အကျွန်ုပ်သည် သခင်၏ အိုးခွက်ပန်းကန်တို့ကို နင်းချေ ဖူးပါသလား။ ကျင်ကြီးကျင်ငယ်များ စွန့်ချင်ရာစွန့်ပြီး စည်းမဲ့ ကမ်းမဲ့ ပြုဖူးခဲ့ပါသလား အရှင်"

"မပြု မရှိပါ နန္ဒိဝိသာလ"

"ဒီလိုဖြစ်လျှင်နှင့် အကျွန်ုပ်အား ကောက်ကျစ်သူ ဟူ၍ အဘယ့်ကြောင့် ဆဲ ရေး၍ ပြောဆိုပါသလဲ။ မကောက် ကျစ်ပါဘဲ ကောက်ကျစ်သူဟု ဆဲရေးခံရခြင်းအပေါ် အကျွန်ုပ် မနှစ်ခြိုက်ပါ အရှင်။ ဒီနေရာမှာ အရှင်ပုဏ္ဏား၏ အပြစ်သာ ဖြစ်ပါတယ်။ သခင်သွားပါလော့၊ ဂေါဝိတ္တကသူဌေးနှင့် အသပြာ နှစ်ထောင်စီ (ပထမအကြိမ်ထက် နှစ်ဆ) လောင်းကြေးပြု ပါလော့။

ပုဏ္ဏားသည် သူ၏ နွားတ်ဝသီ အမှားအတွက် နောင်တ ရမိလေသည်။ နန္ဒိဝိသာလနွားလား၏ ဒုတိယအကြိမ် တိုက်တွန်းချက်ကို ယုံကြည်လက်ခံလိုက်ကာ ဂေါဝိတ္တက သူဌေး နှင့် အသပြာနှစ်ထောင်စီ လောင်းကြေးပြုပြန်လေသည်။


စိတ်မကြေပွဲ နွဲကြသည့်ပွဲ ဖြစ်၏။ ပြိုင်ပွဲတွင် ပုဏ္ဏားသည် လှည်းဦး၌ ထိုင်လျက်က နန္ဒိဝိသာလ၏ကျောကို ပွတ်ပေးကာ 'အမျိုးကောင်း နွားလားကြီး သွားပါလော့ ဖေ့သားကြီး ရှန်းလိုက်စမ်းဦး' စသည်ဖြင့် ချိုသာသော နှုတ်သံဖြင့် အသံပေးလျက် မောင်းနှင်လေသည်။

နန္ဒိဝိသာလသည်လည်း ရှိသမျှစွမ်းအားကုန် အားထည့်သုံး၍ လှည်းအစီးတစ်ရာ၏ဝန်ကို ရုန်းဆောင်ကာ လှည်းတန်းမှ နောက်ပိတ်ဆုံးလှည်းဘီးကို ထိပ်ရှေ့ဆုံး လှည်းဘီးရာသို့ ရောက်သည်အထိ ထင်ရှားစွာ ပြသလိုက်လေသည်။

နန္ဒိဝိသာလနွားလား၏ သခင်ပုဏ္ဏားသည် ဂေါဝိတ္တကသူဌေးထံမှ လောင်းကြေးအသပြာနှစ်ထောင်ကို အနိုင်ရရှိလေသည်။ ပွဲကြည့်ပရိသတ်များကလည်း နန္ဒိဝိသာလ နွားလား၏ အားအစွမ်းကို ကောင်းချီးပေးကြလျက် ဝိုင်းဝန်း ဆုချကြသည်။ ဘုရားလောင်း နန္ဒိဝိသာလနွားလား ရရှိသမျှ သောဆုအားလုံးသည်လည်း သခင်ပုဏ္ဏားကသာလျှင် ရရှိပိုင်ဆိုင်သဖြင့် ဘုရားလောင်း နန္ဒိဝိသာလနွားလားသည် သခင်ပုဏ္ဏား၏ ကျေးဇူးအထူးကို ပေးဆပ်နိုင်ခဲ့ပါသတည်း။ ○

(၂၈။ ကုရုဂ်ဝဂ်၊ နန္ဒိဝိသာလဇာတ်)

◆◆◆





ဝက်ကြွားဦးဇာတ်

# ဝက်ကြွားညာဏ်

ရှေးအခါက တောအုပ်ကြီးတစ်ခုအတွင်း၌ ရေအိုင်တစ်ခုကို အမှီပြု၍ တောတိရစ္ဆာန်တို့ နေထိုင်ကြ၏။

တစ်နေ့တွင် ခြင်္သေ့တစ်ကောင်သည် အစာစားပြီးသော် ရေအိုင်သို့လာ၍ ရေသောက်သည်။ ဝက်ကြွား တစ်ကောင်သည်လည်း ရေအိုင်အနီး အစာစားလာရင်း ခြင်္သေ့နှင့် မလှမ်းမကမ်း အနေအထားဖြင့် ဆုံကြသည်။

ခြင်္သေ့က သားကောင်ဖြစ်သော ဝက်ကိုမြင်လျှင် ယနေ့အဖို့ အစားအစာ ဖူလုံသွားပြီဖြစ်၍ နောက်နေ့တွင်မှ ဤဝက်ကို ဖမ်းစားတော့မည်ဟု စိတ်လျှော့လိုက်သည်။ ဝက်က ကြောက်လန့်ပြေးလျှင် နောက်နေ့မလာတော့မည်စိုးသဖြင့် ခြင်္သေ့သည် ဝက်ကို မသိကျိုးကျွန်ပြုကာ အခြားတစ်ဖက်သို့ ရှောင်ထွက်ခဲ့လေသည်။

မိမိကိုယ်ကို အခြောက်တိုက်အထင်ကြီးနေသော ဝက်ကြွားသည် ခြင်္သေ့၏အကြံကို မသိ။ ခြင်္သေ့သည် သူ့အား

တွေ့မြင်ပါလျက် မယုံနိုင်ပြိုင်ရဲသဖြင့် ရှောင်ထွက်သွားပြီဟု မာန်တက်လေသည်။

“အချင်း ခြသေ့်၊ ကျုပ်လဲ အခြေလေးချောင်း သတ္တဝါပါ။ အသင်သည်လည်း ခြေလေးချောင်း သတ္တဝါထဲကပါ။ ကျုပ်အားကြောက်ပြီး အဘယ်ကြောင့် ရှောင်ပြေးပါသလဲ။ ပြန်ခဲ့လေ။ ယှဉ်ပါဦးလော့”

မိုက်မဲသော ဝက်ကြွားသည် သားတို့သနင်းကိုမှ စိန်ခေါ်မိလေပြီ။

“အချင်းဝက်. . . သင်နှင့် ဖက်ပြိုင်ခြင်းဖြင့် ယနေ့ ငါ့အဖို့အကျိုးမရှိ။ ယနေ့မှ ခုနစ်ရက်မြောက်နေ့တွင် ဒီနေရာမှာပင် သင်နှင့်ငါ တွေ့ကြအံ့”

ခြသေ့်သည် ဝက်ကြွားအား ထိုမျှပြောဆိုပြီး ဖဲခွာသွားလေသည်။

ဝက်ကြွားသည် ကြွားဝါလိုသဖြင့် အဆွေခင်ပွန်းများရှိရာသို့ အမြန်ပြန်လာသည်။ ထိုအကြောင်းကို ဝက်သင်းတို့အား ဂုဏ်ယူဝင့်ကြွားစွာ ပြောပြသည်တွင် ဝက်သားအားလုံး ထိတ်လန့်ကုန်ကြပြီး ဝက်ကြွားအား ဝိုင်း၍အပြစ်တင် မောင်းမဲကြလေသည်။

"အသင် မိုက်ပါဘိ ဝက်ကြွားကောင်း။ အသင်သည် မိမိအစွမ်းကိုမှ မသိလေရော့၊ ခုနစ်ရက်ရောက်လျှင် ခြင်္သေ့သည် အသင့်ကိုသာမက ဝက်သင်းတစ်မျိုးလုံးကို မျိုးဖြုတ်ပစ်ချေတော့မည်ကို အသင်မသိလေ"

လျှပ်ပေါ်သော ဝက်ကြွားသည် ယခုမှ နေစရာမရှိလောက်အောင် ကြောက်ရွံ့နေလေပြီ။ ခုနစ်ရက်ရောက်လျှင် သေရမည့်ဘေးကို ကြောက်ရွံ့လျက် ဝက်ကြီးများထံချဉ်းကပ်၍ အကြံဉာဏ်ပေးပါရန် တောင်းခံလေသည်။

ပညာရှိဝက်ကြီးများ တိုင်ပင်ကြည့်ကြ၍ ဝက်ကြွားအား အကြံပေးကြသည်။ ဝက်ကြွားအဖို့လည်း ဝက်ကြီးများပေးသောအကြံအတိုင်း ပြုလုပ်ရန်မှလွဲ၍ အခြားနည်းမရှိတော့ချေ။

ခြင်္သေ့နှင့်ချိန်းဆိုသော ရက်သို့ ရောက်ပါပြီ။

ခြင်္သေ့လည်း ချိန်းဆိုသည့်အတိုင်း ရေကန်သို့ ရောက်ရှိလာပါပြီ။ ဝက်ကြွားလည်း ကတိအတိုင်း ရောက်လာပါပြီ။ ပြိုင်ပွဲမှာ သားဘုရင်နှင့်သားကောင် ကြားရုံမျှနှင့် တစ်ဖက်သတ်ကြီးဖြစ်နေပြီမို့ ခြင်္သေ့အန္တရာယ်ကြောင့် ဝက်ပရိသတ်မှာ မလှမ်းမကမ်းသို့ပင် မသီရဲကြဘဲ ချောင်းမြောင်းကြည့်ရှုနေကြလေသည်။

ခြသေ့ကလည်း ဝက်ကြွားအား ခုန်အုပ်ဖို့ပင် မလောက်ဟု တွက်၏။ လက်ဖြင့်လှမ်းပုတ်ရုံနှင့် ဝက်သည် လွင့်စင်ပြီး အူအပြုံလိုက်ထွက်ကျကာ တစ်ချီတည်း ကိစ္စချောလိမ့်မည်ဟု ဝက်ကြွားရှိရာသို့ ရှေ့ရှုလာသည်။ ဝက်ကြွားကမူ ခြသေ့လာလျှင် လေတင်ဖက်တိုး၍ နေရာယူ ရပ်နေလိုက်သည်။ လှမ်းမြင်ရုံနှင့် ခြသေ့အား ကြောက်ရွံ့သော်လည်း ဣန္ဒြေကမူ မပျက်ချေ။

ဝက်ကြွားရှိရာသို့ ခြေလှမ်းမှန်မှန်နှင့် လာနေသော ခြသေ့သည် ဝက်ကြွားအနီးသို့ပင် မရောက်။ ဝါးနှစ်ပြန်သာသာလောက်အရပ်တွင် ရပ်သွားပြီး သားတို့သနင်းအား အန်တုရဲသော ဝက်ကြွားအား စူးစမ်းကြည့်မိသည်။

ထွိ. . . တန်တော့။ ဝက်ရုပ်ပင် မပေါ်အောင် ကိုယ်လုံးတွင် ဝက်ကြွားလူးကျံထားသည်မှာ ဗွက်ညွန်မဟုတ်။ လူတို့၏မစင်ဘင်ပုပ်များသာတည်း။ မစင်ဘင်ပုပ်ကိုစားသုံး၍ ဗွက်အိုင်ကိုလူးတတ်သော ဝက်သတ္တဝါအဖို့ အကြောင်းမဟုတ်သော်လည်း သားစိမ်းငါးစိမ်းမရလျှင် အစာမစားသော ခြသေ့အဖို့က မစင်ဘင်ပုပ်လူးထားသော ဝက်၏ခန္ဓာကိုယ်သည် ပျို့အန်ချင်စရာ အဝေးကပင် နံစော်နေလေပြီ။

ဝက်ကြွား၏အကြံကို ခြသေ့်မင်း သိရှိလေပြီ။

ဝက်ကြွားသည် ဝက်ပညာရှိကြီးများ ပေးကြသော အကြံဉာဏ်ဖြင့် ရသေ့တို့၏သင်္ခမ်းကျောင်း ကုဋီအိမ်သာသို့ သွားရောက်၍ မစင်ဘင်ပုပ်များကို အထပ်ထပ်လူးကျံကာ အခြောက်ခံထားခဲ့သည်။ ခြသေ့် မလာမီ ကလေးတွင်မှ ဦးအောင်သွားနှင့်၍ ကိုယ်ပေါ်မှ မစင်ခြောက်ဖတ်များကို ဆီးနှင်းပေါက်တို့ဖြင့် နှူးကာ အနံ့ထွက်အောင် ပြုလုပ်ထားခဲ့ခြင်း ဖြစ်သည်။

ခြသေ့်သည် မစင်နံ့ကြောင့် အော်ဂလီဆန်လာပြီး ဝက်ကြွားနှင့် တုဖက်ခြင်းဖြင့် မိမိအားသာ ညစ်နွမ်းမည်ဟု သဘောပေါက်လာသည်။


"အချင်းဝက် သင်သည် အကြံကောင်းကို ကြံပေသည်တကား။ သင့်ကိုယ်အား မစင်များမလူးခဲ့ပါက ခုလောက်ရှိသင့် အသက်မရှိတော့ပြီ။ တစ်ကိုယ်လုံး မစင်တို့ဖြင့် ပုပ်ဟောင်နေသဖြင့် ကိုက်ဖဲ့ဖို့ နေနေသာသာ သင့်အနီးသို့ပင် မကပ်ချင်တော့။ သင်နှင့် စစ်ထိုးခြင်းမပြုပါ။ သင်အနိုင်ယူပါလော့"

ခြသေ့်သည် ဝက်ကြွားအား ဤသို့ပြောဆိုပြီး အဝေးသို့ ရှောင်ထွက်သွားလေသည်။

ဝက်ကြွားသည်လည်း ' ငါအောင်ပြီ၊ ငါအောင်ပြီ' ဟု လက်ခမောင်းခတ်လျက် ဝက်သင်းရှိရာသို့ ပြန်လာသည်။ ဝက်သင်းဆွေမျိုးများမှာ ဝက်ကြွားအား အကြံကောင်း ဉာဏ်ကောင်း ပေးနိုင်ခဲ့သည်ဟု ဝမ်းမသာရဲ။

ခြင်္သေ့သည် တစ်နေ့တွင် ဝက်သင်းရှိရာသို့ ရောက်ရှိလာမည်။ ထိုအခါ ဝက်ကြွား၏အပြုအမူပေါ် အမျက်ထားလျက် ဝက်မျိုး ပြုတ်မည့်အရေး ကြောက်ရွံ့ကြသည့်အလျောက် ထိုအရပ်ကို စွန့်၍ အရပ်တစ်ပါးသို့ ဖဲခွာသွားကြရန် စိုင်းပြင်းကြရရှာသတည်း။ ○

(၁၅၃။ ဒဥဝဂ်၊ သူကရဇာတ်။)



# ဘုန်းကြီးလက်စွဲကျော် ငမော်

ရွာထဲရှိ ဘုန်းတော်ကြီး ကျောင်းသားဟောင်းများထဲတွင် ငမော်တစ်ယောက်သာလျှင် ဆရာတော်ထံ အရောက်အပေါက်များ၏။ ကျန်ကျောင်းသားဟောင်းများမှာ ဆရာတော်အား ငယ်ကြောက်ဖြစ်၍ ကျောင်းကန်ကိစ္စ အစည်းအဝေးခေါ်ခြင်း၊ အလှူည့်ကျ ဆွမ်းအုပ်ပို့ခြင်းကဲ့သို့ အကြောင်းခိုင်လုံမှ ကျောင်းသို့ မဝံ့တဝံ့ လာရဲကြလေသည်။

သူ့အနီး ကပ်ရဲသူ ငမော်ကိုတော့ ဆရာတော်ကလည်း သဘောကျ၏။ ရပ်ရွာနှင့်ပက်သက်သော ကိစ္စများတွင် ကျောင်းသားငယ်များနှင့် မဖြစ်သဖြင့် မကြာမကြာ ကျောင်းသို့ရောက်လာတတ်သော ငမော်ကိုသာ ဆရာတော်သည် အကြောင်းဆုံတိုင်း ခိုင်းစေနေရသည်။

ငမော်ကလည်း ဖင်တအားပေါ့၏။ ဆရာတော်မှို့ မခိုင်းလိုက်နှင့်၊ ဘယ်အချိန်ခိုင်းခိုင်း သူ၏အိမ်အလုပ်ကို ပစ်၍ထားခဲ့တတ်သည်။ သို့သော်လည်း ဆရာတော်သည် ငမော်အား နေရာတကာတော့ မခိုင်းရဲ။ ခက်သည်မှာ ငမော်သည် ဖင်ပေါ့

သလောက် ဆင်ခြင်ဉာဏ်နည်းသဖြင့် အပေါက်အလမ်းမတည့်သည်က များတတ်ခြင်းကြောင့် ဖြစ်ပေသည်။

မနေ့ညနေက ငမော် ကျောင်းသို့ရောက်လာတော့ ဆရာ တော်သည် ရှင်ပြုအလှူပင့်စာများကို စီစဉ်နေသည်။ ငမော် အားမြင်တော့ ရေလယ်ကျွန်းရွာကျောင်းသစ်သို့ အလှူပင့်စာ ပို့ရန် သတိရသွားသည်။

"အတော်ပဲ ငမော်၊ မနက်ဖြန် မင်း. . . ရေလယ်ကျွန်း ကျောင်းသွားပေးစမ်း"

"တင်ပါဘုရား"

နံနက်တွင် ကျောင်းသို့ ငမော်လာသောအခါမှ ပင့်စာနှင့်တကွ မှာစရာရှိသည်တို့ကို မှာလိုက်မည်ဟု ငမော်အား ဆရာတော်က ဘာမှဆက်မပြောတော့ပေ။

နံနက်ရောက်သောအခါ ဆရာတော်သည် ရေလယ်ကျွန်းကျောင်းသစ် ဆရာတော်အား ဆက်ကပ်ရန် အလှူပင့်စာကို အနီးချ၍ စောင့်နေသည်။ ငမော်သည် နံနက် ၉-နာရီထိုးသည်အထိ ပေါ်မလာသဖြင့် ဆွမ်းခံကျောင်းသားများနှင့်ပင် ငမော်၏အိမ်သို့ မှာလိုက်ရသည်။

F.9B

ဆွမ်းခံကျောင်းသားများ ရွာလယ်လောက်ရောက်ချိန် ကျမှ မောင်မင်းကြီးသား ငမော် ကျောင်းသို့ပေါက်ချလာသည်။ မှာလိုက်သော ဆွမ်းခံကျောင်းသားများနှင့် တွေ့ပြီးပြောလိုက်၍ ငမော်ရောက်လာသည် ထင်မှတ်ကာ ဆရာတော်က ငမော်အား ဆီး၍ငေါက်သည်။

"မောင်မင်းကြီးသား ငမော်ရယ်၊ နံနက်စောစော နေမပူခင် ရေလယ်ကျွန်းကျောင်း သွားပေးဖို့ မနေ့က ငါကိုယ်တိုင် ပြောလိုက်တာ မေ့ထားတယ် မဟုတ်လား"

ငမော်ကလည်း ရောက်မဆိုက် မောမောနှင့်ပြန်လျှောက်၏။

"ဟုတ်တယ်လေ ဘုရား။ ဆရာတော်ခိုင်းလို့ သွားပြီးခု . . ပြန်လာတာပဲ"

ဆရာတော်က မျက်လုံးကိုပင့်၍ မျက်မှန်ပေါ်မှ ကျော်ကာ ငမော်အား ကြည့်သည်။

"ဟေ . . . မင်းက ရေလယ်ကျွန်းကျောင်း သွားရအောင် ငါ . . ဘာခိုင်းသေးလို့လဲ မောင်မင်းကြီးသားရဲ့"

"ဟင် . . . ဆရာတော်ပဲ မနက်စောစော ရေလယ်ကျွန်းကျောင်း သွားရမယ်ဆိုလို့ မနက်က ဝေလီဝေလင်း ထ,

သွားတာ ရေလယ်ကျွန်းရောက်တော့ ၇-နာရီခွဲပဲ ရှိသေးတယ်။ ရေလယ်ကျွန်းကျောင်း ဆရာတော်ကို 'ဆရာတော်က လွှတ်လိုက်တာပါ'လို့ လျှောက်တော့ ဆရာတော် ဘာမှာလိုက်သေးလဲ. . တဲ့။ မှာလိုက်တာ မရှိပါဘူး လျှောက်တော့ 'အေးအေး ခုလို ဝင်ဝင်လာခဲ့ပေါ့ကွာ'တဲ့။ တစ်အောင့်လောက် ကြာတဲ့အထိ ဘာမှအမိန့်မရှိတာနဲ့ မုန့်နဲ့ငှက်ပျောသီး ချကျွေးတာ စားပြီး ပြန်လာခဲ့တာ ဘုရား"

ဆရာတော်ကား ငမော်၏ စကားထက်ဝက်ကပင် ပြုံးနေမိပြီး နှုတ်မှအသံထွက်အောင် ညည်းညူမိလေ၏။

"ခက်ပါဘိ ငမော်ရယ်၊ မင်းမလဲ ဇာတ်နိပါတ်ထဲက တံငါသည် လင်မယားအတိုင်း ပါပဲလား" ○



# လေသံဖြင့် မြေလှန်ရှက်တိုက်သူများ

ရှေးအခါက ဗာရာဏသီပြည်တွင် တံငါသည် လင်မယားသားအမိ သားအဖသုံးယောက် ရှိကြသည်။ တံငါသည်သားအဖတို့သည် နေ့စဉ်ပင် ထုံးအိုင်ကြီး၌ ငါးမျှားကြ၍ မိန်းမသည်မူ အိမ်တွင် ချက်ပြုတ်ကျန်ရစ်လေသည်။

တစ်နေ့တွင် တံငါသည် သားအဖတို့ ငါးမျှားနေကြစဉ် ငါးမျှားချိတ်ကို ငါးဆွဲသဖြင့် တံငါသည်က ငါးမျှားတံကို သုတ်တင်လိုက်သည်။ ငါးဆွဲသော ငါးမျှားချိတ်မှာ ငါးကို မမိဘဲ ရေအောက်ရှိ သစ်ငုတ်ကျိုးတစ်ခု၌ သွားရောက်ချိတ်မိနေကာ ငါးမျှားကြိုးကို ဆွဲတင်၍မရ ဖြစ်နေလေသည်။

တံငါသည်သားအဖမှာ ငါးမျှားကြိုး ဆွဲတင်မရသဖြင့် ရောမငါးကြီးတစ်ကောင်ကို မိထား၍ ငါးမျှားချိတ်ကို ဆွဲတင်မရခြင်းဖြစ်မည်ဟု ထင်ပြီး စိတ်ကြီးဝင်လေတော့သည်။ ငါးမျှားချိတ်တွင် မိထားသော ငါးကြီးကို အိမ်သို့ထမ်း၍ ပြန်သွားပါက အရပ်ထဲမှ ဝိုင်းလာမေးကြသော် အိမ်နီးနားချင်းများအား ခွဲဝေ

ပေးရမည်ကို စိုးရိမ်သွားသည်။ အတူပါလာသော သားငယ်အား အိမ်သို့ပြန်ခိုင်း၍ မိခင်လုပ်သူအား အကျိုးအကြောင်းပြောပြပြီး အိမ်နီးနားချင်းများနှင့် ခိုက်ရန်ဖြစ်ထားရန်မှာကြားလိုက်လေသည်။

တံငါသည်လည်း ရောမငါးကြီးအား ငါးမျှားချိတ်ကြိုးပြတ်ပြီး လွတ်သွားမည်ကို စိုးသဖြင့် ငါးမျှားကြိုးကို တင်းရုံတင်းထားပြီး လူကိုယ်တိုင် ရေအောက်ငုပ်၍ ဖမ်းယူရန်စီစဉ်သည်။ ကုန်းပေါ်တွင် လုံချည်ကို ချွတ်ပုံထားခဲ့ကာ ရေအောက်တွင် သစ်ငုတ်စွန်းရှိသည်ကို မသိဘဲ ရေအောက်သို့ ငုပ်ချလိုက်လေသည်။ ကံဆိုးရှာသူ တံငါသည်အဖို့ ရေအောက်တွင်ရှိသော သစ်ငုတ်စွန်းနှစ်ခုက ဆီးကြိုနေသဖြင့် သူ၏မျက်လုံးအစုံအား တည့်တည့်ကြီး ထိုးဖောက်ပြီးသား ဖြစ်၍ သွားရှာသည်။

ရောမငါးကို မစဉ်းစားနိုင်။ သွေးသံရဲရဲ မျက်လုံးအစုံကို လက်ဝါးဖြင့်ပိတ်၍ ကုန်းပေါ်သို့ ပြန်တက်ခဲ့သောအခါလည်း တံငါသည်မှာ ကံဆိုးမသွားရာ မိုးလိုက်ရွာဆိုသကဲ့သို့ကြုံရသည်။ ကုန်းပေါ်တွင် ချွတ်ပုံထားခဲ့သော ပုဆိုးအင်္ကျီ တို့ကိုလမ်းကြုံသူခိုးတစ်ဦးက အလစ်သုတ် ဆွဲသွားရှာလေပြီ။

တံငါသည် လွှတ်လိုက်၍ သားငယ် လာပြောသမျှနှင့်ပင် တံငါသည်၏ မိန်းမသည်လည်း ရှေ့သွားနောက်လိုက်

အတိုင်အဖောက်ညီမျှစွာ စိတ်ကြီးဝင်နှင့်ပြီး ဖြစ်လေ၏။ မြင်မြင်သမျှအမြင်ကပ်စေရန် နားတစ်ဖက်၌ ထန်းရွက်နားတောင်းကို ပုံမကျပန်းမကျ ပန်၏။ မျက်လုံးတစ်ဖက်၌ မည်းအိုးကွင်း၏။ ခွေးပေါက်စ တစ်ကောင်ကို ရင်မှာပွေ့လျက် ဟိုအိမ်သည်အိမ် ဝင်၏။


အိမ်နီးနားချင်းများက တံငါသည် မိန်းမအား မျက်စိစပါးမွေးစူးကာ မိန်းမတစ်ယောက်နှင့် စတင်စကားများလေသည်။ အိမ်နီးနားချင်းမိန်းမက တံငါသည်မိန်းမအား 'အရူးမ' ဟုပြောရာ တံငါသည်မိန်းမက 'ငါမရူးဘဲ အရူးမပြောသဖြင့် ရှစ်အသပြာ လျော်ရစေမည်' ဟု ရွာစားထံ တိုင်ကြား၍ တရားဆိုဖြတ်ခံသည်။

ရွာစားသည် နှစ်ဦးနှစ်ဖက် မေးမြန်းပြီး သက်သေများ၏ ထွက်ဆိုချက်များကိုပါ သုံးသပ်ကာ 'တံငါသည် မိန်းမသည် တစ်ပါးသူ မိန်းမများ၏ ပိုင်နက်အတွင်း သွားရောက်ပြဿနာရှာသူဖြစ်သည့်အတွက် ထိပ်တုံးဖွဲ့၍ ပုတ်ခတ်စေ'ဟု တရားဆုံးဖြတ်ချက်ချလေသည်။

သစ်ငုတ်တွင် ငါးများချိတ်ငြိနေသည့် အဖြစ်မှန်ကိုပင် တံငါသည် လင်မယားတို့ မျက်မြင်မတွေ့ကြရသေး။ ဆင်ခြင်

ဉာဏ်နည်းပါးခြင်း၊ ဝန်တိုခြင်း၊ စိတ်ကြီးဝင်ခြင်းတို့ကြောင့် မဆီမဆိုင် ပြုမူမိကြသဖြင့် တံငါသည်လင်မယား သားအမိသားအဖတို့မှာ ဒုက္ခပင်လယ်ဝေရရှာသတည်း။ ○

(၁၃၉။ အသမ္ပဒါနဝဂ်၊ ဥဘတောဘဋ္ဌဇာတ်။)



# ဦးပဥ္စင်း ဖိုးရှုတ်

ဦးပဥ္စင်း ဦးဝိမလအား တစ်ရွာလုံးက ထိုဘွဲ့အမည် မခေါ်ဘဲ ငယ်မည်တပ်၍ 'ဦးပဥ္စင်း ဖိုးရှုတ်' ဟု နှုတ်ကျိုး ခေါ်ဝေါ်နေကြ၏။ ဦးဝိမလကလည်း လူအမည်ဘွဲ့ဖြင့် ခေါ် သည်ကို တစ်စက်မှ မကြိုက်။ ရဟန်းဘွဲ့အမည်ဖြင့် ခေါ်ဝေါ် ရန် လူငယ် လူရွယ်များကို စည်းရုံး၍ ရပါသော်လည်း လူကြီး များကိုကား ပြောင်းလဲမရသဖြင့် ငယ်ရွယ်စိတ်ရှိသော ဦးဝိမလ သည် နေ့တိုင်းနေ့စဉ် ထိုအမည်အခေါ်ခံရတိုင်း မနှစ်သက် နိုင်ဘဲ ရှိလေသည်။

မိမိဇာတိရွာတွင် ဆက်လက်နေထိုင်ပါက ဤသို့ဤ နှယ် ငယ်မည်အားဖြင့် ခေါ်ဝေါ်နေကြခြင်းကို ပြင်၍ရတော့ မည်မဟုတ်ဟု ဦးဝိမလထင်မိလေသည်။ ကံအားလျော်စွာပင် ဦးဝိမလသည် တော်ခြားရွာ ကျောင်းတစ်ကျောင်းသို့ ကျောင်း စောင့်အဖြစ် ပြောင်းရွှေ့၍ သီတင်းသုံးနေထိုင်ရန် ကြုံလာ သဖြင့် ဒီတစ်ခါတော့ ငယ်မည်ပျောက်လောက်ရဲ့ဟု တွေး၍ ကျေနပ်မိသေး၏။ သို့သော်လည်း တကယ်တန်းတွင် ဦးဝိမလ ထင်သလို မဟုတ်ပါ။

ဦးဝိမလရှိရာသို့ ဇာတိရွာမှ ဆွေမျိုးသားချင်းများ အလည်အပတ် လာကြသည့်အခါ ကျောင်းပေါက်ဝမှာ က တည်းက 'ဦးပဋ္ဌင်း ဖိုးရှုတ် ကျောင်းမှာရှိရဲ့လား'ဟု မေး၍ ရောက်လာကြသည်။ တစ်ဦးစနှစ်ဦးစ ဦးဝိမလ၏ ငယ်မည်ရင်း ကို သိသွားကြရာမှ ရင်းနှီးသူများက စတင်ခေါ်ဝေါ်ကြရင်း နောက်တော့ အားလုံး၏နှုတ်တွင် ' ဦးပဋ္ဌင်းဖိုးရှုတ်' ဖြစ်ကုန် ကြလေသည်။

ဦးဝိမလ လူထွက်ပါပြီ။

ရဟန်းပဋ္ဌင်းဘဝ မပျော်ပိုက်၍ လူဝတ်လဲလာတော့ 'ကဲ. . . ဒီ မကြိုက်လှတဲ့ နာမည်ပျောက်ပေရော့'ဟု စိတ်သစ် လူသစ် နာမည်သစ် ရွေးချယ်၍ အမည်မှည့်သည်။ ဦးပဋ္ဌင်း လူထွက်သည် ၁၂-နှစ်သား၁၂၁က ရှင်သာမဏေဝတ်ခဲ့သူ ဖြစ်၍ လူမှတ်ပုံတင် မပြုလုပ်ရဘဲ ရဟန်းဘဝ သာသနာဝင် ကတ်ပြားပြ၍ မှတ်ပုံတင်ပြုလုပ်ရာတွင် နာမည်နေရာ၌ 'မောင် လွင်ဆန်းသူ' ဟု ကဗျာဆန်ဆန် ခေတ်မီမီ နာမည်ပေးခဲ့သည်။

စိတ်သစ်လူသစ် အသွင်သစ် နာမည်သစ်ပင် ဘယ်သို့ သစ်ပါသော်ငြားလည်း ပတ်ဝန်းကျင်ကား အသစ်မဟုတ်ပေ။ ပဋ္ဌင်းလူထွက်သည် နိုင်ငံသားမှတ်ပုံတင်စာရင်းမှာသာ 'မောင် လွင်ဆန်းသူ'ဟု အမည်ပါရှိသော်ငြားလည်း မိမိရွာ၌ ကျောင်း

သားဘဝတုန်းက ကျောင်းသားဖိုးရှုတ်၊ ရှင်သာမဏေဘဝမှာ ကိုရင်ဖိုးရှုတ်၊ ရဟန်းဘဝ၌ ဦးပဥ္စင်းဖိုးရှုတ်ဟု နာမည်တွင်ခဲ့ပြီးမှ ယခုတစ်ဖန် ပြန်လည်၍ လူဖြစ်လာတော့ 'မောင်လွင်ဆန်းသူ' ဖြစ်ချင်၍ မရတော့ပြီ။

ပဥ္စင်းဘွဲ့အမည် ဦးဝိမလဖြစ်ပြီး မောင်လွင်ဆန်းသူဟုနိုင်ငံသားမှတ်ပုံတင် ပြုလုပ်ထားသူ မောင်ဖိုးရှုတ် လူဝတ်လဲ၍ သိက္ခာချထားလင့်ကစား တစ်ရွာလုံးက 'ဦးပဥ္စင်းဖိုးရှုတ်' ဟူ၍သာ ခေါ်ကြလေသည်။ ○



# မောင်သက်ရှည် အသက် ၂၄-နှစ်

ရှေးအခါက တက္ကသိုလ်ပြည်တွင် ဒိသာပါမောက္ခ ဆရာကြီးအထံ၌ အရပ်လေးမျက်နှာမှ လာရောက်ကြသော မင်းညီမင်းသား သူဌေးသူကြွယ်သား အသည်သား ကုန်သည် သားစသည်ဖြင့် တပည့်ကျောင်းသား ငါးရာတို့သည် ဗေဒင် ပညာရပ်များကို ဆည်းပူးလျက် ရှိကြလေသည်။ ထိုတပည့်များ ထဲတွင် (ဝသလ) အမည်ရှိသော တပည့်တစ်ဦးလည်း ပါဝင် လေသည်။

မောင်ဂသလအဖို့ ကျောင်းတွင် စားသောက်နေထိုင် ရေးအတွက် ဘာပြဿနာမှမရှိ။ ပညာဆည်းပူးရာမှာလည်း အခက်အခဲ တစ်စုံတရာမရှိ။ သို့သော် ခက်သည်မှာကား သူ၏ နာမည်ဖြစ်လေသည်။ သည်နာမည်မှာ မိဘများပေးထားသော ငယ်နာမည်ဖြစ်ပြီး ပဉ္စပွတ်နှင့် ဆပွတ်ခေါ် ဗေဒင်ကိန်းခန်း . နည်းအရလည်း အပြစ်ဆိုစရာမရှိသော နာမည်ဖြစ်သည်။ သို့ သော် မောင်ဝသလသည် သူ၏ ငယ်နာမည်ကို ဘယ်သို့မှ မကြိုက်နိုင်ဘဲ ဖြစ်၍နေလေသည်။

ဝသလဟူသော ပါဠိစာလုံး၏ အဓိပ္ပါယ်မှာ (ဆိုးသူ၊ ယုတ်မာသူ၊ ညစ်ပတ်သူ၊ မကောင်းသူ)ဟု အနက်ထွက်နေသည်။ အတန်းထဲတွင် ဆရာက(မောင်ယုတ်မာ) ဟုအတန်းစစ်ခေါ်ပြီဆိုလျှင် 'ရှိပါတယ်' ဟုထူးရတိုင်း နောက်ပြောင်ခံရသည်။ အတန်းသား ရင်းနှီးသူများက မင်းနာမည် ဘယ်သူလဲဟု အမေးခံရပါက မိမိကိုယ်ကို နှိမ့်ချလျက် (ငယုတ်မာ)ဟုပင် ပြန်ပြန် ဖြေဖြေနေရသည်။

သည်တော့ မောင်ဝသလသည် သူ၏အမည်ကို ဘယ်နည်းနှင့်မှ မကြိုက်နိုင်တော့ပေ။ မိမိ၏ ငယ်နာမည်ပင် ဖြစ်လင့်ကစား ပြောင်းမှ ဖြစ်တော့မည်ဟု ဒိသာပါမောက္ခ ဆရာကြီးအား ဆွေးနွေးတိုင်ပင်ကြည့်သည်။ ဆရာကြီးကမူ မိဘပေးသော ဗေဒင်အရ နေ့နံကိုက်နာမည်ကို မပြောင်းစေချင်ပေ။ ထို့ကြောင့်ပင် ဒိသာပါမောက္ခဆရာကြီးသည် မောင်ဝသလအား နာမည်လေ့လာရေးခရီး စေလွှတ်လိုက်လေသည်။

"အသင်သွားချေ၊ ဇနပုဒ်တောရွာအနှံ့ လှည့်လည်ပြီး၍ ပြန်လာသောအခါ သင် ကြိုက်နှစ်သက်သော နာမည်ကို ပြောင်းပေးပါမည်။ မင်္ဂလာရှိသော အမည်တစ်ခုကိုသာ အမောင်ရှာခဲ့လော့"

မောင်ဝသလသည် ရိက္ခာထုပ်ကိုယူ၍ နာမည်ရှာခရီး လှည့်လာခဲ့ရာ မြို့တစ်မြို့သို့ ရောက်ရှိလေ၏။ ထိုမြို့သို့ မောင်ဝသလရောက်ခိုက် လမ်းမပေါ်တွင် သင်္ချိုင်းကုန်းသို့ အသုဘချလာသူများနှင့် ပက်ပင်းတိုးသည်။

မောင်ဝသလက အကျိုးအကြောင်း စပ်စုလိုက်သည်။

"ခုသေတဲ့ သူရဲ့နာမည်က ဘယ်လိုခေါ်ပါသလဲ မိတ်ဆွေ"

အသုဘချလာသူများအနက် အမေးခံရသူက ဖြေ၏။

"သက်ရှည်၊ ဟိုခေါင်းမှာ ရေးထားတဲ့စာ ဖတ်ကြည့်ပါလား။ မောင်သက်ရှည် အသက်(၂၄-နှစ်)တဲ့"

မောင်ဝသလကပင် တောင်းပန်လိုက်သည်။

"ဩော်. . . ဟုတ်သားပဲ။ ဒါနဲ့ဗျာ သက်ရှည်ဆိုပြီး ဘယ်နှယ့်ကြောင့် သေရသလဲဗျာ"

လူအားလုံးက မောင်ဝသလအား 'သူရူးနှင့် တွေ့နေရသလား'ဟူသော အကြည့်ဖြင့် ဝိုင်းအုံကြည့်လျက် နောက်ပြောင်ကြသေးသည်။

"ဒီမှာမိတ်ဆွေ. . သက်ရှည်လဲသေတာပဲ၊ သက်မရှည်လဲ သေတာပဲ ကိုယ့်လူ။ လူအားလုံးဟာ သေမျိုးချည်းပဲဟာကိုး"

မောင်ဝသလ မှတ်သားထားလိုက်သည်။

ဆက်လက်၍ မြို့အတွင်းသို့ ဝင်လာသော မောင်ဝသလသည် အိမ်တစ်အိမ်ရှေ့ရောက်သော် အဝတ်အစား နွမ်းပါးပါး ဝတ်ဆင်ထားသော မိန်းမတစ်ဦးအား ကြိုးဖြင့်တုတ်၍ ရိုက်ပုတ်နေကြသည်နှင့် ကြုံပြန်သည်။

မလှမ်းမကမ်းမှ ဝိုင်းကြည့်နေသူများထဲ၌ စနည်းနာကြည့်မိသည်။

"ဒီမိန်းမ ဘာပြုလို့ အရိုက်ခံနေရရှာတာလဲ"

"ကြွေးမပေးနိုင်လို့တဲ့ဗျာ။ သံသရာမပါအောင် အရိုက်ခံနေတာပေါ့ဗျာ"

"သူ့နာမည် ဘယ်လိုခေါ်ပါသလဲဗျာ"

"မငွေးကြွယ်"

"အင်း. . မငွေးကြွယ်က ကြွေးမဆပ်နိုင်လောက်အောင် မွဲရသတဲ့လား"

"အို. . . မငွေးကြွယ်လဲ မွဲသဗျ၊ မဆင်းရဲလဲ မွဲသဗျ"

မောင်ဝသလသည် ထိုအကြောင်းကိုလည်း မှတ်ခဲ့ပြီး၍ ထိုမြို့မှ ထွက်ခဲ့ပြန်၏။

လမ်းခရီးတွင် ခရီးလမ်းဆုံတစ်ခု၌ ခရီးသွားတစ်ဦးနှင့် တွေ့သည်။ ထိုသူမှာ နှစ်ကြိမ်သုံးကြိမ် လမ်းမှားမျက်စိလည် နေသဖြင့် မောင်ဝသလပင် အရှေ့ အနောက် တောင်မြောက် ခွဲ၍ လမ်းမှန်ကို ညွှန်ပြပေးလိုက်ရသည်။ မောင်ဝသလသည် ခရီးသွားရင်း ထိုသူနှင့် စကားလက်ဆုံကျလျက် မိတ်ဆွေ ဖြစ်သွားကြ၏။

လမ်းခွဲခါနီး၌ မောင်ဝသလက စ,မေးသည်။

"ခရီးသွားရင်း ခုလိုဆုံဆည်းရတာ ဝမ်းသာပါတယ်ဗျာ။ ဒီက နောင်ကြီးရဲ့ နာမည်က"-

"ကိုလမ်းပြ"

မောင်ဝသလက မျက်လုံးကိုလှန်၍ ခရီးသည်အား ကြည့်သည်။

"ဘာလဲ ကျုပ်နာမည် ကိုလမ်းပြလို့ဆိုပြီး မျက်စိလည် နေလို့ ခင်ဗျားက ကြည့်တာလား။ ဟား ဟား. . . ကိုလမ်းပြလဲ မျက်စိလည်တာပဲဗျို့။ ကျုပ်အဖေ ဦးခရီးဆိုရင် ကိုယ့်အိမ် ပြန်တာတောင် သူများခြံဝင်းထဲ အပေါက်မှားဝင်တာ ခဏ ခဏပဲ"


ဦးခရီး၏သား ကိုလမ်းပြသည် ရယ်မောပြောဆို ထွက် ခွာသွားလေသည်။

သည်မှာပင် မောင်ဝသလ (မောင်ယုတ်မာ) သည် သူ၏ခရီးစဉ်ကို ရှေ့မဆက်တော့ဘဲ နောက်ကြောင်းပြန်လှည့်သည်။

တက္ကသိုလ်ပြည်ရှိ ဒိသာပါမောက္ခဆရာကြီးထံသို့ ပြန်ရောက်တော့ မောင်ဝသလမှာ ဒေသန္တရ လူမှုဗေဒနှင့် ဗဟုသုတတို့ အတန်ပြည့်စုံခဲ့ပြီ။ ဒိသာပါမောက္ခဆရာကြီး၏ အဆုံးအမတွင် ရင့်ကျက်ခဲ့ပြီးနောက် သူ၏ငယ်နာမည်ကို ပြောင်းလဲမှည့်ခေါ်ရန် မကြိုးစားတော့ပေ။

စင်စစ် နာမည်ဟူသည် ခေါ်ဝေါ်စရာ နာမပညတ်အားဖြင့် မှည့်ခေါ်မှုဖြစ်၍ ဗုဒ္ဓဘာသာဝင် တစ်ဦးအဖို့ ပစ္စုပ္ပန် သံသရာ နှစ်ဖြာသောအကျိုး ပွားတိုးစေမည့် ကာယကံ ဝစီကံ မနောကံတို့ကိုသာ ထိန်းသိမ်းကျင့်ကြံ နေထိုင်ကြရန်သာလျှင် အရေးကြီးပေသတည်း။

(၉၇။ လိတ္တဝဂ်၊ နာမသိဒ္ဓိဇာတ်။)



## မောင်ရှင် နှစ်ပါး

ရွာဦးကျောင်းသို့ ပို့အပ်၍ ရောက်ရှိလာကြသော ကိုရင်ကျောင်းသားများသည် စရိုက်အမျိုးမျိုးနှင့် ရွာဦးကျောင်း သို့ ရောက်ရှိလာကြ၏။ မိဘမျိုးရိုး၏ သန္ဓေပါဗီဇအရ လည်း ကောင်း၊ ပတ်ဝန်းကျင် လူနေမှုဘဝမှ အတုယူကူးစက်ခဲ့၍ လည်းကောင်း တစ်ဦးနှင့်တစ်ဦး စရိုက်ချင်းအသွင်ချင်း မတူ တတ်ကြပေ။

အပြောအဆို အနေအထိုင် ယဉ်ကျေးသိမ်မွေ့ခြင်း၊ ဆရာသမားအား ကြောက်ရွံ့ရိုသေတတ်ခြင်းနှင့် ကျောင်း စည်းကမ်းကို လိုက်နာတတ်ခြင်း စသည်တို့ကဲ့သို့ ကောင်းသော အကျင့်စရိုက် ပါလာသူများအတွက်ကား မိဘဆရာသမားများ မှာပါ ဂုဏ်တက်ကာ ဝမ်းသာကြရသည်။ ကျောင်းစည်းကမ်းကို ဘေးဖယ်ထား၍ ဆရာသမားအား ထော်လော်ကန့်လန့်ပြု တတ်ခြင်း၊ ကျောင်းသားအချင်းချင်း မကြာခဏ ခိုက်ရန်ဖြစ် တတ်ခြင်း၊ မကြာခဏ ကျောင်းပြေးတတ်ခြင်း စသည့်စရိုက် ဆိုးများအတွက်မူ မိဘများလည်း မျက်နှာမကောင်းရသည့်

အပြင် ဆရာသမားမှာလည်း သူ့အတွက်နှင့် နေ့စဉ်ရင်လေး နေရတတ်ပေသည်။

ရွာဦးကျောင်း ဘုန်းတော်ကြီးများသည် အကျင့်စာရိတ္တကောင်းမွန်သော တပည့် ကိုရင်ကျောင်းသားများကို သင်ကြားမှုအရလည်းကောင်း၊ ကျောင်းစည်းကမ်းအရ လည်းကောင်း မျက်နှာပေးတန်ပေးရသည်။ အကျင့်စာရိတ္တ ကောင်းမွန်မှုမရှိသော တပည့်လူဆိုးကလေးများ အတွက်ကား သွန်သင်ဆုံးမပေးကြရသည်။ စရိုက်မတူသည်ကို အတင်းဆွဲစပ်၍ မဖြစ်နိုင် သကဲ့သို့ အချို့အချို့သော ကိစ္စများတွင် ခွင့်လွှတ်ထားရပြီး မမြင်ဟန်ပြုတန်ပြုရသေးသည်။

ရွာဦးကျောင်း ဘုန်းတော်ကြီး၏ တပည့်များထဲတွင် တစ်ခါတစ်ခါ လူလိမ္မာလူပါးကလေးများ ရောပါလာတတ်သည်လည်း ရှိသည်။ ထိုသူငယ်မျိုးသည် ပညာရေးတွင် ဉာဏ်တော်ပြီး အခြားအရေးများ၌လည်း ပါးပါးနပ်နပ် ရှိလှသဖြင့် ဘုန်းတော်ကြီး၏ အချစ်တော်စာရင်း ဝင်တတ်လေ့ရှိ၏။ ဘုန်းတော်ကြီးသည်လည်း တပည့်လူလိမ္မာ လူပါးကလေးများအား ရိုးရိုးသားသား လိမ္မာပါးနပ်ကြစေရန် လမ်းပြပေးရလေသည်။

ရှေးသရောအခါက ဖြစ်၏။

ရွာဦးကျောင်းဆရာတော်တွင် ကိုရင်ငယ်နှစ်ပါး ရှိသည်။ နှစ်ပါးစလုံးပင် ဉာဏ်တော်ကြသဖြင့် ဘုန်းတော်ကြီး၏ ချစ်ခင်နှစ်သက်ခြင်း ခံရလေသည်။ သို့သော်လည်း ကိုရင်နှစ်ပါးသည် စရိုက်လက္ခဏာချင်းမူ မတူကြချေ။

ကိုရင်တစ်ပါးကား ဘာမဆို အေးအေးဆေးဆေး လုပ်ကိုင်တတ်ပြီး တာဝန်ကို လေးစားလေ့ရှိသည်။ ကိုရင်တစ်ပါးကမူ ဆရာသမားရှေ့မှောက်တွင် အပိုးကျိုးသလောက် ဆရာသမားမျက်ကွယ်သည်နှင့် တာဝန်ကို ပစ်ချတတ်လေ့ရှိသည်။

ဥပမာ- ဘုန်းတော်ကြီးရေချိုးရန် ရေခပ်ခြင်း၊ ရေပူရေအေးစပ်ခြင်းမျိုး၌ တာဝန်လေးစားတတ်သူ မောင်ရှင်ကရွက်ဆောင်ပြီး ဘုန်းတော်ကြီး၏ ရေချိုးခန်း၌ ရေသနုပ်၊ ဆပ်ပြာခွက်၊ မျက်နှာသုတ်ပဝါတို့ကို ကိုင်၍ ရှေးဦးစွာ ရောက်နှင့်တတ်သူမှာ ပျာပျာသလဲ မောင်ရှင်ဖြစ်သည်။ ထိုမျှသာမက ပျာပျာသလဲ မောင်ရှင်သည် ကျောင်းတွင် သန့်ရှင်းရေးပြုလုပ်ခြင်း၊ ထင်းဖြတ်ခြင်းကဲ့သို့ ပင်ပင်ပန်းပန်း အလုပ်များ ရှိခဲ့လျှင် ဘုန်းတော်ကြီးထံပါး၌ ဝတ်ကြီးဝတ်ငယ် ပြုသလိုလိုနှင့် နောက်ကျမှ ရောက်ရှိလာတတ်လေသည်။

မောင်ရှင်နှစ်ပါး၏ စရိုက်လက္ခဏာ နှစ်မျိုးကို ဆရာဘုန်းတော်ကြီးအနေနှင့် အကဲခတ်မိပါသော်လည်း အခွင့်

အချိန်အခါ မရောက်သေးရကား ဆုံးမသွန်သင်ခြင်း မပြု သေးဘဲ ခေါင်းထဲ၌သာ မှတ်သားထားခဲ့လေသည်။

တစ်နေ့တွင် ပျာပျာသလဲ မောင်ရှင်အား ဆုံးမရန် အခွင့်အခါ ပေါ်လာလေသည်။ တစ်ခြားမဟုတ်၊ ပျာပျာသလဲ မောင်ရှင်သည် သူနှင့်ဆန့်ကျင်ဖက် တာဝန်လေးစားသည့် မောင်ရှင်၏ ပညာပြမှုကို ခံလိုက်ရရှာသည်။

တာဝန်လေးစားသူ မောင်ရှင်သည် ဆရာ ဥပဇ္ဈာယ် အတွက် နေ့စဉ် ထုံးစံအတိုင်း ချိုးရေများကို စဉ့်အိုးကြီးအပြည့် ထည့်ထားသည်။ ရေအေးနှင့် စပ်ရန် ရေနွေးကိုလည်း အသင့် ပြင်ဆင်ထားရှိသည်။ သို့သော် ရေများကို ရေချိုးခန်းတွင်းရှိ စဉ့်အိုးများတွင် မထည့်ထားဘဲ ရေချိုးခန်းနောက်၌ စဉ့်အိုး များဖြင့် သီးသန့်ထားရှိသည်။

ဥပဇ္ဈာယ်ဆရာ ရေချိုးချိန် ရောက်ပါပြီ။

ပျာပျာသလဲ မောင်ရှင်သည် ထုံးစံအတိုင်း ဆပ်ပြာ, မျက်နှာသုတ်ပဝါတို့ကို ယူလာခဲ့ပြီး ရေချိုးခန်းမှ စောင့်ဆိုင်းနေ နှင့်သည်။

ဥပဇ္ဈာယ်ဆရာက 'ရေမိုးအဆင်ပြေပြီလား' ဟု အမိန့်ရှိ မေးမြန်း သည်ကိုလည်း ရေပူရေအေး အဆင်သင့် ရောစပ်ထားပြီး ဖြစ်ကြောင်း ပျာပျာသလဲ လျှောက်သည်။

ဥပဇ္ဈာယ်ဆရာက ရေချိုးတော့အံ့ဟု စဥ့်အိုးအဖုံးဖွင့်လိုက်သောအခါမှ ဘွားဘွားကြီး ပေါ်လာသည်။ စဥ့်အိုးတွင်း၌ ရေဆိုလို့ ဖင်ကပ်ပင်မရှိ။ ပျာပျာသလဲ မောင်ရှင်သည် နောက်စဥ့်အိုးတစ်လုံး၌ ရှိမည်ဟု အခြား စဥ့်အိုးတစ်လုံးကို ပျာပျာသလဲ ဖွင့်ပြပြန်သည်။ အိုးအတွင်း၌ ရေအေးလည်း မရှိ။ ရေပူလည်း နတ္ထိ။

ဥပဇ္ဈာယ်ဆရာ၏ရှေ့၌ ပျာပျာသလဲ မောင်ရှင်ခမျာ အကြီးအကျယ် အရှက်ကွဲလေပြီ။

ထိုအချိန်တွင်မှ မျက်ကွယ်မျက်အောက် တာဝန်ကျေသူ မောင်ရှင် ရောက်လာပြီး ရေချိုးခန်းနောက်၌ ရေများ ပြင်ဆင်ထားပါကြောင်း၊ ရေပူ ရေအေး အဆင်သင့် ရှိပါကြောင်း လျှောက်တင်သည်။

ဥပဇ္ဈာယ် ဆရာသည် တာဝန်ကျေသူ မောင်ရှင်၏ အစီအမံကို သဘောပေါက်ပြီး ပြုံးတော်မူ၏။

ထို့နောက် ရေချိုးရင်းပင် မောင်ရှင်နှစ်ပါးအား ဆုံးမဩဝါဒ ပေးလေသည်။ မနောကံခေါ် စိတ်စေတနာသည် အရေးကြီးပြီး တကယ့် စိတ်စေတနာမျိုးမှာ မျက်မှောက် မျက်ကွယ် ခွဲခြားမှု မရှိအပ်ကြောင်းနှင့် ရှေ့တွင်တစ်မျိုး နောက်ကွယ်တစ်မျိုး အကျင့်မှာ ကြီးပွားချမ်းသာကြောင်း

မဟုတ်ဘဲ ဘုရားရှင်လည်း မကြိုက်သဖြင့် ငယ်ရွယ်စဉ်ကပင် လက်ခံထားထိုက်သော အကျင့်မဟုတ်ကြောင်း ဆုံးမသြဝါဒ ပေးလေသတည်း။ ○

(ဓမ္မပဒ၊၄။ ဗာလဝဂ်၊ မဟာကဿပထေရ သဒ္ဓိဝိဟာရိကဝတ္ထု။)


------------

# ရွှေကျောင်းပျော်စာပေ

မှ

ဗုဒ္ဓယဉ်ကျေးမှု မြန်မာ့ရိုးရာ
ထေရဝါဒဓမ္မအမြင်
ကောင်းနိုးရာ စာစုများကို
ဖော်ညွှန်း ထုတ်ဝေလျက် ရှိပါသည်။

ထုတ်ဝေသူ
ဒေါ်ဌေးဌေးဝင်း(၀၄၁၁၅)
၈၅၊ အနော်မာအရှေ့(၁)လမ်း၊ သာကေတ၊ ရန်ကုန်မြို့.
ဖုံး ၅၄၇၀၉၉



- ဗုဒ္ဓမွေ ယဉ်ကျေးမှုရင်ခွင်မှာ နွေးထွေးမိစေဖို့
- ရိုးစင်းသန့်စင်သော ရိုးရာဒဿနအတွေးအမြင်ကို စေ့ငု ခြေရာခံမိစေဖို့
- ပြုံးထေ့ရသမှ မြန်မာမှုဆင့်ပွားသုတများ ရင်မှာ စွဲပိုက်ပွားသစ်မိစေဖို့
- လူကြီးမိဘ ဆရာသမားတို့၏ ဂုဏ်ကျေးဇူးကို လေးစား ရိုကျိုးစေ၍

  အမျိုးဘာသာ သာသနာ ချစ်ခင်စိတ် စွဲခိုင်စေဖို့

ဘုရားကျောင်းကန်ဝန်းကျင်မှ

ရွှေကျောင်းပျော် ဟာသရသပုံဝတ္ထုများ



တင်အောင်ထွန်း | သုတေသန |

ရွှေကျောင်းပျော် ဟာသရသပုံဝတ္ထုများ ( ၅ ) တင်အောင်ထွန်း | သုတေသန |